ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 13 August 2017 (၉၀၁၅)


# ယနေ့အထိကြုံတွေ့နေရသည့် ပြည်တွင်းစစ်ပွဲများ၊ မူးယစ်ဆေးဝါးပြဿနာများသည် နိုင်ငံတော်၏ အကြီးမားဆုံးစိန်ခေါ်မှုများဖြစ်

# ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition)၏ **ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ဆွေးနွေးပွဲ**ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ ကျင်းပသည်။

**စာတမ်းရှင်ဆွေးနွေး**

ဆွေးနွေးပွဲတွင် စာတမ်းရှင် **ပါမောက္ခ ဒေါက်တာ Andreas Oberheitmann** က မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကဲဖြတ်အမှတ်ပေးရန်အညွှန်းကိန်း၊ အရှေ့ဂျာမနီ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ဂျာမနီနိုင်ငံပြန်လည်ပေါင်းစည်းရေးမှ ရရှိသည့်သင်ခန်းစာများတွင် ပါဝင်သည့် အကြီးစားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု၏အခန်းကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အုပ်ချုပ်မှုနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာအဖွဲ့အစည်းများ၏ ပြုပြင်ပြောင်းလဲမှု၊ အစိုးရနှင့် အစိုးရပိုင်လုပ်ငန်းများ ပြန်လည်တည်ဆောက်ရေး၊ ငွေကြေးထိန်းချုပ်ရေးစနစ်၊ ဗဟိုဘဏ်လွတ်လပ်မှုရှိရေး၊ ယှဉ်ပြိုင်နိုင်ခွင့်ရှိသော မူဝါဒချမှတ်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် တန်းတူညီမျှအားလုံးပါဝင်နိုင်သောစိန်ခေါ်မှုများ၊ လူတန်းစားကွာဟမှုမရှိရေး၊ အရှေ့ဂျာမနီပြန်လည်တည်ဆောက်ခြင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




# သီလဝါအထူးစီးပွားရေးဇုန်တွင် ကုမ္ပဏီ ၈၀ ကျော် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ထက်ဝက်မှာ ဂျပန်ကုမ္ပဏီများဖြစ်



**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်မြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားကုမ္ပဏီပေါင်း ၈၄ ခု လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ထက်ဝက်မှာ ဂျပန်နိုင်ငံမှ ဂျပန်ကုမ္ပဏီများဖြစ်ကြောင်း ဂျပန်ပြင်ပကုန်သွယ်ရေးအဖွဲ့အစည်း (JETRO) မှ သိရသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဂျပန်လုပ်ငန်းရှင်များက စိတ်ဝင်စားလျက်ရှိပြီး JETRO အနေဖြင့် မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသလို ရင်းနှီးမြှုပ်နှံလိုသောကဏ္ဍများအလိုက် လိုအပ်သည့် သတင်းအချက်အလက်များကို ပေးအပ်လျက်ရှိကြောင်း JETRO Yangon ၏ မန်နေဂျင်းဒါရိုက်တာ မစ္စတာ ဟီရို ယာမာအိုက က ပြောသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❂

**သီလဝါအထူးစီးပွားရေးဇုန်၌ လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိသည့် Ball Asia Pacific (Yangon) Metal Container Ltd. စက်ရုံလုပ်ငန်းခွင်ကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-ဇော်မင်းလတ်)

**ဆင်သားရေကုန်သွယ်မှုဈေးကွက်က ဆင်အမနှင့် သားငယ်များကိုပါ ပစ်မှတ်ထားလာ၍ မြန်မာ့တောဆင်ရိုင်းအနာဂတ် အထူးစိုးရိမ်နေရ**

စာမျက်နှာ - ၁၀

**ဂူအမ်ကျွန်းသို့ ဒုံးကျည်ပစ်လွှတ်မည်ဟု ခြိမ်းခြောက်ပြီးနောက် ဒုံးခွင်းဒုံးများ ဂျပန်တပ်ဖြန့်ထား**

နိုင်ငံတကာ စာမျက်နှာ - ၄


ကြေးမုံ

စာ - ၁၆၊ ၁၇



ပထမ အမျိုးသား အာမခံ

FNI

FIRST NATIONAL INSURANCE

ASSURING PEACE OF MIND, THE ESSENCE OF LIFE

www.fnipublic.com

သောကကင်းဝေး စိတ်အေးစေနိုင် FNI

မော်တော်ယာဉ် အာမခံ
မီး အာမခံ
ငွေသွင်း အာမခံ
လယ်ယာ အာမခံ
ကျန်းမာရေး အာမခံ
ကုန်စည်သယ်ယူပို့ဆောင်မှု အာမခံ

အခြား အာမခံများ

ရန်ကုန်(ရုံးချုပ်) 01-8610661~5
ရန်ကုန်(မရမ်းကုန်းရုံးခွဲ) 01-9666163
မန္တလေး 02-2844525, 09-423687900
မော်လမြိုင် 057-26538, 09-442258990~1
မုံရွာ 071-26281, 09-442258992~3
ပြည် 053-24220, 09-442258994~5

# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တွေ့ဆုံ



**ရန်ကုန် ဩဂုတ် ၁၂**

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr.Chung Sye-kyun ဦးဆောင်သောအဖွဲ့သည် ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သံတမန်ခန်းမကြီး၌ တွေ့ဆုံရာတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် ကူညီပံ့ပိုးပေးထားမှု အခြေအနေများအပေါ် ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က မင်္ဂလာဧည့်ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဆက်လက်၍ ဧည့်သည်တော်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ သွားရောက်ကြည့်ရှုလေ့လာရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်းရေချမ်း၊ ဆီမီးများကို ဆက်ကပ်လှူဒါန်းကာ စေတီတော်မြတ်ကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ယင်းနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး သာသနိကဆိုင်ရာ အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လှိုင်မြို့နယ် အမှတ် (၁၁) ရပ်ကွက် ပြည်လမ်း အမှတ်(၈၂)ရှိ Lotte Hotels & Resorts တည်ဆောက်ပြီးစီးမှုနှင့် ဖွင့်လှစ်ရန်ပြင်ဆင်ထားမှု အခြေအနေများကို သွားရောက်ကြည့်ရှုလေ့လာသည်။

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပွင့်လင်းမြင်သာပြီး တိကျသည့် ရည်မှန်းချက်၊ အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို အထိုက်အလျောက် ကျော်လွှားနိုင်မည်ဖြစ်

❖ **ရှေ့ဖုံးမှ**

အခြေခံအဆောက်အအုံများ၏အခန်းကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနှင့် ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍ၊ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများစသည်တို့နှင့်စပ်လျဉ်း၍ ဖတ်ကြားဆွေးနွေးသည်။

ယင်းနောက် မျက်နှာစုံညီဆွေးနွေးမှု အစီအစဉ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုစီးပွားရေးကော်မတီအဖွဲ့ဝင် ဦးလေးညွှန့်၊ မြန်မာနိုင်ငံမျက်မှောက်ခေတ် ပြုပြင်ပြောင်းလဲရေးအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ အလှည့်ကျအလုပ်အမှုဆောင်ဟောင်း ဒေါက်တာသိန်းဆွေတို့က မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ **ဗဟိုချုပ်ကိုင်သည့်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်**သို့ ခေါင်းစဉ်အပေါ် ဆွေးနွေးကြသည်။

**ဈေးကွက်စီးပွားရေးစနစ်ကူးပြောင်းမှုအဆင့်ပိုမိုများပြား**

ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ တိုက်ရိုက်အသွင်ကူးပြောင်းခဲ့ခြင်း မဟုတ်သည်ကိုတွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကိုကြည့်မည်ဆိုလျှင် လွတ်လပ်ပြီးခါစ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်၊ ဒီမိုကရေစီကို ကူးပြောင်းမှုကာလခေတ်၊ အရပ်သားအစိုးရဒီမိုကရေစီခေတ်စသည်တို့ကို ဖြတ်သန်းခဲ့ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ ဈေးကွက်စီးပွားရေးစနစ်ကူးပြောင်းမှုသည် အဆင့်များပိုမိုများပြားသည်ကို တွေ့ရပါကြောင်း။

ဘာသာရပ်ခေါင်းစဉ်ကို ကြည့်လိုက်သည်နှင့် လူများအနေဖြင့် ဘာကိုသွားမြင်ကြသလဲဆိုပါက တစ်ချိန်က ကျင့်သုံးခဲ့သည့် ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ကို မြင်ကြပါကြောင်း၊ ဗဟိုစီမံကိန်းစနစ်များကိုကျင့်သုံးခဲ့ပြီး အသေးစိတ်စီမံခန့်ခွဲခဲ့ပါကြောင်း၊ နှစ်ရှည်စီမံကိန်းများလည်း ချမှတ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဗဟိုကွပ်ကဲမှုစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်များသည် ကောင်းသည့်အချက်များရှိသကဲ့သို့ မကောင်းသည့်အချက်များလည်းရှိသည်ကိုတွေ့ရပါကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပါက ယခုအချိန်တွင် အခြားသော အာဆီယံနိုင်ငံများနှင့်တန်းတူညီတူ ရောက်နေပြီဟုပြောရမည်ဖြစ်ပါကြောင်း။

> **ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် အစိုးရက စွမ်းရည်ရှိရန် လိုအပ်သကဲ့သို့ ပြည်သူကလည်း စွမ်းရည်ရှိရန် လိုအပ်**

**ထိန်းချုပ်မှုအားနည်းချက်များရှိနေ**

တချို့က ဈေးကွက်စီးပွားရေးစနစ်ကိုသာ ကျင့်သုံးခဲ့မည်ဆိုပါက နေပြည်တော်ကွန်ဗင်းရှင်းစင်တာနှင့် လွှတ်တော်ကဲ့သို့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား တွေ့ရှိပါ့မလားဟု ပြောဆိုခဲ့မှုများရှိကြပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်သည် အားသာချက်များရှိသကဲ့သို့ ထိန်းချုပ်မှုအားနည်းချက်များရှိနေသည်ကိုလည်း တွေ့ရပါကြောင်း ဆွေးနွေးသည်။

မြန်မာနိုင်ငံမျက်မှောက်ခေတ် ပြုပြင်ပြောင်းလဲရေးအဖွဲ့အစည်းဥက္ကဋ္ဌ ဦးမျိုးမြင့်က နိုင်ငံတော်၏ စိန်ခေါ်မှုများကို ကြည့်မည်ဆိုပါက လွတ်လပ်ရေးရချိန်မှ ယနေ့အထိ ကြုံတွေ့နေရသည့် ပြည်တွင်းစစ်ပွဲများ၊ မူးယစ်ဆေးဝါးပြဿနာများသည် အကြီးမားဆုံးစိန်ခေါ်မှုများဖြစ်ပါကြောင်း၊ စီးပွားရေးမျက်နှာစာတွင် ကြည့်မည်ဆိုပါက ပို့ကုန်တန်ဖိုးများ ကျဆင်းနေပါကြောင်း၊ ကုန်သွယ်မှုလိုငွေများပြနေပြီး ပို့ကုန်မှရရှိနေသည့် ဝင်ငွေများသည် ပြည်တွင်းသို့ ပြန်လည်စီးဝင်လာခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ ငွေကြေးလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်နေပြီး ထုတ်လုပ်မှုစွမ်းရည်များ ကျဆင်းနေကာ အထူးသဖြင့် လယ်ယာကဏ္ဍတွင် လယ်မြေနှင့် အလုပ်သမားစွမ်းအားများ ကျဆင်းလျက်ရှိပါကြောင်း။

**ထိထိရောက်ရောက် ထိန်းချုပ်နိုင်မှုမရှိ**

ယနေ့အချိန်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးသည် ထုံထိုင်းနေပါကြောင်း၊ ထုံထိုင်းနေသည်ဆိုပါက ယနေ့စီးပွားရေး ကျဆင်းနေရသည့် အချက်များနှင့် ဆက်နွှယ်နေသည့် ပကတိအခြေအနေမှန်ကိုသိရှိရန်လိုအပ်ပါကြောင်း၊ ပထမဆုံးစိန်ခေါ်မှုမှာ အကန့်အသတ်ဖြစ်နေသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပင်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွှတ်တော်၌ ၂၅ ရာခိုင်နှုန်းသည် တပ်မတော်သားများကရယူထားပါကြောင်း၊ ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနများ၏ အုပ်ချုပ်မှုသည် တပ်မတော်၏ အောက်တွင်ရှိသည့်အတွက် ရဲတပ်ဖွဲ့ဝင်များနှင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသည် အုပ်ချုပ်ရေးတွင် အလွန်အားကိုးရမည့် အဖွဲ့အစည်းများဖြစ်သော်လည်း ထိုအဖွဲ့အစည်းများကို အရပ်သားအစိုးရက ထိထိရောက်ရောက်ထိန်းချုပ်နိုင်မှုမရှိပါကြောင်း။

ထိုအရာသည် အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ဆက်နွှယ်နေသည့် စိန်ခေါ်မှုမှာ စွမ်းရည်နိမ့်ကျနေသည့် ဗျူရိုကရက်ယန္တရားနှင့် အလွန်နက်ရှိုင်းကျယ်ပြန့်နေသည့် အကျင့်ပျက်ခြစားမှုပင်ဖြစ်ပါကြောင်း၊ NLD ပါတီသည် အာဏာမရမီရွေးကောက်ပွဲ မဝင်ခင်ကတည်းက ထိုအချက်များကိုသိရှိပါကြောင်း၊ အာဏာရလျှင် ပြည်သူမျှော်လင့်နေသည့် ပြောင်းလဲမှု၊ ပြည်သူ့အခက်အခဲများကို ဖြေရှင်းရမည်မှာ အာဏာရသည့် အစိုးရတာဝန်ပင်ဖြစ်ပါကြောင်း၊ လိုအပ်သလို လိုအပ်သလောက်မဆောင်ရွက်နိုင်ဘဲ နှောင့်နှေးနေသည်ကို တွေ့ရပါကြောင်း၊ အရေးကြီးဆုံးစိန်ခေါ်မှုမှာ တစ်ယောက်နှင့်တစ်ယောက် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းသည် ကြီးမားသော စိန်ခေါ်မှုပင်ဖြစ်ပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်မှုအားနည်း**

အစိုးရဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုအားနည်းပါကြောင်း၊ ဗဟိုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအကြား၊ ပါတီနှင့်အစိုးရအကြား၊ လွှတ်တော်နှင့်အစိုးရများအကြား ညှိနှိုင်းပေါင်းစပ်မှုမရှိသည့်အတွက် အားလုံးကို ခြုံငုံနိုင်သည့် အစီအမံများချမှတ် ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ ပွင့်လင်းမြင်သာပြီး တိကျသည့်ရည်မှန်းချက်၊ အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက တွေ့ကြုံနေရသည့်စိန်ခေါ်မှုများကို အထိုက်အလျောက် ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း။

အရင်ဆုံး နိုင်ငံ၏စီးပွားရေးကို တည်ငြိမ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးတွင် ဈေးကွက်တည်ငြိမ်အောင်၊ လုပ်သားအင်အားဈေးကွက်နှင့် ငွေလဲနှုန်းတည်ငြိမ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်မှုနှင့် တရားမျှတမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုသည် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဗဟိုစီးပွားရေးကော်မတီအဖွဲ့ဝင် ဦးလေးညွှန့်က ၁၉၆၀ ပြည့်နှစ်က မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် နိုင်ငံရေး၊ စီးပွားရေးမှာ ထိပ်ဆုံးကဖြစ်ခဲ့ပါကြောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ထိုင်း၊ စင်ကာပူ၊ မလေးရှားနိုင်ငံတို့မှာ အဆင့်အတန်းမကွာဟပါကြောင်း၊ ထိုကာလများတွင် မိမိတို့နိုင်ငံ၌ ဗဟိုချုပ်ကိုင်မှုစီးပွားရေးစနစ်ဖြင့် တိုင်းပြည်ကို တည်ဆောက်ခဲ့ပါကြောင်း၊ ၁၉၈၀ ပြည့်နှစ်များတွင် အရှေ့တောင်အာရှနိုင်ငံတော်တော်များများတွင် အာဏာခွဲဝေမှုစနစ်ကို ကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ အထူးသဖြင့် တင်ပြလိုသည်မှာ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အောက်ဆုံးသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ဆောက်ရေးအတွက် ရေရှည်နိုင်ငံရေးမျှော်မှန်းချက်ရှိရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**စဉ်ဆက်မပြတ် လုပ်ကိုင်ရမည့်လုပ်ငန်းဖြစ်**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်ကြိမ်တည်းဖြင့် လုပ်၍မရပါကြောင်း၊ ယင်းလုပ်ငန်းမှာ စဉ်ဆက်မပြတ်လုပ်ကိုင်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အစိုးရကစွမ်းရည်ရှိရန်လိုအပ်သကဲ့လို၊ ပြည်သူကလည်းစွမ်းရည်ရှိရန် လိုအပ်ပါကြောင်း၊ အသွင်ကူးပြောင်းရေးလုပ်ငန်းများတွင် နိုင်ငံတိုင်း၌ အခက်အခဲရှိပါကြောင်း၊ မြန်မာနိုင်ငံက အခြားနိုင်ငံများထက်စိန်ခေါ်မှုများပိုရှိပါကြောင်း၊ ထို့အပြင် စိန်ခေါ်မှုတော်တော်များများမှာ သိက္ခမ်းခင်မင်မှု၊ အဆက်သွယ်ရှိမှုအပေါ် တွင်မူတည်နေပါကြောင်း။



**ပါမောက္ခဒေါက်တာ Andreas Oberheitmann**

**ကောင်းမွန်စွာရင်းနှီးမြှုပ်နှံသည့် ဝန်းကျင်ကောင်းတစ်ရပ်လိုအပ်**

မိမိတို့စီးပွားရေးလောကတွင် မျှော်ဆဈေးကစားမှုရှိခဲ့ပါကြောင်း၊ ယင်းမှာ နိုင်ငံအတွက် ရေရှည်ကောင်းမွန်မှန်ကန်သည့် လုပ်ရပ်မဟုတ်ပါကြောင်း၊ ပုံသေအတွေးအခေါ်ရှိသည့် Mindset မှာလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ နောက်ဆုံးစိန်ခေါ်မှုတစ်ရပ်မှာ နိုင်ငံ၏စီးပွားရေးမှာ Recover မဖြစ်သေးပါကြောင်း၊ သို့ဖြစ်၍ ကောင်းမွန်စွာ ရင်းနှီးမြှုပ်နှံသည့် ဝန်းကျင်ကောင်းတစ်ရပ် တည်ဆောက်ရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ အလှည့်ကျအလုပ်အမှုဆောင်ဟောင်း ဒေါက်တာသိန်းဆွေက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် Time-bound Action Plan ရှိရန် လိုအပ်ပါကြောင်း၊ ထို့အပြင် Public Private Partnership ရှိရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ဆွေးနွေးသူများ ရှင်းလင်းဖြေကြား**

ဆက်လက်၍ တက်ရောက်လာသူများက **ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်**သို့ ခေါင်းစဉ်နှင့်စပ်လျဉ်း၍ သိလိုသည်များကိုမေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ စာတမ်းရှင်များ၊ ပါဝင်ဆွေးနွေးသူများ၊ ပြည်တွင်း၊ ပြည်ပ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လေ့လာသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

■

# အိန္ဒိယဒုတိယသမ္မတသစ် ကျမ်းသစ္စာကျိန်ဆို



**နယူးဒေလီ ဩဂုတ် ၁၂**

အစိုးရအဖွဲ့ဝင် ဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ အမ်ဗန်ကီယာနိုင်ဒူးသည် အိန္ဒိယနိုင်ငံ၏ ဒုတိယသမ္မတသစ်အဖြစ် ဩဂုတ် ၁၁ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းကျမ်းသစ္စာကျိန်ဆိုပွဲကို မြို့တော် နယူးဒေလီရှိ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရာနတ်စ်ကိုဗန်၏ ရာစတရာပါတီ ဘာဂဝမ်အိမ်တော်၌ စီမံကျင်းပပြီး အခမ်းအနားကို ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၊ အတိုက်အခံကွန်ဂရက်ပါတီခေါင်းဆောင် ဆိုနီရာဂန္ဒီနှင့် အခြားအစိုးရတာဝန်ရှိသူများ တက်ရောက်ကြသည်။

အသက် (၆၈)နှစ်အရွယ်ရှိ အမ်ဗန်ကီယာ နိုင်ဒူးသည် ကျမ်းသစ္စာခံယူပြီးနောက် တစ်ရက်အကြာတွင် ငါးနှစ်ကြာ ဒုတိယသမ္မတရာထူးသက်တမ်းကို နှစ်ကြိမ်တိုင် ထမ်းဆောင်ခဲ့သည့် ဟာမစ်အန်ဆာရီ၏ ဒုတိယသမ္မတရာထူးနေရာတွင် စတင်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

နိုင်ဒူးသည် အတိုက်အခံညွန့်ပေါင်းအဖွဲ့က ရွေးချယ်ယှဉ်ပြိုင်သည့် ဒုတိယသမ္မတလောင်း ဂိုပယ်ခရစ်ရှနာဂန္ဒီကို ဩဂုတ် ၅ ရက်တွင် ကျင်းပသော ဒုတိယသမ္မတရွေးချယ်ပွဲတွင် ထောက်ခံဆန္ဒမဲ ၂၇၂ မဲ အသာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂိုပယ်ခရစ်ရှနာဂန္ဒီသည် နိုင်ငံအရှေ့ပိုင်းရှိ အနောက်ဘင်ဂေါပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အထူးထင်ရှားသည့် ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ မြေးတော်စပ်သူဖြစ်သည်။

နိုင်ဒူးသည် အိန္ဒိယနိုင်ငံ၏ အာဏာရပါတီ ဘာရာတီယာဂျာနာတာပါတီ၏ အစိုးရအဖွဲ့အစောပိုင်းကာလတွင် မြို့ပြဒေသဖွံ့ဖြိုးရေးဌာန ဝန်ကြီးအဖြစ် နှစ်နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

**ဆင်ဟွာ။**

■

# ဂူအမ်ကျွန်းသို့ ဒုံးကျည်ပစ်လွှတ်မည်ဟု ပြုံယမ်းကြေညာပြီးနောက် ဒုံးခွင်းဒုံးများ ဂျပန်တပ်ဖြန့်ထား



**ကျိုတို ဩဂုတ် ၁၂**

မကြာသေးမီရက်များအတွင်း မြောက်ကိုရီးယားနိုင်ငံက အမေရိကန်ပြည်ထောင်စု၏ ပစိဖိတ်ဒေသရှိ ဂူအမ်ကျွမ်းကို ဒုံးကျည်ပစ်လွှတ်ရန် ပစ်မှတ်ထားသည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ၏အနောက်ဘက်ပိုင်းဒေသများတွင် ဒုံးခွင်းဒုံးများ တပ်ဖြန့်ချထားကြောင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အာဏာပိုင်များက မီဒီယာများအား ယနေ့ပြောကြားခဲ့သည်။

အကယ်၍ မြောက်ကိုရီးယားအနေဖြင့် ဒုံးကျည်ပစ်လွှတ်ပါက အမေရိကန်ပြည်ထောင်စု၏ ဂူအမ်ကျွန်းပေါ်သို့မကျရောက်မီ ဂျပန်နိုင်ငံ၏ စီရင်စုသုံးခုဖြစ်သည့် ရှီမာနီ၊ ဟီရိုရှီးမားနှင့် ကိုချီတို့ကို ဖြတ်ကျော်ရမည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားက ၎င်း၏ ဒုံးကျည်ပစ်လွှတ်မည့် အစီအစဉ်ကို ယခုလအလယ်ပိုင်းတွင် အဆုံးသတ်စီစဉ်မှုများ ချမှတ်လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ဖွဲ့၏ ကြားဖြတ်တိုက်လေယာဉ်တပ်ဖွဲ့ PAC3 က အဆိုပါစီရင်စုသုံးခုသို့ ရောက်နှင့်ကာ တပ်ဖြန့်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်ခတ်မှုဆိုင်ရာ လှုပ်ရှားမှုများနှင့်ပတ်သက်ပြီး အဆက်မပြတ်စောင့်ကြည့်လျက်ရှိသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး ရေတပ်ဖွဲ့က ဂျပန်ပင်လယ်သို့ စစ်သင်္ဘောတစ်စင်း စေလွှတ်ခဲ့သည်။ အဆိုပါသင်္ဘောတွင် တာဝေးပစ်ဒုံးကျည်များကို ဝေဟင်အတွင်း ပစ်ခွင်းနိုင်စွမ်းရှိသည့် ရေဒါစနစ်ပါရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ထိုင်းနိုင်ငံအရှေ့ပိုင်းတွင် လောင်စာဆီတင်ယာဉ် မီးလောင်၊ လူနှစ်ဦးသေဆုံး

**ဗန်ကောက် ဩဂုတ် ၁၂**

ထိုင်းနိုင်ငံအရှေ့ပိုင်း ရာရောင်းပြည်နယ်တွင် ဩဂုတ် ၁၂ ရက်က လောင်စာဆီတင်ယာဉ်တစ်စီး မီးလောင်ကျွမ်းမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

ဩဂုတ် ၁၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခန့်တွင် ယင်းမတော်တဆမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ လောင်စာဆီတင်ယာဉ်သည် မော်တော်ဆိုင်ကယ်တစ်စီးကို တိုက်မိခဲ့ပြီးနောက် ၎င်းလောင်စာဆီကားမှ ဘီးတစ်လုံးကွဲကာ လမ်းဘေးသို့ရုတ်တရက်ကွေ့လိုက်ရာမှ တိမ်းမှောက်သွားခဲ့ပြီး ကြီးမားသော ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု သတင်းများ၌ ဖော်ပြသည်။

ယင်းမတော်တဆဖြစ်ရပ်ကြောင့် လူနှစ်ဦးသေဆုံးကြောင်း ထိုင်းရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

လောင်စာဆီတင်ယာဉ်မှ ယာဉ်မောင်းနှင့် ၎င်း၏အကူတစ်ဦးတို့သည် တိမ်းမှောက်သွားသည့် ကား၏တံခါးမှ အပြင်သို့ခုန်ထွက်ရန် ကြိုးစားသော်လည်း ၎င်းတို့လွတ်မြောက်ခြင်းမရှိမီ ရေနံတင်ယာဉ်မှာ ပေါက်ကွဲသွားပြီး မီးတောက်မီးလျှံများ တောက်လောင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်ဟု သတင်းမီဒီယာများ၌ ဖော်ပြသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီး သေဆုံးသွားသူနှစ်ဦးမှာ မည်သူမည်ဝါတို့ဖြစ်ကြောင်း ရဲအဖွဲ့က ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

**ဆင်ဟွာ။**

# အိန္ဒိယနိုင်ငံ ဆေးရုံတစ်ရုံ၌ ကလေးငယ် ၃၀ ခန့် ရုတ်တရက်သေဆုံး



**နယူးဒေလီ ဩဂုတ် ၁၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ယူတာပရာဒေ့ရှ် ပြည်နယ်အတွင်းရှိ ဆေးရုံတစ်ရုံ၌ ကလေးငယ် ၃၀ ခန့် ရုတ်တရက် သေဆုံးမှုဖြစ်ပေါ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အိန္ဒိယအာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အတွင်း ဂိုရာခ်ရှ်ပါမြို့ ပြည်သူ့ဆေးရုံတစ်ရုံ၌ ဆေးကုသမှုခံယူနေကြသည့် အသက် (၅)နှစ်မှ (၁၂)နှစ်အတွင်းရှိ ကလေးငယ်များသည် တစ်ယောက်ပြီးတစ်ယောက် ရုတ်တရက် သေဆုံးခဲ့ကြောင်း ဒေသန္တရ အာဏာပိုင်များက ဆိုသည်။

သေဆုံးခဲ့သည့် အဆိုပါကလေးငယ်များသည် ခြင်ကြောင့်ဖြစ်ပွားသော ဦးနှောက်အမြှေးရောင်ရောဂါကူးစက်ခံစားနေသည့်အတွက် ဆေးရုံ၌ ဆေးကုသမှုများ ခံယူနေကြစဉ် ယခုကဲ့သို့ ရုတ်တရက်သေဆုံးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဒေသန္တရ အာဏာပိုင်များက ပြောကြားသည်။

ကလေးငယ်များ သေဆုံးသည့် အကြောင်းရင်းမှာ ဆေးရုံတာဝန်ရှိသူများအနေဖြင့် ငွေပေးချေမှု ကြန့်ကြာသည့်အတွက် အောက်ဆီဂျင်အရည်ပေးပို့သည့် ကုမ္ပဏီက ဆေးရုံသို့ အောက်ဆီဂျင်အရည်ပေးပို့မှုကို ရပ်ဆိုင်းပစ်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဒေသန္တရ အာဏာပိုင်တချို့က ထင်ကြေးပေးပြောကြားခဲ့သည်။

ယူတာပရာဒေ့ရှ် အစိုးရက အဆိုပါကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

■

# ရန်ကုန်တိုင်းဒေသကြီး ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး ကျောင်းပြင်ပမူလတန်း ပညာရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မုဒိတာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွက် အလွန်အရေးပါသော ပညာရေးလုပ်ငန်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းနေအရွယ် ကလေးအားလုံး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားဘဲ အရည်အသွေးရှိသည့် ကျောင်းပညာရေးကိုသင်ယူခွင့် အခွင့်အရေးရရှိရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကျောင်းအဆင့်တိုးပေးခြင်း၊ ကျောင်းသားဦးရေများ တိုးပွားလာသည့်အတွက် လိုအပ်သည့် ဆရာ ဆရာမများ၊ စာသင်ခန်းများ၊ ကျောင်းဆောင်များ၊ သင်ထောက်ကူပစ္စည်းများကို ခွင့်ပြုဘဏ္ဍာငွေများပေါ်မူတည်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယမန်နှစ် ပညာသင်နှစ်တွင် ကျောင်းသားဦးရေ သုံးသိန်းနီးပါး တိုးတက်လာပါကြောင်း၊ ယခုနှစ်တွင် Grade 1 အတွက် ကျောင်းသုံးဖတ်စာအုပ် ရေးသားပြုစုခြင်းကို JICA နှင့် ပူးပေါင်းဆောင်ရွက်ပြီး လာမည့်နှစ်တွင် Grade 2 ကျောင်းသုံးဖတ်စာအုပ်အသစ်များကို သင်ကြားသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူတိုင်း အခြေခံပညာ သင်ယူပြီးမြောက်ရမည်ဖြစ်ပြီး မူလတန်းနှင့် အလယ်တန်းပညာကို ဆက်လက်သင်ယူရမည် ဖြစ်ပါကြောင်း၊ အလယ်တန်းပညာ သင်ယူပြီးမြောက်ပြီး သက်မွေးပညာသင်တန်းကျောင်းများမှ ကျွမ်းကျင်မှုရရှိမှသာ ကျွမ်းကျင်မှုနှင့်ကိုက်ညီသည့် အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးမှတာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး အုတ်စီသင်တန်း၊ သံချည် သံကွေးသင်တန်း၊ ဝါယာရိန်းသင်တန်း၊ အပ်ချုပ်သင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လှိုင်သာယာစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်များတွင် ဒေသလိုအပ်ချက်များကို အထောက်အကူပြုမည့် လူငယ်မောင်မယ်များကို ပြုစုပျိုးထောင်ပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြက ကျောင်းပြင်ပမူလတန်းပညာရေး အကောင်အထည်ဖော်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးများအား မြို့နယ်ကြီးကြပ်မှု ကော်မတီတာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးက ကျောင်းပြင်ပ ပညာရေးတွင် သင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များနှင့် ခဲတံများပေးအပ်ရာ ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်အောင်မြင်ပြီး အလယ်တန်းပညာ ဆက်လက်သင်ယူနေသော ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာမြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်းများသို့ ရောက်ရှိပြီး စာသင်ခန်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် မီဒီယာအခန်းကဏ္ဍဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition)၏ **မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွင် မီဒီယာအခန်းကဏ္ဍ ဆွေးနွေးပွဲ**ကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ ကျင်းပသည်။

မျက်နှာစုံညီဆွေးနွေးမှု အစီအစဉ်တွင် DW Akademie မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Isabella Kurkowski က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာတိုင်းမ်အယ်ဒီတာချုပ် Mr. Kavi Chong-kittavorn၊ မီဒီယာလွတ်လပ်ခွင့် ပြည်ပကျွမ်းကျင်ပညာရှင် Mrs. Dunja Mijatovic နှင့် မြန်မာသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းတို့က မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ **မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွင် မီဒီယာအခန်းကဏ္ဍ** ခေါင်းစဉ်အပေါ် ဆွေးနွေးကြသည်။




မြန်မာတိုင်းမ် အယ်ဒီတာချုပ် Mr. Kavi Chongkittavorn က မီဒီယာသည် တိုင်းပြည်၏ ရန်သူမဟုတ်ပါကြောင်း၊ ခင်မင်ရင်းနှီးမှုရှိရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွက် တိုင်းပြည်၏ အသံကို နိုင်ငံတကာသို့ ဖော်ပြနိုင်ရန် အရေးတကြီး လိုအပ်နေပါကြောင်း၊ မီဒီယာပေါ်လစီအတွက် Mindset ကို ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ Access to Information ကို နိုင်ငံသားတိုင်း ရပိုင်ခွင့်ရှိပြီး သတင်းသမားအတွက်သာ ရရှိသည့် အထူးအခွင့်အရေး မဟုတ်ပါကြောင်း၊ Diversity သည် အင်အားသာဖြစ်ပါကြောင်း၊ Diversity နှင့် ပတ်သက်၍ သတင်းရေးသားဖော်ပြမှုများ ရှိရမည်ဖြစ်ပါကြောင်း၊ မီဒီယာနှင့် ဆက်စပ်နေသူများသည် မီဒီယာကို ကောင်းမွန်စွာ ထိန်းညှိဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သတင်းသမားများသည် ပြည့်စုံသည့်သူများ မဟုတ်သည့်အတွက် အမှားရှိနိုင်ပါကြောင်း၊ သို့သော် သတင်းသမားများအနေဖြင့် မှန်ကန်မှုရှိစေရန် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မီဒီယာလွတ်လပ်ခွင့် ပြည်ပကျွမ်းကျင်ပညာရှင် Mrs. Dunja Mijatovic က မြန်မာနိုင်ငံကဲ့သို့ အသွင်ကူးပြောင်းစ နိုင်ငံများတွင် တွေ့ကြုံရသည့် အခြေအနေများကို နားလည်ပါကြောင်း၊ အကူးအပြောင်းကို တည်ဆောက်ရသည်မှာ ခက်ခဲပါကြောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေသည် အခြားနိုင်ငံများ၏ အခြေအနေနှင့် ကွဲပြားမှုရှိပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအတွက် မီဒီယာ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ မီဒီယာသည် ရန်သူမဟုတ်ပါကြောင်း၊ မိတ်ဆွေသာဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာကို အသုံးချနိုင်ရမည် ဖြစ်ပါကြောင်း၊ မီဒီယာနှင့် ပတ်သက်၍ Regulation များကိုလည်း တည်ထောင်ရမည်ဖြစ်ပြီး Code of Conduct ကို လိုက်နာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မီဒီယာသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မီဒီယာအနေဖြင့် အစိုးရကိုထောက်ခံရမည်ဟု မဆိုလိုသော်လည်း ပါဝင်ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ မီဒီယာ၏ လွတ်လပ်ခွင့်ကိုလည်း အစိုးရက ဖော်ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ အချင်းချင်းယုံကြည်မှုသည် အရေးကြီးပြီး အတူတကွပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မီဒီယာများအနေဖြင့် ခိုင်မာမှုရှိစေရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ မီဒီယာသည် လူ့အဖွဲ့အစည်းအတွင်း ပြဿနာများပေါ်ပေါက်စေရန် လုပ်ဆောင်ခဲ့သည်များကို လေ့လာတွေ့ရှိရပါကြောင်း၊ ပြည်သူအတွက်လည်း အကျိုးမရှိနိုင်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းမျိုးသည် Freedom of Experssion ဟူ၍ မဆိုနိုင်ပါကြောင်း၊ မီဒီယာဆိုသည်မှာ လူ့အဖွဲ့အစည်းကို အကျိုးပြုရမည်ဖြစ်ပါကြောင်း၊ အစိုးရဘက်မှ အခြေအနေအားလုံးကို မီဒီယာသို့ ပွင့်လင်းစွာပြောကြားရန် လိုအပ်သကဲ့သို့ မီဒီယာဘက်မှလည်း အခြေအနေမှန်ကိုဖော်ပြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

မြန်မာသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းက တိုင်းပြည်တော်တော်များများတွင် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါကြောင်း၊ မြန်မာနိုင်ငံတွင် အခြားတိုင်းပြည်များထက် ပိုမိုရင်ဆိုင်ရပါကြောင်း၊ နိုင်ငံတကာ၏ အာရုံစိုက်မှုကိုလည်းခံရပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် မီဒီယာကဏ္ဍကို ကြည့်မည်ဆိုပါက မီဒီယာက စတုတ္ထမဏ္ဍိုင်ဖြစ်ပြီး မဏ္ဍိုင်သုံးခုကို ထိန်းညှိရပါကြောင်း၊ မီဒီယာ၏ တာဝန်ဝတ္တရားသည် အရေးကြီးသကဲ့သို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်မှုကလည်း အရေးကြီးပါကြောင်း။

မီဒီယာ၏ တာဝန်ဝတ္တရားသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ပိုမိုချောမွေ့စေရန် ဖြစ်နိုင်သမျှ ငြိမ်းချမ်းအောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ မီဒီယာကဏ္ဍအနေဖြင့် ပြည်သူလူထု၏ Mindset များကို ပြောင်းရန်လိုပါကြောင်း၊ မြန်မာမီဒီယာ၏ လက်ရှိတာဝန်ဝတ္တရားသည် International Image ကို လုံခြုံအောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ Ethnic နှင့် ပတ်သက်၍ နိုင်ငံတကာတွင် ဖော်ပြနေသည့် Report များသည် Sensitive Issue များကို သတင်းယူနေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ အာရုံစိုက်မှုကို စွဲဆောင်နေပါကြောင်း၊ ဒေသတွင်းမီဒီယာက မလွှမ်းမိုးနိုင်သည့်အတွက် နိုင်ငံတကာ အသိုက်အဝန်းက တကယ့်အခြေအနေကို နားလည်အောင် မလုပ်နိုင်ပါကြောင်း၊ မီဒီယာလွတ်လပ်ခွင့်မရှိသည့်အတွက် ဖြစ်ပါကြောင်း၊ အတွေ့အကြုံနှင့် Professional Skill မရှိသည့်အတွက်ဖြစ်ပါကြောင်း။

ဥပဒေအချို့သည် ဂျာနယ်လစ်များကို ခြိမ်းခြောက်နေပါကြောင်း၊ အစိုးရဌာနများမှ သတင်းရယူရေးသည်လည်း ဂျာနယ်လစ်များအတွက် အခက်အခဲဖြစ်နေပါကြောင်း၊ အဟန့်အတားဖြစ်နေသည့် ဥပဒေများကို ဖျက်သိမ်းနိုင်ရေးနှင့် ဥပဒေအသစ်များကိုရေးဆွဲပြီး ဂျာနယ်လစ်များကို ပံ့ပိုးနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ မီဒီယာကဏ္ဍကို တဖြည်းဖြည်း တိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင်သာမက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လုံခြုံအောင် မီဒီယာက ဆောင်ရွက်နိုင်ပါကြောင်း၊ မီဒီယာများအနေဖြင့် Professional ဖြစ်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **(သတင်းစဉ်)**

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မီဒီယာသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မီဒီယာအနေဖြင့် အစိုးရကို ထောက်ခံရမည်ဟု မဆိုလိုသော်လည်း ပါဝင်ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ မီဒီယာ၏ လွတ်လပ်ခွင့်ကိုလည်း အစိုးရက ဖော်ဆောင်ပေးရမည်**

# အက်ဖ်ဒီအိုင်ကို လုပ်ကြံခြင်း သတိပြု

## စောနိုင်(အသုံးချဘောဂဗေဒ)

အချိန်အခါက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအောက်မှာ စီးပွားရေးအခြေအနေ ပြန်လည်ဦးမော့လာရေး ထင်သလောက် ခရီးမပေါက်သေးတဲ့ အချိန်၊ ဖြည့်ဆည်းစရာတွေရှိနေသေးတဲ့ အချိန်။ ဒီလိုအချိန်မျိုးမှာ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေကလည်း မြန်မာနိုင်ငံဆီလာပြီး ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ကြ၊ ရှေ့မတိုး နောက်မဆုတ် ဆန္ဒ ဒွိဟဖြစ်နေကြတာ ထူးဆန်းတဲ့ ကိစ္စတော့ မဟုတ်ပါဘူး။ လူထုအစိုးရကတော့ ငြိမ်းချမ်းရေးပန်းတိုင်ကိုရောက်ရှိဖို့ မျက်ခြည်မပြတ် အားထုတ်ဆောင်ရွက်ရင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်လာစေရေးကို တစိုက်မတ်မတ်ဆောင်ရွက်နေဆဲ၊ လူထုအများစုအတွက်ကတော့ စီးပွားရေးအခြေအနေ ကောင်းမွန်လာရေးဟာ ထိပ်တန်းမျှော်လင့်ချက်ဖြစ်နေဆဲ။ ဘယ်လိုပဲဖြစ်ဖြစ် အားလုံးကတော့ နိုင်ငံ့စီးပွားရေးပြန်လည်ဦးမော့လာပြီး စီးပွားရေးတိုးတက်မှုတွေ ပုံမှန်ဖြစ်ထွန်းလာစေဖို့၊ လက်တွေ့ကျကျ ချောမွေ့အဆင်ပြေတဲ့ စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖြစ်ထွန်းလာစေဖို့ဆိုတာတွေကို ဆက်လက်စိတ်ကူးနေကြဆဲဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကို ဝင်ခဲ့တာတော့ လေးလကျော် ငါးလနီးပါးရှိခဲ့ပြီ။ ဒီနှစ်မှာလည်း အပေါင်းလက္ခဏာတွေ ထပ်ပြီးမျှော်လင့်ခဲ့ကြပြန်ပါပြီ။ ဝင်ငွေနည်း ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုများပြားလာပြီး ဝင်ငွေပမာဏ အရင်ကထက် ပိုပြီးမြင့်မားလာတဲ့ အခြေအနေတွေ၊ စီးပွားရေးလုပ်ငန်း အသေး၊ အလတ်၊ အကြီးတွေ အားလုံး လုပ်ကိုင်ရ အဆင်ပြေချောမွေ့ပြီး အကျိုးဖြစ်ထွန်းမှု ပိုမိုကောင်းလာတဲ့အခြေအနေတွေကို မြင်ချင်၊ ကြားချင်နေကြပါပြီ။ သက်ဆိုင်ရာဌာနတွေကလည်း ကြိုးစားအားထုတ်ပြင်ဆင် ဆောင်ရွက်နေကြတာရှိပါတယ်။ ဒါတွေနဲ့တင် မရသေးပါဘူး။ စီးပွားရေးအဆောက်အအုံထဲမှာ လက်တွေ့ကျကျ တကယ်လိုအပ်နေတဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(အက်ဖ်ဒီအိုင်-FDI)ကို ဖြည့်ဆည်းပေးနိုင်ဖို့ အဓိက အရေးကြီးနေပါတယ်။ အက်ဖ်ဒီအိုင်တွေဟာ ငွေကြေးအရင်းအနှီးသာမက နည်းပညာတွေ၊ ဈေးကွက်အဆက်အစပ်တွေ၊ သူတို့ကျင့်သုံးနေတဲ့ စီမံခန့်ခွဲမှုနဲ့ ဈေးကွက်ရှာဖွေရေးနည်းလမ်းတွေပါ နိုင်ငံထဲကို ယူလာနိုင်တယ်။ အက်ဖ်ဒီအိုင်တွေ များများလာရောက်မှပဲ နိုင်ငံ့စီးပွားရေးပြန်လည်ဦးမော့လာဖို့နဲ့ ကာလရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် သေချာပေါက် အခြေခံကောင်းတွေရရှိမှာပါ။ ဒါကြောင့်လည်း လူထုအစိုးရရဲ့ ဦးဆောင်မှုအောက်မှာ သက်ဆိုင်ရာဌာနတွေကလည်း အက်ဖ်ဒီအိုင်တွေကို နည်းလမ်းအမျိုးမျိုးနဲ့ ဆွဲဆောင်ခေါ်ယူနေကြတာပဲဖြစ်ပါတယ်။

တစ်နှစ်ကျော်ကာလအတွင်းမှာပဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲထုတ်ပြန်ခဲ့တယ်။ နည်းဥပဒေတွေ ထုတ်ပြန်ပေးခဲ့တယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွက် လမ်းညွှန်စည်းမျဉ်း စည်းကမ်းတွေကိုလည်း ပြင်ဆင်လုပ်ဆောင်ခဲ့တယ်။ ကုမ္ပဏီတွေနဲ့သက်ဆိုင်တဲ့ ဥပဒေကိုလည်း ခေတ်စနစ်နဲ့ လိုက်လျောညီထွေဖြစ်စေဖို့ ပြန်လည်ပြင်ဆင်နေပြီလို့ သိရတယ်။ အက်ဖ်ဒီအိုင်တွေ နိုင်ငံတစ်နိုင်ငံထဲကို မဝင်ရောက်မီ စဉ်းစားတတ်တဲ့ အချက်တွေဖြစ်တဲ့ လုပ်ခ၊ အခွန်အကောက်၊ သယ်ယူပို့ဆောင်ရေးစရိတ်နဲ့ အခြေခံအဆောက်အအုံ၊ ပြည်တွင်းဈေးကွက်အခြေအနေ၊ နိုင်ငံတကာဈေးကွက်တွေနဲ့ ကုန်သွယ်ရေးသဘောတူညီချက်တွေ ချိတ်ဆက်ထားမှု၊ ပါဝင်နေမှုတွေ၊ နိုင်ငံရေးအခြေအနေ၊ ငွေလဲနှုန်းတည်ငြိမ်မှုအခြေအနေ စတာတွေကိုလည်း ထည့်သွင်းစဉ်းစားပြီး ပြင်ဆင်ဆောင်ရွက်နေတာတွေလည်းရှိပါတယ်။ လုပ်ငန်းအမျိုးအစားအပေါ်မူတည်ပြီး စဉ်းစားတာတွေကိုလည်း သတိပြုထားပြီး လိုအပ်နေသေးတာတွေ ထပ်ပြီးဖြည့်စွက်ထည့်သွင်းပံ့ပိုးပေးနိုင်ရေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ မြှုပ်နှံမှုစဉ်းစားနေတဲ့ ရင်းနှီးမြှုပ်နှံသူဆိုရင် ကျန်တဲ့အခြေအနေတွေထက် စရိတ်စက သက်သာမှုကို ဦးစားပေးကြည့်တာမျိုး၊ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ မြှုပ်နှံမယ့်သူတွေကတော့ မက်ခရိုစီးပွားရေးတည်ငြိမ်မှုနဲ့ နိုင်ငံရေးတည်ငြိမ်မှုတွေကို ပိုအလေးထားပြီး ကြည့်တာမျိုး စတဲ့ အခြေအနေတွေကို စဉ်းစားသုံးသပ်တာတွေ၊ အလွယ်တကူ ပြင်လွယ်၊ ပြောင်းလဲ အခြေအနေမျိုးနဲ့ ဖြည့်ဆည်းပေးနိုင်ဖို့ ပြင်ဆင်ထားတာတွေလည်း ပိုမိုလိုအပ်လာပါတယ်။ ဒါတွေအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အပါအဝင် ဆက်စပ်နေတဲ့ အစိုးရဌာနတွေကတော့ အချိန်နဲ့အမျှအားထုတ်နေကြတယ်လို့ သိရတယ်။

ဒီလိုအားထုတ်နေမှုတွေကြောင့် အပေါင်းလက္ခဏာ ပြောင်းလဲမှုတွေနဲ့ နိုင်ငံရပ်ခြားစီးပွားရေးလုပ်ငန်းရှင်တွေ ပိုမိုစိတ်ဝင်စားမှုရှိလာနေပြီဖြစ်တဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဝန်းကျင်မှာ ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်တဲ့ အက်ဖ်ဒီအိုင်တွေရှိနေပြီးဖြစ်သလို ဝင်ရောက်လာဖို့ ပြင်ဆင်နေတဲ့ အက်ဖ်ဒီအိုင်တွေ၊ စိတ်ဝင်တစား သတင်းတွေစုံစမ်းနေတဲ့ အက်ဖ်ဒီအိုင်တွေကလည်း အများကြီး ရှိနေပါပြီ။ ဒါပေမယ့် အက်ဖ်ဒီအိုင်တွေ နောက်တွန့်သွားစေနိုင်မယ့် အခြေအနေတွေ၊ အနုတ်လက္ခဏာပြ သတင်းတွေ ဖြစ်ပေါ်နေတာတွေကလည်း သတိထားစရာ အန္တရာယ်အဖြစ် ရှုမြင်ထားဖို့လိုလာပါပြီ။ အမေရိကန်နိုင်ငံနဲ့ အီးယူနိုင်ငံတွေက အရင်တုန်းကလုပ်ထားတဲ့ သူတို့ရဲ့စီးပွားရေးပိတ်ဆို့မှုတွေကို ပြန်လည်ဖြေလျှော့မှုတွေပြုလုပ်ပြီးတဲ့နောက် မြန်မာနိုင်ငံကို နိုင်ငံတကာက စိတ်ဝင်စားမှုပိုပြီးပြလာတဲ့အချိန်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ စီးပွားရေးဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတွေမှာ ချီးကျူးပြောဆိုမှုတွေ၊ စိတ်ဝင်တစားပြောဆိုမှုတွေလည်း အများကြီး ရှိလာတယ်။ အဲဒီကြားထဲမှာပဲ မြန်မာနိုင်ငံရဲ့ အားနည်းချက်၊ လိုအပ်ချက်များ၊ အနုတ်လက္ခဏာဆောင်တဲ့ ပုံကြီးချဲ့ သတင်းတွေကိုလည်း အရင်ကထက် ပိုပြီးကြားလာရပါတယ်။ ဒီလိုအခြေအနေမျိုးတွေ၊ သတင်းမျိုးတွေ နိုင်ငံတကာပျံ့နှံ့မှုတွေ ဖြစ်နေတာဟာ မကောင်းဘူး။ နိုင်ငံက မျှော်လင့်နေတဲ့ အက်ဖ်ဒီအိုင်စီးဝင်မှုအနာဂတ်အလားအလာတွေကိုလည်း အနည်းနဲ့အများဆိုသလို ထိခိုက်စေတယ်။

လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ အကြံပေးတဲ့သဘော ရေးသားပြောဆိုတာပဲဖြစ်ဖြစ်၊ အက်ဖ်ဒီအိုင်တွေ မဝင်လာစေဖို့ရည်ရွယ်ချက်ရှိရှိ ကြံရွယ်လုပ်ဆောင်နေတာပဲဖြစ်ဖြစ် ဒီလိုအရေးအသားသတင်းမျိုးတွေဟာ နေရာအများကြီးမှာ လူများများ(အထူးသဖြင့် နိုင်ငံရပ်ခြားစီးပွားရေးလုပ်ငန်းရှင်တွေ) သိနေတာထက် သက်ဆိုင်တဲ့အဖွဲ့အစည်းတွေ၊ ဌာနတွေ တိုက်ရိုက်သိရှိပြီး ကြိုတင်ပြင်ဆင်တာ၊ အားထုတ်တာမျိုးတွေ လုပ်ကိုင်နိုင်ဖို့က ပိုအရေးကြီးပါတယ်။ ပြဿနာရှိနေရင်လည်း အခြေအနေကိုသိရပြီး ဖြေရှင်းပေးတာမျိုး လုပ်နိုင်ဖို့ပဲလိုတယ်။ မကောင်းတဲ့အကြောင်းတွေဆိုရင် တကယ်ဖြစ်တာပဲဖြစ်ဖြစ်၊ ဖြစ်ရပ်သေးသေးကို ပုံကြီးချဲ့ပြောတာပဲဖြစ်ဖြစ်၊ တကယ်မဟုတ်ဘဲ သားပုပ်လေလွင့်သတင်းမျိုးပဲဖြစ်ဖြစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ စိတ်ထဲမှာ အနုတ်လက္ခဏာအဖြစ် ယူဆနိုင်တဲ့ ဘယ်သတင်းမျိုးကမဆို နိုင်ငံတကာ နေရာအနှံ့ပျံ့နှံ့သွားခဲ့တာ ဘယ်လိုမှမကောင်းပါဘူး။ အက်ဖ်ဒီအိုင်စီးဝင်မှုအပေါ် ဘယ်လိုမှကောင်းကျိုးမသက်ရောက်နိုင်ဘူး။ ဒါကြောင့် အဲဒီလိုအခြေအနေမျိုးမဖြစ်အောင် ကြိုတင်ဟန့်တားထားနိုင်ဖို့လိုပါတယ်။ နိုင်ငံတကာပျံ့နှံ့သွားပြီးမှ ဖြစ်ရပ်မှန်၊ သတင်းမှန်တို့နဲ့ ပြန်ပြီးချေပရေးသားပြောဆိုလုပ်ကိုင်တာဟာ ထင်သလောက် မထိရောက်ပါဘူး။ ဘယ်လောက်ပဲ လုပ်နိုင်လုပ်နိုင် အတိုင်းအတာတစ်ခုအထိ နိုင်ငံရဲ့ အက်ဖ်ဒီအိုင် ဆွဲဆောင်မှုပုံရိပ်ကို ထိခိုက်စေပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေရဲ့ စိတ်ထဲမှာ သံသယရှိသွားစေနိုင်ပါတယ်။ နိုင်ငံကလည်း အခုမှ အစစအရာရာ ပြင်ဆင်နေရတော့ ပြောစရာတွေ ခပ်များများရှိနေဆဲ အခြေအနေမှာ ရလာနေတဲ့ကောင်းမွန်တဲ့အခြေအနေထက် ပြုပြင်ပြောင်းလဲရေးကာလ လိုအပ်ချက်၊ အားနည်းချက်တွေကိုပဲ ထောက်ပြနေရင်တော့ မြန်မာနိုင်ငံအကြောင်းသိပ်ပြီးရင်းနှီးကျွမ်းဝင်မှုမရှိသေးတဲ့ ရင်းနှီးမြှုပ်နှံသူတွေဆို အဲဒီသတင်းတွေကိုပဲ ကြားသိပြီး နိုင်ငံထဲဝင်ရောက်မြှုပ်နှံဖို့ ပြင်ဆင်နေဆဲ၊ စိတ်ကူးနေဆဲ အခြေအနေတွေကနေ ပြောင်းလဲသွားနိုင်ပါတယ်။

နိုင်ငံ့အက်ဖ်ဒီအိုင်ကို ထိခိုက်နိုင်ခြေရှိတဲ့ အခြေအနေတချို့နဲ့ပတ်သက်ပြီး ပြောရရင် လက်ရှိလုပ်ကိုင်နေတဲ့ အက်ဖ်ဒီအိုင်တွေနဲ့ ဆက်စပ်ဖြစ်ပေါ်လာနိုင်တဲ့ မြေယာကိစ္စတွေ၊ အလုပ်သမား၊ အလုပ်ရှင်ကြားမှာ ဖြစ်ပေါ်လာနိုင်တဲ့ လုပ်ခ၊ လစာ၊ အချိန်ပို ပြဿနာတွေ၊ ထိထိရောက်ရောက် မဖြေရှင်းပေးလို့ နောက်ဆက်တွဲ ဆန္ဒပြ၊ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေ၊ အကြမ်းဖက်ဖျက်ဆီးမှုတွေ အဲဒီသတင်းတွေ၊ ဓာတ်ပုံတွေက နိုင်ငံတကာသတင်းစာမျက်နှာတွေမှာ ပျံ့နှံ့သွားပြီး မြန်မာနိုင်ငံဆီကိုလာရောက်ရင်းနှီးမြှုပ်နှံသူတွေ သိခဲ့မြင်ခဲ့ရင် ဘာဖြစ်သွားနိုင်လဲဆိုတာ စဉ်းစားကြည့်ပေါ့။ ဥပမာပြောရရင် ပြီးခဲ့တဲ့ မတ်လဝန်းကျင်က ဆီဗွဒင်က ကမ္ဘာကျော် နာမည်ကြီးအဝတ်အထည် အမှတ်တံဆိပ်တွေ ထုတ်လုပ်တဲ့ တရုတ်နိုင်ငံသားပိုင် လက်ခစား စီအမ်ပီ အထည်ချုပ်စက်ရုံတချို့မှာ ဖြစ်ခဲ့တဲ့ပြဿနာမျိုး။ ဖြစ်တဲ့အချိန်မှာ ထိထိရောက်ရောက် မရှင်းနိုင်ခဲ့တော့ နောက်ထပ်ဖြစ်လာတဲ့ ပြဿနာတွေနဲ့ပတ်သက်တဲ့ သတင်းတွေ၊ ဓာတ်ပုံတွေ နိုင်ငံတကာ မီဒီယာတွေကတစ်ဆင့် ပျံ့နှံ့သွားခဲ့ရတယ်။ ဒီလိုဖြစ်သွားတာ မကောင်းပါဘူး။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေကြားထဲ ပျံ့နှံ့သွားခဲ့ရင် နိုင်ငံထဲကို ဝင်လာဖို့ အလားအလာရှိနေတဲ့ အက်ဖ်ဒီအိုင်တွေ လမ်းကြောင်းသွေဖည်သွားနိုင်တယ်။ ဝင်လာဖို့ နှောင့်နှေးသွားနိုင်တယ်။ ဒါကြောင့် ကြီးကြီးကျယ်ကျယ်ပြဿနာမဖြစ်ခင် လူသိရှင်ကြားမဖြစ်လာခင် နှစ်ဖက်မျှမျှတတ အေးအေးချမ်းချမ်း ဖြေရှင်းပေးနိုင်ဖို့ အရေးကြီးတယ်ဆိုတာ သတိထားစေချင်တယ်။

နောက်တစ်ခုက မြန်မာနိုင်ငံကို မသိသေးတဲ့၊ မြန်မာနိုင်ငံထဲသို့ မဝင်လာသေးတဲ့ နိုင်ငံရပ်ခြားက ရင်းနှီးမြှုပ်နှံသူတွေ၊ လုပ်ငန်းရှင်တွေကို အကြံပေးသလိုလိုနဲ့ မြန်မာနိုင်ငံအကြောင်းတွေပြောပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု မလုပ်ဖို့ ရေးထားတဲ့ သတင်းတွေ၊ ဆောင်းပါးတွေနဲ့ ပတ်သက်ပါတယ်။ အဲဒီလို သတင်းဆောင်းပါးမျိုး တစ်ပုဒ်ကို ပြီးခဲ့တဲ့ တစ်လလောက်ကတော့ ဘလော့ဂ်တစ်ခုမှာ ဖတ်ခဲ့ရတာပါ။ ဘလော့ဂ်တစ်ခုမှာဆို မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုမလုပ်ပါနဲ့ (Don’t investment in Myanmar, Here’s Why) လို့ ခေါင်းစဉ်တပ်ထားပြီး မြန်မာနိုင်ငံထဲကို ဝင်ရောက်လာမယ့် နိုင်ငံခြားရင်းနှီးသူတွေကို စိတ်ပျက်လက်ပျက်ဖြစ်စေအောင် ရေးသားထားတာကို တွေ့ရပါတယ်။ တစ်ခါ ဒီအကြောင်းကိုပဲ အာရှမီဒီယာကုမ္ပဏီတစ်ခုလို့ပြောတဲ့ ကုမ္ပဏီတစ်ခုရဲ့ ဝက်ဘ်ဆိုက် စာမျက်နှာမှာ Don’t invest in Myanmar, says 25-year-old mogul လို့ သတင်းခေါင်းစဉ်တပ်ပြီး ဖော်ပြထားတာကိုလည်း ထပ်ပြီးတွေ့လိုက်ရပြန်ပါတယ်။ ရှယ်ထားတဲ့သူအရေအတွက်ကလည်း မနည်းဘူး။

ဆောင်းပါးထဲမှာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းဟာ အမှားတစ်ရပ်ပြုလုပ်ခြင်းလို့ ပြောထားပြီး ဘာကြောင့်မှားရသလဲဆိုတာကို အချက် သုံးချက်နဲ့ ထောက်ပြထားပါတယ်။ ပထမအချက်ကတော့ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေဟာ မြေပြင်အခြေအနေမှန်ကို လွှမ်းမိုးနိုင်ခြင်း မရှိတာ၊ လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှုတွေများတာ၊ ဒုတိယအချက်မှာ နိုင်ငံခြားသားများ ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့်မရှိတာတွေ၊ နိုင်ငံခြားသားတွေကို ၄၀ ရာခိုင်နှုန်း ပိုင်ဆိုင်ခွင့်ပြုမယ့် ကွန်ဒိုမီယံဥပဒေကို ၂၀၁၆ ခုနှစ်မှာ ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပေမယ့် အလုပ်မဖြစ်သေးတာတွေလည်း ပြောထားတယ်။ တတိယအချက်မှာတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ အခွင့်အလမ်း စရိတ်သိပ်ပြီး မြင့်မားလွန်းတဲ့အကြောင်း၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရတာ ကမ္ဘောဒီးယားတို့ မွန်ဂိုလီးယားနိုင်ငံတို့ထက် ပိုပြီးအချိန်ယူရတယ်၊ ပိုပြီးအားထုတ်ရတယ်။ မြန်မာနိုင်ငံနဲ့ ဖွံ့ဖြိုးမှုနှုန်း မြင့်မားမှုတူပြီး ဗျူရိုကရေစီယန္တရား ပိုပြီးကောင်းမွန်စိတ်ချရတဲ့ အဲဒီနိုင်ငံတွေမှာ သွားပြီးမြှုပ်နှံဖို့ ညွှန်းထားတဲ့ သဘောမျိုးလည်းပါတယ်။ ဒါတောင်မကသေးဘူး။ ကမ္ဘာ့ဘဏ်ရဲ့ နောက်ဆုံးသုတေသနအစီရင်ခံစာမှာပါတဲ့ Ease of Doing Business Index အကိုးအကားနဲ့ မြန်မာနိုင်ငံဟာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာမှာ လွယ်ကူမှုအဆင့်အနေနဲ့ နိုင်ငံပေါင်း ၁၉၀ မှာ အဆင့် ၁၇၀ ရှိတယ်။ အရှေ့တောင်အာရှမှာတောင် အဆိုးဆုံးဖြစ်တာတွေ ပြောထားပါသေးတယ်။

ဒီတော့ တစ်ဖက်က အပေါင်းလက္ခဏာတွေဖြစ်ထွန်းလာဖို့အတွက် အဆက်မပြတ်အားထုတ်မှုတွေ ရှိနေပေမယ့် အခြားတစ်ဖက်မှာလည်း ဒီလိုအခြေအနေမျိုးတွေနဲ့ အနုတ်လက္ခဏာဖြစ်စေတဲ့၊ အနုတ်လက္ခဏာဆောင်တဲ့ သတင်းမျိုးတွေ ထွက်နေတော့ နိုင်ငံရဲ့ အက်ဖ်ဒီအိုင် အားထုတ်ဆွဲဆောင်မှုတွေအပေါ် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေထားရှိတဲ့ သဘောထားတွေ ကြားရတဲ့သတင်းတွေအမျိုးမျိုးကြားမှာ သဘောထားတွေ ဘယ်လိုရှိနေကြသလဲဆိုတာတွေကို လေ့လာသုံးသပ်ဖို့လိုပါပြီ။ ယခု အက်ဖ်ဒီအိုင် စီးဝင်လာမှုနည်းပါးတာဟာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အနုတ်လက္ခဏာဆောင်တဲ့ သတင်းအမျိုးမျိုးတွေကြောင့် (စောင့်ကြည့်နေဆဲ အနေအထားကြောင့်)လား၊ သက်ဆိုင်ရာဌာနတွေရဲ့ အက်ဖ်ဒီအိုင်တွေ ပိုမိုစီးဝင်လာစေရေး အားထုတ်မှုတော်တော်များများ ပစ်မှတ်မရောက်ဘဲ အဟောသိကံ ဖြစ်သွားတာများလား။ မြန်မာနိုင်ငံထဲကို စီးဝင်မယ့် အက်ဖ်ဒီအိုင်တွေကို လမ်းကြောင်းသွေဖည်စေတဲ့ အခြေအနေတွေကို သတိရှိရပါတော့မယ်။

ပြည်တွင်းမှာ တဖြည်းဖြည်းဖြစ်ထွန်းလာနေတဲ့ အခြေအနေကောင်းတွေကို လုံးဝမဖော်ပြဘဲ လိုအပ်ချက်တွေ၊ အဆိုးတွေကိုပဲ အနုတ်လက္ခဏာထည့်ပြီး ဖြန့်ဝေနေပြီဆိုရင်. .။ ဒီလိုအခြေအနေမျိုးတွေဟာ နိုင်ငံတွင်း စီးဝင်လာမယ့် အက်ဖ်ဒီအိုင်တွေကို ဟန့်တားနေတဲ့သဘောပါပဲ။ ဒီလိုအပြုအမူတွေဟာ နိုင်ငံက လိုအပ်နေတဲ့ အက်ဖ်ဒီအိုင်စီးဝင်မှုကို လုပ်ကြံဖို့ ကြိုးစားနေတာပဲလို့ပြောရင် လွန်တယ်လို့ ထင်ပါသလား။ နိုင်ငံစီးပွားရေးပြန်လည်ဦးမော့လာဖို့ အရေးပါတဲ့ အက်ဖ်ဒီအိုင်အတွက် ဒီလောက်အထိ တွေးဖို့လိုပြီလို့ ပြောပါရစေ။ ဌာနအားလုံး အချိတ်အဆက်မိမိ ဝိုင်းဝန်းအားထုတ်မှ ဖြစ်ပါတော့မယ်။ အက်ဖ်ဒီအိုင် တိုက်ရိုက်ပတ်သက်တဲ့ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေသာမက အက်ဖ်ဒီအိုင်ဆက်စပ်မှုရှိနေတဲ့ ဥပဒေတွေအားလုံး အဆက်အစပ်ရှိရှိနဲ့ ပေါ်ထွက်လာဖို့ဆက်စပ်တဲ့ ဌာနတွေအားလုံးနဲ့ အချိတ်အဆက်မိမိ လုပ်ဆောင်ဖို့ အချိန်တန်ပါပြီ။

ပြည်တွင်းမှာ သက်ဆိုင်ရာဌာနတွေရဲ့ အားထုတ်မှုတွေနဲ့အတူ နိုင်ငံတွင်းက အက်ဖ်ဒီအိုင် သတင်းကောင်းတွေ၊ ဆက်စပ်သတင်းတွေကို နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေထံသို့ ပျံ့နှံ့ရောက်ရှိစေဖို့ နိုင်ငံတကာမှာ ရောက်ရှိနေတဲ့ မြန်မာသံတမန်တွေ၊ စီးပွားရေးသံအရာရှိတွေရဲ့ စွမ်းဆောင်မှုတွေ၊ နိုင်ငံရဲ့ အကျိုးဖြစ်ထွန်းမှုကိုလိုလားတဲ့ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာတွေ၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားကုမ္ပဏီတွေရဲ့ အားကိုလည်း ရယူရမှာဖြစ်ပါတယ်။ လုပ်ကြံတယ်ဆိုတာ တစ်စုံတစ်ရာရှင်သန်မှု ရပ်သွားအောင်ဖြစ်စေ၊ တစ်စုံတစ်ရာချို့ယွင်းပြီး အခက်အခဲဖြစ်သွားအောင် တိတ်တဆိတ် ကြံစည်နေတာမျိုးပါ။ ကျွန်တော်တို့ဆီ စီးဝင်လာဖို့ရှိနေတဲ့ အက်ဖ်ဒီအိုင်တွေ လမ်းမှာတင် လုပ်ကြံမခံရအောင်၊ နိုင်ငံတကာနယ်ပယ်စုံက သတင်းတွေ မပြတ်ရဖို့၊ ပြည်တွင်းက အပေါင်းလက္ခဏာဆောင်တဲ့ သတင်းတွေ မြန်မာနိုင်ငံကို စိတ်ဝင်စားနေတဲ့ ရင်းနှီးမြှုပ်နှံသူတွေဆီရောက်ဖို့ အချိန်နဲ့အမျှ အားထုတ်လုပ်ဆောင်ရပါတော့မယ်။ ပြည်တွင်းမှာ လိုအပ်နေဆဲ (အဓိကအားဖြင့်) လျှပ်စစ်ဓာတ်အားကိစ္စ၊ မြေယာနဲ့ဆိုင်တဲ့ကိစ္စ၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနဲ့ဆိုင်တဲ့ စတဲ့ အက်ဖ်ဒီအိုင်စီးဝင်မှုကို အထောက်အကူဖြစ်စေတဲ့ အင်စတီကျူးရှင်းတွေ အပါအဝင် အခြေအနေအရပ်ရပ်ဖြည့်ဆည်းဖို့ကို တွန်းအားပေးလုပ်ဆောင်ဖို့လိုနေပါပြီ။

ပြည်တွင်းအခြေအနေတွေကို သေသေချာချာ ပြန်ကြည့်ဖို့ဖြစ်ပါတယ်။ ဘာတွေက အက်ဖ်ဒီအိုင်တွေ စီးဝင်မှုကို နှေးကွေးစေတာလဲ။ သက်ဆိုင်ရာဌာနတွေကလည်း ပြည်တွင်း ပညာရှင်တွေ၊ သုတေသီတွေ ထောက်ပြနေတာတွေနဲ့ပတ်သက်လို့ အဆိုးမြင်စိတ်နဲ့ နှလုံးမသွင်းဘဲ သူတို့ထောက်ပြတာတွေဟာ တကယ်ပဲ ဟုတ်တယ်ဆိုခဲ့ရင် နိုင်သလောက်ပြုပြင်လိုက်ဖို့ပါပဲ။ ပြီးရင် အပေါင်းလက္ခဏာ သတင်းကောင်းအဖြစ် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေဆီ ရောက်သွားအောင် အားထုတ်ပါ။ ဒါနဲ့မပြီးသေးဘူး။ ပြုပြင်ပြောင်းလဲရေးကာလတစ်လျှောက် ဖြစ်ထွန်းတိုးတက်နေတဲ့ ပြည်တွင်းအခြေအနေတွေကိုအသုံးပြုပြီး အက်ဖ်ဒီအိုင် မားကက်တင်းကို အဆက်မပြတ်၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ခဲ့ရင်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်တဲ့နေရာမှာသာမက နိုင်ငံထဲကို အက်ဖ်ဒီအိုင်တွေ မလာစေဖို့ အားထုတ်လုပ်ကြံမှုတွေကို ဟန့်တားတဲ့နေရာမှာပါ များစွာအထောက်အကူရမှာ သေချာပါတယ်။ ။

## ပြည်တွင်းရေးရာ

❒ **ကျောဖုံးမှ**

ရလဒ်ကောင်းများရရှိကြောင်း၊ ဆွေးနွေးခဲ့သည့် ရလဒ်များကို နှစ်ဖက်ခေါင်းဆောင်များထံ ပြန်လည်တင်ပြ၍ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် UNFC အနေဖြင့် အမြန်ဆုံးပါလာနိုင်ဖို့ နှစ်ဖက်ပူးတွဲပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (၇)ကြိမ်မြောက် တရားဝင်အစည်းအဝေးကို စက်တင်ဘာလပထမပတ် သို့မဟုတ် ဒုတိယပတ်တွင် ကျင်းပနိုင်ရန် ရည်ရွယ်ထားကြောင်း နှစ်ဖက်ကိုယ်စားလှယ်များက ရှင်းလင်းပြောကြားသည်။

**(မေး)။ အောက်တိုဘာလ ၁၅ ရက်နေ့ဆိုရင် NCA လက်မှတ်ထိုးတာ နှစ်နှစ်ပြည့်မယ်။ အဲဒီအချိန်မှာ UNFC အနေနဲ့ ပါဝင်လာနိုင်မလားဆိုတာ ရှင်းပြပေးပါ။**

**ဦးထွန်းဇော်(ဖြေ)။** ဒါကကျန်ရှိနေသေးတဲ့အချက်တွေ ဆွေးနွေးညှိနှိုင်းမှုပြေလည်မှုအပေါ်မှာမူတည်ပါလိမ့်မယ်။ အဆိုပြုချက် ၉ ချက်မှာကျန်ရှိနေတဲ့အချက်က ၅၊ ၆၊ ၇၊ ၈ ပေါ့။ ဒါကို ကျွန်တော်တို့ တစ်ရက်နဲ့ နေ့တစ်ဝက်ဆွေးနွေးမှုမှာ အားလုံးကို တပေါင်းတစည်းတည်းဆွေးနွေးမယ်ဆိုတဲ့ ပုံစံကို ကျွန်တော်တို့ ရှာထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျန်ရှိနေတဲ့ အချက်တွေက တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေလို့ပဲ ဖြစ်ပါတယ်။ ဒါဟာ ပြီးခဲ့တဲ့ ကာလတွေမှာ အကြိုညှိနှိုင်းဆွေးနွေးမှုတွေရဲ့ ဖြစ်ထွန်းမှုပေါ့။ အဲဒီအကြိုညှိနှိုင်းဆွေးနွေးမှုတွေရဲ့ ဖြစ်ထွန်းမှုတွေက အထောက်အကူပြုလို့ ဒီလိုအနေအထားကိုရောက်တယ်လို့ ပြောလို့ရပါတယ်။

ကျန်ရှိနေတဲ့အချက်ကလည်း ၅၊ ၆၊ ၇၊ ၈ ဆိုပေမယ့်လည်း အဓိကက နိုင်ငံရေးပိုင်းဆိုင်ရာမှာဆိုလည်းပဲ မူဘောင်သုံးသပ်မှုအပိုင်းရှိမယ့်။ တပ်ပိုင်းဆိုင်ရာမှာဆိုရင် JMC ယန္တရားကိုပိုမိုခိုင်မာအောင် လုပ်ရမယ့်အပိုင်းရှိမယ်။ အဲဒီမှာ နိုင်ငံတကာ ပါဝင်မှုနဲ့ပတ်သက်ပြီး နှစ်ဖက်ဆွေးနွေးမှုမှာထပ်ပြီးတော့ ညှိနှိုင်းစရာတွေ ပါပါသေးတယ်။ ဒီနေ့ရရှိလာတဲ့ နားလည်မှုတွေကို နှစ်ဖက်အဖွဲ့အစည်းတွေက ပြန်လည်တင်ပြပြီးရင် လမ်းညွှန်မှုနဲ့ ဆုံးဖြတ်မှုနဲ့ ဆက်ပြီးတော့ အခြေခံပြီး တရားဝင် (၇) ကြိမ်မြောက်တွေ့ဆုံမှုမှာ အပြီးသတ်နိုင်ဖို့ မျှော်လင့်ထားပါတယ်။

**ဦးဇော်ဌေး(ဖြေ)။** DPN နဲ့ PC နဲ့ ဆွေးနွေးမှုက ၁၄ လလောက်ရှိပါပြီ။ နှစ်ဖက်စလုံးက ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ အတူတကွပူးပေါင်းပါဝင်ဖို့ ပြောရရင်တော့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးပေါ့။ အဲဒီအပေါ်မှာလည်း မီဒီယာတွေရော ပြည်သူတွေရောနားလည်စေချင်တာက ကျွန်တော်တို့က NCA ထိုးပြီးတာနဲ့နိုင်ငံရေးဆွေးနွေးပွဲသွားတယ်။ တစ်ချိန်တည်းမှာပဲ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကို ခိုင်မာအောင်လုပ်တဲ့အပေါ်မှာ ကျွန်တော်တို့ အကြိမ်ကြိမ်ဆွေးနွေးနေတာဖြစ်ပါတယ်။ အထူးသဖြင့် ဘယ်ဘက်ကမှ ဒီငြိမ်းချမ်းရေးခရီးစဉ်ကို ရပ်တန့်သွားအောင်လုပ်နေတာမဟုတ်ဘူး။ ကျွန်တော်တို့ အတူလျှောက်လှမ်းနိုင်ဖို့သွားနေတယ်ဆိုတာ နားလည်ဖို့လိုပါတယ်။ အဲဒါကြောင့်မို့လည်း ကျွန်တော်တို့ အချိန်ယူပြီးတော့ ဆွေးနွေးနေတာဖြစ်ပါတယ်။ အဓိကအားဖြင့် လက်မှတ်ထိုးပြီးမှ အငြင်းပွားမှုတွေ ဖြစ်မလာအောင် လက်ရှိဖြစ်နေတဲ့ အနေအထားတွေကိုလည်း ဆက်ပြီးတော့သွားရတဲ့အပေါ်မှာလည်း ကျွန်တော်တို့ ဘယ်လိုပိုကောင်းအောင်လုပ်နိုင်မလဲဆိုတဲ့ အချက်တွေကို ကျွန်တော်တို့ ဆွေးနွေးနေတာဖြစ်ပါတယ်။ ဒါတွေ အကျေအလည်ဆွေးနွေးပြီးသွားရင်တော့ ပြည်သူတွေမျှော်လင့်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ DPN အမြန်ဆုံးပါဝင်လာနိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်တယ်။

**မေး။ UNFC က အဆိုပြုထားတဲ့ အချက်တွေထဲက ဘယ်လိုအခြေအနေကြောင့် အခုလို ၅၊ ၆၊ ၇၊ ၈ အချက်တွေကျန်ရှိနေတာလဲ။**

**ဦးဇော်ဌေး (ဖြေ)။** နိုင်ငံရေးမူဘောင် ဆွေးနွေးမှု အပိုင်းမှာတော့ DPN က မူဘောင်သုံးသပ်တဲ့ ဆွေးနွေးမှုတွေမှာ(Framework Review) တွေမှာပါခဲ့ပါတယ်။ ဒါကို DPN အနေနဲ့ ဆက်သွားဖို့ လိုပါတယ်။ နောက်တစ်ချိန်တည်းမှာပဲ လက်မှတ်ထိုးပြီးသားအဖွဲ့ ရှစ်ဖွဲ့နဲ့လည်း မူဘောင်သုံးသပ်မှုတွေ ပြန်လုပ်မှာပါ။ မူလက နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို မလုပ်သေးဘူးပေါ့။ သီအိုရီတွေ၊ အခြားနိုင်ငံရဲ့အတွေ့အကြုံတွေကို ယူပြီးတော့မူတည်ဆွဲခဲ့တာပါ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ ပထမအစည်းအဝေးကတော့ အဖွင့်ပဲဖြစ်တယ်။ အဲဒီမှာတော့ UNFC အပါအဝင် အားလုံးရဲ့ မူဝါဒတွေ ကြေညာချက်တွေ ထုတ်ပြန်တယ်။ ပြောဆိုတယ်။ အဲဒီမှာပဲ ပြီးသွားတယ်။ တကယ်နိုင်ငံရေးဆွေးနွေးပွဲက ပြီးခဲ့တဲ့ (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးမှာ စတာ။ မူလက နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုတာမလုပ်ရသေးဘူး။ လုပ်မယ်ဆိုပြီး စိတ်ကူးနဲ့ ပုံဖော်ရေးဆွဲခဲ့တာ။ လက်တွေ့လုပ်တဲ့အခါမှာ လိုအပ်ချက်တွေလည်းရှိတယ်။ ဒါကို ပြန်ပြင်ဆင်ရမယ်ဆိုတာ နှစ်ဦးနှစ်ဖက်စလုံးလက်ခံပြီးသားပါ။ အဲဒီအပေါ်မှာ ပြင်ရမယ့် အပိုင်းတွေရှိတယ်။ နောက်တစ်ချက်က JMC ပေါ့။ ပစ်ခတ်တိုက်မှုရပ်စဲရေးလုပ်ငန်းတွေ ခိုင်မာဖို့ဆွေးနွေးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောနေတဲ့ ၅၊ ၆၊ ၇၊ ၈ ဆိုတာဒါကိုပြောနေတာပါ။ နှစ်ဦးနှစ်ဖက်လုံးက စိုးရိမ်မှုအပိုင်း၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့အပိုင်းတွေကို ပွင့်ပွင့်လင်းလင်းပြောတယ်။ ဒါကြောင့် ကျန်တဲ့ဆုံးဖြတ်မှုအပိုင်းက DPN နဲ့ ငြိမ်းချမ်းရေးကော်မရှင်မဟုတ်တော့ဘူး။ သက်ဆိုင်ရာခေါင်းဆောင်တွေက ဆုံးဖြတ်ရမှာ။ ဒါကြောင့် ဒီကြားထဲမှာ သက်ဆိုင်ရာခေါင်းဆောင်တွေကို တင်ပြဖို့လိုတယ်။ ဒါကြောင့် နောက်တစ်ကြိမ် တွေ့ဖို့လိုတယ် ပြောတာဖြစ်ပါတယ်။

**ဦးထွန်းဇော် (ဖြေ)။** ကျန်နေတဲ့အချက်တွေက ကျွန်တော်တို့NCA လမ်းကြောင်းအတိုင်းသွားမယ်လို့ ပြောထားတဲ့ အပေါ်မှာ NCA ဆိုတာကြီးက ကျွန်တော်တို့ အတူတကွလုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ဟာ နှစ်ဖက်စလုံးကပိုင်ဆိုင်တယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရော၊ အစိုးရရောပိုင်ဆိုင်ပါတယ်။ ဒါကြောင့် အကောင်အထည်ဖော်မှုမှာလည်း ပူးတွဲအကောင်အထည်ဖော်ရမှာဖြစ်တယ်။ အကောင်အထည်ဖော်မှုယန္တရားက နှစ်ပိုင်းရှိပါတယ်။

နိုင်ငံရေးပိုင်းဆိုင်ရာမှာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)ရှိတယ်။ တပ်ပိုင်းဆိုင်ရာမှာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ရှိပါတယ်။ နှစ်ပိုင်းစလုံးက NCA အပေါ်မှာအခြေခံပြီး ဖြစ်လာတာဖြစ်တဲ့အတွက် NCA အဆင့်ကို ကျွန်တော်တို့ ကျော်ရမယ်။ NCA လက်မှတ်ထိုးပြီးမှ အဲဒီအဆင့်ကိုရောက်မယ်။

ဒါကြောင့် ကျွန်တော်တို့ အဆိုပြုထားတဲ့ ၅၊ ၆၊ ၇ က နိုင်ငံရေးပိုင်းရော တပ်ပိုင်းဆိုင်ရာရော ချိတ်ဆက်နေပါတယ်။ အသေးစိတ်ကျကျပြောမယ်ဆိုရင် မူဝါဒအပိုင်းနဲ့ နည်းပညာအပိုင်းတွဲနေပါတယ်။ အဲဒီတော့ မူဝါဒပိုင်းဆိုင်ရာမှာ နိုင်ငံတကာပါဝင်မှုနဲ့ ပတ်သက်ပြီး နှစ်ဖက်ခေါင်းဆောင်တွေက ဆုံးဖြတ်ပေးဖို့ လိုပါသေးတယ်။ နည်းပညာပိုင်းမှာ DPN နဲ့ ငြိမ်းချမ်းရေးကော်မရှင်အဆင့်က နည်းနာရှာပြီး ဖြတ်လို့ရတယ်။ မူဝါဒပိုင်းဆိုင်ရာမှာတော့ ကျွန်တော်တို့ ဆုံးဖြတ်လို့မရဘူး။ မူဝါဒပိုင်းဆိုတာ နှစ်ဖက်ခေါင်းဆောင်တွေရဲ့ အတည်ပြုချက်နဲ့ ကျွန်တော်တို့ ဆွေးနွေးနေရတာဖြစ်တဲ့အတွက် နောက်တစ်ဆင့်ခံပြီးသွားဖို့ လိုနေလို့ပါ။

**ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**



## ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

လူများအတွက် အရေးပါပြီး လေးစားခြင်းခံရသည့် အချစ်တော်တိရစ္ဆာန်ကြီးများဖြစ်သော ဆင်များ၏ ကမ္ဘာ့ဆင်များနေ့(World Elephant Day)အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်၌ စည်ကားစွာကျင်းပခဲ့သည်။

ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်သည် ကမ္ဘာပေါ်ရှိ ဆင်များကို ကာကွယ်ထိန်းသိမ်းရန်နှင့် တရားမဝင်ရောင်းဝယ်မှုများမှ တားဆီးကာကွယ်ရန်၊ တောဆင်များအား ဆင်သတ်မုဆိုးများမှ သတ်ဖြတ်၍ တရားမဝင်ဆင်စွယ်ရောင်းဝယ်မှုမှ ကာကွယ်တားဆီးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ရတနာများအပေါ် ကြင်နာတတ်ရန်၊ သဘာဝလောက၏ အဖိုးတန်ဆင်ရတနာများကို မျိုးသုဉ်းမသွားရအောင် ကာကွယ်ထိန်းသိမ်းပေးကြရန်၊ သနားစရာဆင်သတ္တဝါလေးများကို ကိုယ်ကျိုးဖက်ပြီး လွဲမှားစွာ အသုံးမပြုကြရန် ရည်ရွယ်၍ ကမ္ဘာ့ဆင်များနေ့အဖြစ် သတ်မှတ်ကျင်းပနေခြင်းဖြစ်ကြောင်းကိုလည်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကမ္ဘာ့ဆင်များနေ့ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက်နေ့မှစ၍ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် ဩဂုတ် ၁၂ ရက်နေ့ရောက်တိုင်း ကမ္ဘာအနှံ့အပြားတွင် ဆင်များနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ရာ ယနေ့တွင်လည်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ခမ်းနားစွာကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - အေးမင်းသူ**

## မြန်မာနိုင်ငံရှိဆင်များ ၂၀၃၅ ခုနှစ်တွင် မျိုးသုဉ်းသွားနိုင်

**ရန်ကုန် ဩဂုတ် ၁၂**

ကမ္ဘာ့ပညာရှင်များ တွက်ချက်ပုံအရ မြန်မာနိုင်ငံရှိ ဆင်များ ၂၀၃၅ ခုနှစ်တွင်မျိုးသုဉ်းသွားနိုင်ကြောင်း ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှိ သဘာဝပြတိုက်၌ ကျင်းပသော ကမ္ဘာ့ဆင်များနေ့ (World Elephant Day) အထိမ်းအမှတ်အခမ်းအနားနှင့် ဆင်များအကြောင်းဟောပြောပွဲတွင် Htoo Zoo & Gardent Business Unit မှ General Manager ဦးကြည်စိုးလွင်က ပြောသည်။

“အရင်တုန်းက အစွယ်ကို အဓိကထားယူတော့ ဆင်ထီးတွေကိုပဲ သတ်ကြတယ်။ အာရှဆင်အမျိုးအစားမှာ ဆင်အမက အစွယ်မပေါက်ဘူးလေ။ အခုနောက်ပိုင်းကျတော့ အမတွေကိုပါ သတ်လာတယ်။ အရေခွံတွေရောင်းလို့ရလာလို့ပါ။ အဲဒီအရေခွံတွေကို အဆောင်အဖြစ်နဲ့ စီရင်အသုံးပြုကြတယ်။ ဆင်တစ်ကောင်သတ်ရင် သူခိုးဈေးနဲ့ သိန်းတစ်ရာကျော်လောက်ရတယ်။ မြန်မာနိုင်ငံမှာ ဆင်အသတ်ခံရတာတွေက ပိုပိုဆိုးလာတယ်။ အဲဒီအတွက် ဆင်တွေကို မျိုးသုဉ်းမသွားအောင် ထိမ်းသိမ်းကာကွယ်စောင့်ရှောက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ အသိပညာဟောပြောပွဲလုပ်တာပါ”ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် ချင်းပြည်နယ်မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်များရှိပြီး ဧရာဝတီတိုင်းဒေသကြီးတွင် အများဆုံးရှိကြောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တောဆင်နှင့် လူပဋိပက္ခဖြစ်ခြင်း၊ ဆင်များ အမဲလိုက်ခံရခြင်းတို့ကြောင့် စုစုပေါင်းဆင် ၁၃၃ ကောင် သေဆုံးရကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ၁၂ ကောင်အထိ စံချိန်တင်သေဆုံးကြောင်း သိရသည်။

“ဒီအတိုင်းဆိုရင် မြန်မာ့ဆင်တွေအစားစက္ကူအရုပ်ချိုး အရုပ်ရေးရတော့မယ့် အခြေအနေဖြစ်နေတယ်။ ဒီလထဲမှာပဲ ၄ ရက်နေ့က တစ်ကောင်၊ ၅ ရက်နေ့က တစ်ကောင် အသတ်ခံရတယ်။ သူတို့က ဆင်တွေရဲ့ အရိုး၊ အရေ၊ အသားကအစ လိုချင်နေကြတယ်။ အဲဒါကြောင့် ဆင်အထီး၊ အမအပြင် ဆင်ကလေးတွေပါ အသတ်ခံနေရတယ်”ဟု ဦးကြည်စိုးက ပြောသည်။

ယနေ့အချိန်တွင် ကမ္ဘာပေါ်၌ အာဖရိကဆင်နှင့် အာရှဆင်ဟူ၍ အမျိုးအစားနှစ်မျိုးရှိပြီး ၎င်းတို့ကိုအကြမ်းဖျင်းအားဖြင့် နားရွက်၊ အရပ်၊ နဖူး၊ ကျောကုန်း၊ အစွယ်၊ ခြေသည်း၊ အစာကောက်သည့်နေရာ အစရှိသည်ဖြင့် အချက်ကိုးချက်ကိုကြည့်၍ ခွဲခြားသိနိုင်ကြောင်း သိရသည်။

ယနေ့ အခမ်းအနားသို့ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့ရှိ သတ္တဗေဒဌာန(ဇီဝနည်းပညာအထူးပြု)မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

**သတင်း - ဇာနည်မောင်**
**ဓာတ်ပုံ - ဇာဏီ**



## ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြော

**ဒိုက်ဦး ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့မရဲစခန်း ဓမ္မာရုံ၌ ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၉ ရက်က ပြုလုပ်ရာ မြို့မရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုမှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်လှလှဌေးက ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်၍ ရောဂါဖြစ်ပွားပုံ၊ ရောဂါလက္ခဏာများ၊ ဆောင်ရန်ရှောင်ရန်အချက်အလက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းဆေးမှူး ဦးတင်လှကနှာခေါင်းစည်းအသုံးပြုပုံ၊ လက်ဆေးခြင်းဖြင့် ရောဂါကာကွယ်နိုင်ခြင်း အကျိုးတို့ကို ရှင်းလင်းပြောကြားပြီး ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်သော လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးသည်။

**(မြို့နယ်ပြန်/ဆက်)**

## အိမ်သုံးလျှပ်စစ်သွယ်တန်းခြင်း သင်တန်းဖွင့်

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၁၀ ရက်တွင် ကျောက်ဆောင်စမ်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်သုံးလျှပ်စစ်သွယ်တန်းခြင်း သင်တန်းဖွင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက် ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းပို့ချမည့်ဆရာက သင်တန်းနှင့် ပတ်သက်သော အကြောင်းအရာများကို အကျဉ်းချုပ် ပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို ဩဂုတ် ၁၀ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်မည်ဖြစ်သည်။

**(ကြေးမုံ)**

# စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**
မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition)၏ **စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍ ဆွေးနွေးပွဲကို** ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပသည်။

**ဆွေးနွေး**

မျက်နှာစုံညီဆွေးနွေးမှုအစီအစဉ်တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(မြန်မာ)မှ နည်းပညာအရာရှိချုပ် Mr. Christophoros Politis က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သီရိလင်္ကာနိုင်ငံ Department of Government Information ညွှန်ကြားရေးမှူးချုပ် Dr.Ranga Kalansooriya နှင့် ဂျာမနီနိုင်ငံ နိုင်ငံရေးသိပ္ပံတက္ကသိုလ်မှ Prof. Dr. Aurel Croissant တို့က မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ **စစ်ပွဲများမှငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍ** ခေါင်းစဉ်အပေါ် ဆွေးနွေးကြသည်။

သီရိလင်္ကာနိုင်ငံ Department of Government Information ညွှန်ကြားရေးမှူးချုပ် Dr.Ranga Kalansooriya က သီရိလင်္ကာတွင် Civil War ဖြစ်ခဲ့ပါကြောင်း၊ တမီးလ်တိုက်ဂါး သီရိလင်္ကာဟု လူသိများသည့် လက်နက်ကိုင်အဖွဲ့ ရှိခဲ့ပါကြောင်း၊ တမီးလ်တိုက်ဂါး သီရိလင်္ကာများသည် ခိုင်မာအားကောင်းပါကြောင်း၊ ၎င်းတို့တွင် ခိုင်မာအားကောင်းပြီး တိုက်ခိုက်နိုင်သည့် စွမ်းအားရှိကြောင်း၊ ၎င်းတို့သည် တိုင်းပြည်မှ ခွဲထွက်လိုကြပါကြောင်း၊ နောက်ဆုံးတွင် ရက်စက်သည့် စစ်ပွဲအဖြစ်ကို ဦးတည်ခဲ့ပါကြောင်း။

**စနစ်တကျတည်ဆောက်ထား**

တမီးလ်တိုက်ဂါး သီရိလင်္ကာများ၏ ခေါင်းဆောင်မှုအပိုင်းသည် ပညာသင်ကြားထားကြပြီး ရည်မှန်းချက်ကြီးမားသူများ ဖြစ်ပါကြောင်း၊ ၂၀၀၉ ခုနှစ်အထိ မည်သူမှ မထိရဲသည့်အနေအထား ရှိခဲ့ပါကြောင်း၊ အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားပြီး တရားစီရင်ရေး၊ ဘဏ္ဍာရေးတို့ပါ စနစ်တကျ တည်ဆောက်ထားပါကြောင်း၊ တစ်ကမ္ဘာလုံးက ထောက်ပံ့နေမှုများလည်းရှိပြီး တစ်ကမ္ဘာလုံးတွင် တရားဝင်စီးပွားရေးများရှိပါကြောင်း၊ အမျိုးသမီးအကြမ်းဖက်တိုက်ခိုက်ရေးသမားများလည်းရှိပြီး Suicide တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းထားပါကြောင်း။

**ငြိမ်းချမ်းရေးစကားဝိုင်းဆီ ဦးတည်စေ**

၂၀၀၉ ခုနှစ် မေလတွင် သီရိလင်္ကာတပ်ဖွဲ့က အင်အားအပြည့်ဖြင့် ချေမှုန်းခဲ့ရာ ၎င်းတို့၏ခေါင်းဆောင် သေဆုံးသွားခဲ့ပါကြောင်း၊ ယင်းဖြစ်စဉ်တွင် တပ်ကအောင်မြင်သွားခြင်းမှာ Strong Political Willကြောင့် ဖြစ်ပါကြောင်း၊ Political Leadership Team တစ်ခုတည်းအနေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ Military Structure ကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ တမီးလ်တိုက်ဂါးများအား ခွဲထွက်ခွင့်ကိုလက်မခံဘဲ ငြိမ်းချမ်းရေးစကားဝိုင်းဆီကို ဦးတည်စေခဲ့ပါကြောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တမီးလ်တိုက်ဂါးများနှင့် ဆွေးနွေးခဲ့ပြီး ခွဲထွက်ပြီး တမီးလ်တိုက်ဂါးအဖွဲ့ နှစ်ဖွဲ့မှာ အစိုးရအဖွဲ့ကို ထောက်ခံလာပါကြောင်း၊ ငြိမ်းချမ်းရေးမအောင်မြင်ရခြင်းမှာ တမီးလ်တိုက်ဂါးများက ငြိမ်းချမ်းရေးမလိုလားဘဲ ငြိမ်းချမ်းရေးစကားဝိုင်း လုပ်ဆောင်နေချိန်တွင် ၎င်းတို့အဖွဲ့ ခိုင်မာအားကောင်းရေးကို ပိုမိုဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါကြောင်း။

**သင်ခန်းစာယူစေလို**

မအောင်မြင်ခြင်း၏ နောက်အချက်တစ်ချက်သည် မီဒီယာကြောင့်ဖြစ်ပါကြောင်း၊ နှစ်ဖက်လုံးက မီဒီယာကို အလိုကျအသုံးပြုခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ဆက်သွယ်ရေးနည်းလမ်းမရှိဘဲ ဟန်ပြသာဖြစ်ခဲ့သည့်အတွက် အောင်မြင်မှုမရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာပြည်တွင်လည်း ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေတာရှိပါကြောင်း၊ သီရိလင်္ကာနိုင်ငံ၏ အဖြစ်အပျက်ကို နမူနာယူပြီး သင်ခန်းစာယူစေလိုကြောင်း ဆွေးနွေးသည်။

ဂျာမနီနိုင်ငံ နိုင်ငံရေးသိပ္ပံတက္ကသိုလ်မှ Prof. Dr. Aurel Croissant က ဥရောပတိုက်တွင် လူနည်းစုနှင့် လူများစုများကြားတွင် ပဋိပက္ခများရှိနေသကဲ့သို့ စကော့တလန်၊ စပိန်နှင့် အီတလီနိုင်ငံမြောက်ပိုင်းတွင်လည်း ထိပ်တိုက်ရင်ဆိုင်မှုများ၊ လူမျိုးရေးဆိုင်ရာ အတိုက်အခံများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ဘော့စနီးယား၊ ဥရောပနှင့် အာရှတွင်ဖြစ်ပေါ်နေသည့် စစ်ပွဲများသည် ပြည်တွင်းစစ်နှင့် လူမျိုးစုများကြား ပဋိပက္ခများဖြစ်ပါကြောင်း၊ ပဋိပက္ခများတွင် ဘာသာရေးနှင့်ပတ်သက်သည့် ပဋိပက္ခသည် ဒုတိယအဆင့်တွင် ရှိနေပါကြောင်း၊ ဘာသာရေးနှင့်လူမျိုးရေးကို ကိုယ်စားပြု၍ ဖြစ်နေကြပါကြောင်း။

**တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည်**

ငြိမ်းချမ်းရေးကို အဓိပ္ပာယ်ဖွင့်ဆိုမည်ဆိုပါက Positive Peace နှင့် Negative Peace ဟူ၍ နှစ်မျိုးရှိပါကြောင်း၊ Negative Peace တွင် ငြိမ်းချမ်းရေးဆိုသည်မှာ စစ်မရှိရဟူ၍ ဖြစ်ပါကြောင်း၊ စစ်မဖြစ်ခြင်းကို ငြိမ်းချမ်းရေးဟု ပြောမည်ဆိုပါက ကျဉ်းမြောင်းသည့် အဓိပ္ပာယ်ဖြစ်ပါကြောင်း၊ Positive Peace ရရန်သည် ခက်ခဲတတ်ပါကြောင်း၊ Positive Peace တွင် အခြေခံအုတ်မြစ် သုံးခုရှိကြောင်း၊ Economic and Social Development၊ Justice နှင့် Freedom ဟူ၍ သုံးခုရှိပါကြောင်း၊ ယင်းတို့ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

Positive Peace ရေရှည်တည်တံ့ရန်အတွက် Rule of Law လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ၊ Social Justice နှင့် Tolerance တို့ လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုအချက်များ ပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ Rule of Law၊ ဒီမိုကရေစီ၊ သည်းခံမှု၊ Dialogue ဆွေးနွေးခြင်းတို့ ပါဝင်ပါကြောင်း၊ ထိုအချက်များတွင် ဆွေးနွေးခြင်းသည် အဓိကအကျဆုံးဖြစ်ပါကြောင်း၊ ထို့ကြောင့် Civil Society ကို တည်ဆောက်မည်ဆိုပါက Dialogue ဆိုသည့် ဆွေးနွေးမှုမရှိဘဲ မဖြစ်နိုင်ပါကြောင်း၊ Positive Peace ကို ဆက်လက်ဆွေးနွေးလိုပါကြောင်း၊ Ethnic Conflict များက ပိုမိုကြာပြီး ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် ပိုမိုခက်ခဲပါကြောင်း။

**အခွင့်အလမ်းများ ဖန်တီးပေး**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကငါးချက်ပါဝင်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အသိပညာပေးရမည်ဖြစ်ပါကြောင်း၊ Rule of Law တရားဥပဒေစိုးမိုးရေးသည် အရေးကြီးပါကြောင်း၊ ပြည်တွင်းစစ်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှုရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ Peace Economy အဖြစ် ပြောင်းလဲပေးရမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးအချက်အနေဖြင့် လူမျိုးစုပေါင်းများစွာ ပါဝင်နေသည့်နိုင်ငံဖြစ်ပါက ပဋိပက္ခဖြစ်နေသည့် အဓိကအချက်များကို ရှာဖွေရမည်ဖြစ်ပါကြောင်း၊ ကိုင်တွယ်ဖြေရှင်းရမည့် မူဝါဒများကို ချမှတ်ပေးရမည်ဖြစ်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကိုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**အာဏာမျှဝေမှု**

အာဏာခွဲဝေခြင်းတွင် နှစ်ခုရှိပါကြောင်း၊ Power Sharing ကို ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် သာမက ကောင်းမွန်သည့် အုပ်ချုပ်ရေးဖြစ်အောင် ပြုလုပ်နိုင်ရန်ဖြစ်ပါကြောင်း၊ အာဏာမျှဝေမှုသည် တစ်တိုင်းပြည်လုံး သင့်လျော်သည့်ပုံစံ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့်ပတ်သက်သည့် အရင်းအမြစ်များနှင့် နယ်မြေများကို မည်သို့ထိန်းချုပ်မည်ဆိုသည်ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက **စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍ**နှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သင်ခန်းစာယူ သုံးစွဲကြရမည်**

ထို့နောက် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါခေါင်းစဉ်ဖြင့် မျက်နှာစုံညီဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ငြိမ်းချမ်းရေးကော်မရှင်မှ ဦးကျော်လင်းဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးကော်မရှင်မှ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)မှ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ Center For Myanmar Affairs Studies မှ ဦးအေးမောင်ကျော်နှင့် ငြိမ်းဖောင်ဒေးရှင်းမှ Daw Ja Nan Lahtaw တို့က မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ **စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍ** ခေါင်းစဉ်အပေါ် ဆွေးနွေးကြသည်။

**ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်က** မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် အခြားနိုင်ငံများ ကူးပြောင်းပြီးချိန်မှ ဆောင်ရွက်သည့်အတွက် အားသာချက်တစ်ခုဖြစ်ပါကြောင်း၊ ရှေ့က ဆောင်ရွက်ခဲ့သည့်နိုင်ငံများ၏ အကောင်းအဆိုးကို လေ့လာ၍ရပါကြောင်း၊ အခြားနိုင်ငံများ၏ ကူးပြောင်းမှုနှင့် တစ်ထပ်တည်းမကျနိုင်သည်ကို အားလုံးသိရှိကြပါကြောင်း၊ သင်ခန်းစာယူ သုံးစွဲကြရမည်ဖြစ်ပါကြောင်း၊ အခြားနိုင်ငံများ၏ အကူးအပြောင်းကို လေ့လာကြည့်ပါက အားလုံးတွင် တူညီသည့်အချက်တစ်ခုကို သတိပြုမိပါကြောင်း။

**အုပ်စုသုံးစု**

ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် အနည်းဆုံးအုပ်စုသုံးစု ပေါ်ထွက်လာခြင်းကို သတိပြုမိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အဆိုပါအုပ်စုသုံးစုကို သတိပြုမိပါကြောင်း၊ အုပ်စုသုံးစုမှာ ဒီမိုကရေစီကို လိုလားသည့်အုပ်စု၊ အတိတ်အုပ်ချုပ်ရေးအပေါ်တွင် အကာအကွယ်ပေးလိုသည့်အုပ်စုနှင့် အခြားအုပ်စုဟူ၍ ဖြစ်ပါကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို ထိုကဲ့သို့တွေ့ရှိရပါကြောင်း၊ အခြားအုပ်စု၏ ဆောင်ရွက်ချက်ထက် ဒီမိုကရေစီကို လိုလားသည့်အုပ်စုနှင့် အတိတ်အုပ်ချုပ်ရေးအပေါ်တွင် အကာအကွယ်ပေးလိုသည့်အုပ်စုတို့၏ ဆောင်ရွက်ချက်များကို ပြည်သူက စောင့်ကြည့်နေကြပါကြောင်း၊ အဆိုပါ အုပ်စုနှစ်စု၏ ပါဝင်ချိန်ခွင်လျှာသည် အရေးကြီးပါကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးရလျှင် ငြိမ်းချမ်းရေးနှစ်မျိုးရှိပါကြောင်း၊ စစ်ပွဲမရှိသည့် ငြိမ်းချမ်းရေးမျိုးကို ယခင်က မျှော်မှန်းလုပ်ဆောင်ခဲ့ကြပါကြောင်း၊ စစ်မဲ့ငြိမ်းချမ်းရေးမျှသာ ဖြစ်ပါကြောင်း၊ ယခုဖော်ဆောင်နေသည်မှာ ပြည့်ဝသည့် ငြိမ်းချမ်းရေး Positive Peace ကို သွားနေကြခြင်းဖြစ်ပါကြောင်း၊ ပြည့်ဝသည့်ငြိမ်းချမ်းရေးတွင် လွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်၊ လူ့တန်ဖိုးကို အလေးထားသည့် ငြိမ်းချမ်းရေးမျိုးဖြစ်ပြီး အဆိုပါငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမြဲဆောင်ရွက်နေရမည် ဖြစ်ပါကြောင်း။

**သင်ခန်းစာယူကြရမည်**

အချို့က Negative Peace ကို စဉ်းစားနေသည်လည်း ရှိကြပါကြောင်း၊ ထိုအခါ ကွာဟမှုများရှိလာနိုင်ပါကြောင်း၊ ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင် လုပ်ဆောင်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ခွဲထွက်ခွင့်၊ ဖက်ဒရယ်မူဝါဒကို လုံးဝလက်မခံဆိုသည့် တောင်းဆိုမှုများရှိခဲ့သည့်အတွက် Extreme Demand ဖြစ်သွားပါကြောင်း၊ တောင်းဆိုမှုကွာဟချက် ကြီးမားလွန်းသည့်အတွက် ငြိမ်းချမ်းရေးမအောင်မြင်ခဲ့သည်ကို သင်ခန်းစာယူကြရမည်ဖြစ်ပါကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် တစ်စုံတစ်ရာသော ကန့်သတ်ချက်များဖြင့် ငြိမ်းချမ်းရေးကို ဆောင်ရွက်ခဲ့ပါကြောင်း၊ Political Dialogue မရှိခဲ့သည့်အတွက် Positive Peace ဆောင်ရွက်ခြင်းမျိုးမဟုတ်ခဲ့ပါကြောင်း၊ Negative Peace ကို မည်သည့်အစိုးရတွင်မဆို ဖော်ဆောင်၍ရနိုင်သော်လည်း Positive Peace ကို ဒီမိုကရေစီဖော်ဆောင်မှသာ ရနိုင်သည်ကို ဆွေးနွေးလိုပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လိုအပ်ချက်များတွင် အပြန်အလှန် စိတ်ကျေနပ်လက်ခံသည့် အနေအထားကို ရောက်ရှိရန် လိုအပ်ပါကြောင်း၊ ဘုံစရိုက်လက္ခဏာ အသွင်ဆောင်ရန် လိုအပ်ပါကြောင်း။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် လိုရင်းဆွေးနွေးရလျှင် အကြမ်းနည်းသုံးသည့် အဆိုးသံသရာကို ရပ်တန့်ရမည်ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး အတူတကွ ရှေ့ဆက်သွားခြင်းကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သာမန်အားဖြင့် ပြန်လည်ရင်ကြားစေ့ရေးကို Conflict များ ပြီးဆုံးမှသာ ဆောင်ရွက်ကြလေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် Conflict များ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေသည့် အခြေအနေဖြစ်သည့်အတွက် ပြန်လည်ရင်ကြားစေ့ရေးကို မရှေးမနှောင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အပြန်အလှန်အထောက်အကူဖြစ်နိုင်မည် ဖြစ်ပါကြောင်း။

ပြန်လည်ရင်ကြားစေ့ရေးတွင် ဝန်ခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ပေးလျော်ခြင်းနှင့် အမှန်တရားကို အလေးထားရမည်ဖြစ်ပါကြောင်း၊ အမှန်တရားဟုဆိုရာတွင် တစ်စုံတစ်ယောက်ကို တန်ပြန်ခြိမ်းခြောက်သည့် အမှန်တရားမျိုးမဖြစ်ရန် လိုအပ်ပါကြောင်း၊ တစ်ချိန်တုန်းက နစ်နာခွင့်ရှိသူများအတွက် ၎င်းတို့လုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်များကို အသိအမှတ်ပြုပေးပြီး ပြန်လည်ပြောကြားခွင့်ပေးရမည်ဖြစ်ကြောင်း၊

**စာမျက်နှာ ၁၀ သို့** ❖



စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍတွင် ပြည်တွင်းပညာရှင်များဆွေးနွေးစဉ်။



စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍတွင် ပြည်ပပညာရှင်များဆွေးနွေးစဉ်။

# ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်မှာ ကောင်းအောင်ဘယ်လိုလုပ်ကြမလဲဆိုတာကို ဝိုင်းဝန်းစဉ်းစားမယ်ဆိုရင်တော့ ပိုပြီးအဆင်ပြေချောမွေ့သွားမှာပါ

**မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်သုံးသပ်ဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဩဂုတ် ၁၂ ရက်က ဒုတိယနေ့အဖြစ်ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူတချို့နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြပေးလိုက်ပါသည်-**


ဦးအောင်လှထွန်း


ဆလိုင်းလျန်မှုန်းဆာခေါင်း


ဦးသိန်းထွန်းဦး


ဒေါက်တာမြင့်ဇံ


ဦးတာနိုင်

**ဦးအောင်လှထွန်း (ဒုတိယဥက္ကဋ္ဌ၊ သတင်းမီဒီယာကောင်စီ)**

မြန်မာနိုင်ငံမီဒီယာလောကမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ဘယ်လိုဖြေရှင်းမလဲ။ မီဒီယာလောကသားတွေရဲ့တာဝန်က စိန်ခေါ်မှုတွေနဲ့ကြုံရင် ဘာတွေလုပ်ရမလဲ။ အဲဒါတွေကို ကျွန်တော်တို့နိုင်ငံရဲ့ အတွေ့အကြုံပေါ်မှာ အခြေခံပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မီဒီယာဟာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာတင် မဟုတ်ဘဲ ဒီမိုကရေစီတိုက်ပွဲဝင်တဲ့ အခါမှာလည်းပါတယ်။ ဒီမိုကရေစီရသွားရင်လည်း ဒီမိုကရေစီကို ခိုင်မာအောင်စောင့်ထိန်းရမယ်။ လူ့အခွင့်အရေးကိုကာကွယ်ရမယ်။ မီဒီယာရဲ့အခန်းကဏ္ဍဟာ ဘယ်တော့မှမကုန်ခမ်းဘူး။ ထာဝရရှိနေမှာပါ။ ဒီနေ့ဆွေးနွေးပွဲကတော့ အသွင်ကူးပြောင်းရေးကာလမှာရှိတဲ့ မီဒီယာရဲ့ စိန်ခေါ်မှုတွေနဲ့ အခန်းကဏ္ဍကို ဆွေးနွေးမှာပါ။ အာဏာရှင်စနစ်ကို တွန်းလှန်ရင်လည်း မီဒီယာပါတယ်။ ဒီမိုကရေစီ တက်လာရင်လည်း မီဒီယာကပဲစောင့်ရှောက်ရမှာ။ ဒီမိုကရေစီရသွားလို့ မီဒီယာမလိုတော့ဘူးလည်း မဟုတ်ဘူး။ ပိုလို့တောင် အလုပ်လုပ်ရဦးမယ်။ ဒီမိုကရေစီဆိုတော့ လူတိုင်းလွတ်လပ်သွားပြီ။ ကိုယ့်အယူအဆနဲ့ကိုယ် ဖြစ်လာပြီဆိုတော့ မီဒီယာရဲ့တာဝန်က ပိုကြီးလာတယ်။ အခုဆွေးနွေးပွဲကတော့ အမြင်ချင်းဖလှယ်တယ်။ တင်ပြကြတယ်။ လေ့လာဆန်းစစ်ခွင့်ရတယ်။ ဘာတွေလိုနေလဲ။ နိုင်ငံခြားပညာရှင်တွေပါတဲ့အတွက် သူတို့ရဲ့အမြင်တွေကိုလည်း သိရမှာပါ။ ဒီဖိုရမ်ကို ကြိုဆိုပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟာ ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်းကနေ စလာတယ်။ ဘာအားနည်းချက်တွေရှိမလဲ။ ဘာတွေတိုးတက်မှုရှိမလဲ။ နိုင်ငံတကာမှာရော ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ ဘယ်လိုအခက်အခဲတွေတွေ့ခဲ့လဲ။ ဘယ်လိုကျော်လွှားခဲ့လဲ အဲဒါတွေကို သိရှိဖို့ အမြင်ချင်းဖလှယ်ဖို့ လိုပါတယ်။ ဒီဖိုရမ်ကနေ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအတွက် အကျိုးထူးမယ်လို့ထင်ပါတယ်။

**ဆလိုင်းလျန်မှုန်းဆာခေါင်း**

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီမှာ အတွင်းရေးမှူးအဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးကိစ္စကိုပဲ အဓိကထားဆွေးနွေးမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ လုပ်တယ်ဆိုတာမှာ အဓိကရည်မှန်းချက်သုံးခုရှိပါတယ်။ပင်လုံမှာ မျှော်မှန်းခဲ့တဲ့အတိုင်း NCA စာချုပ်မှာ သဘောတူထားတဲ့အတိုင်း တိုင်းပြည်ကို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံပြီးတော့ ပြန်လည်တည်ဆောက်ချင်ပါတယ်။ အဲဒီလိုတည်ဆောက်နိုင်ဖို့အတွက် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို အာမခံချက်ပေးတဲ့ ပြည်ထောင်စုမျိုးကို ထူထောင်ဖို့လိုပါတယ်။ ပြည်တွင်းစစ်လည်းချုပ်ငြိမ်းပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုကိုထူထောင်ပြီးရင် ဘာဆက်လုပ်မလဲ။ တိုင်းရင်းသားတွေက ဒီအခွင့်အရေးတွေရပြီးရင် ခွဲထွက်သွားကြမလားဆိုတာတွေ တချို့မေးကြပါတယ်။ ဒီပြည်ထောင်စုကြီးကို ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်မှာ ထူထောင်ခဲ့တဲ့အတိုင်း အခိုင်အမာတည်ဆောက်ချင်တယ်။ မပြိုကွဲအောင် ထိန်းသိမ်းချင်တယ်။ ပြည်ထောင်စုကြီး ခိုင်မာရေးဟာလည်း ရည်မှန်းချက်တစ်ခုဖြစ်တယ်။ လက်နက်ကိုင်တော်လှန်ရေးဆိုတာ အဖြေမဟုတ်ဘူး။ တိုင်းပြည်ရဲ့ပြဿနာဟာ စစ်ပွဲပြဿနာမဟုတ်ဘူး။ နိုင်ငံရေးပြဿနာဖြစ်တယ်။ အဲဒီနိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းပြီး ပြည်ထောင်စုကြီးကို ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေကို အာမခံချက်ပေးနိုင်တဲ့ ပင်လုံစိတ်ဓာတ်၊ ပင်လုံကတိတွေကို အကောင်အထည်ဖော်နိုင်တဲ့ ပြည်ထောင်စုကိုထူထောင်နိုင်မယ်ဆိုရင် ကျော်လွှားနိုင်ဖို့လိုတယ်လို့ မြင်တယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကိုလည်းကောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်းကောင်း၊ ပြည်ထောင်စုမပြိုကွဲရေးကိုလည်းကောင်း ငါတို့ပဲလုပ်နိုင်တယ်။ ငါတို့လုပ်မှပဲ အဆင်ပြေတယ်ဆိုတဲ့ အမြင်ကမှားပါတယ်။ ဒီတိုင်းပြည်မှာ လူမျိုးပေါင်းစုံရှိတာဖြစ်တဲ့အတွက် လူမျိုးပေါင်းစုံက ငါတို့ပဲလုပ်ရမယ်ဆိုတဲ့အမြင်ကနေ အတူတကွတာဝန်ယူဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့ အမြင်ကိုပြောင်းဖို့လိုတယ်။ ငါတို့ပဲလုပ်ရမယ်ဆိုတဲ့ အမြင်ကအကြောက်တရားနဲ့ ပေါ်လာတာဖြစ်တဲ့အတွက် ပြည်ထောင်စုကိုထူထောင်ရမယ့်အစား တစ်ပြည်ထောင်စနစ်ကို ဦးတည်သွားမယ်။ ဒီမိုကရေစီကျင့်စဉ်ကိုကျင့်ပြီး လူထုကိုလွတ်လပ်ခွင့်ပေးရမယ့်အစား လူထုရဲ့အခွင့်အရေးကိုပိတ်ပင်ပြီးတော့ ဗဟိုဦးစီးစနစ်ကိုကျင့်သုံးမယ်၊ တိုင်းရင်းသားတွေကို အခွင့်အရေးပေးရမယ့်အစား တိုင်းရင်းသားအခွင့်အရေးတွေကို ပိတ်ပင်ပြီးတော့ အာဏာရှင်စနစ်ကိုထူထောင်မယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်အတွက် အကျိုးမရှိပါဘူး။

**ဦးသိန်းထွန်းဦး (အမှုဆောင်ဒါရိုက်တာ၊ သေနင်္ဂအင်စတီကျု အမျိုးသားလုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် မဟာဗျူဟာလေ့လာရေးအဖွဲ့)**

ကျွန်တော်တို့ သမိုင်းကြောင်းတွေကို ပြန်ကြည့်မယ်ဆိုရင် မှားယွင်းမှုတွေက အလွန်များတယ်။ ကျွန်တော်တို့ လူမျိုးတွေရဲ့ထုံးစံက ရလဒ်တစ်ခုထွက်တော့မယ်ဆိုရင် အပြည့်လိုချင်ကြတယ်။ စိတ်လောပြီး မြန်မြန်ဖြစ်ချင်ကြတယ်။ အဲဒီအကျိုးရလဒ်က လမ်းကြောင်းတစ်ခုပေါ်မရောက်ဘဲ သွေဖည်သွားလို့ရှိရင် လိုချင်တဲ့ပန်းတိုင်ကို ရောက်မှာမဟုတ်ပါဘူး။ အဲဒီတော့ Mindset တွေပြင်ရမယ်။ ပြည်သူတွေအားလုံးပူးပေါင်းပါဝင်ရမယ်။ ပါတီတွေဘက်ကလည်း ဘယ်လိုပဲဖြစ်ဖြစ် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားဖို့လိုပါတယ်။ ဒီမိုကရေစီကူးပြောင်းမှု ဖြစ်စဉ်မှာ ဘယ်လိုကောင်းအောင် လုပ်ကြမလဲဆိုတာကို ဝိုင်းဝန်းစဉ်းစားမယ်ဆိုရင်တော့ ပိုပြီးအဆင်ပြေချောမွေ့သွားမှာပါ။ လက်ရှိသွားနေတဲ့အနေအထားကိုပြန်ကြည့်ရင် နှေးတယ်ဆိုတဲ့အရာကို အားလုံးက သုံးသပ်ကြပါလိမ့်မယ်။ နှေးတယ်ဆိုတဲ့အရာကလည်း တစ်မျိုးတော့ ကောင်းပါတယ်။ စောစောစီးစီးတော့ လိုချင်တဲ့ပန်းတိုင်ကို မရောက်ပေမယ့် အန္တရာယ်တော့ နည်းနည်းကင်းတယ်လို့ပဲ သုံးသပ်ချင်ပါတယ်။

**ဒေါက်တာမြင့်ဇံ**

ကျွန်တော်တို့ ဒီဖိုရမ်မှာ မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဟာ ဘယ်လိုထူးခြားသွားလဲဆိုတဲ့ကိစ္စရပ်ကို အဓိထားလုပ်တာပါ။ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို တော်တော်လေးစိတ်ဝင်စားကြတယ်။ နိုင်ငံအများနဲ့လည်း နှိုင်းယှဉ်ကြတာတွေရှိတယ်။ အီဂျစ်နွေဦးတို့၊ အာရပ်နွေဦးတို့ စသဖြင့် ဘယ်လိုပဲ နှိုင်းယှဉ်ကြပါစေ သီအိုရီတွေဆိုတာ သီအိုရီတွေပါပဲ။ ကျွန်တော်တို့နိုင်ငံရဲ့ လက်တွေ့အခြေအနေနဲ့ ကိုက်ညီအောင် ဘယ်လိုသွားမလဲဆိုတဲ့ကဏ္ဍက ပိုအရေးကြီးပါတယ်။ ဒီဖိုရမ်မှာ ပညာရှင်တွေအများကြီးလာဆွေးနွေးကြတယ်။ ပြည်တွင်းကလည်း ဆွေးနွေးတယ်။ မေးခွန်းတွေလည်း မေးကြတယ်။ ရလဒ်တွေကတော့ ထွက်လာမှာပဲ။ ရလဒ်တွေ ဘယ်လိုပဲထွက်လာပါစေ အဲဒီရလဒ်တွေအတိုင်း ကျွန်တော်တို့ရဲ့ တိုင်းပြည်တစ်ခုလုံးက လိုက်လံပြီး လုပ်ဆောင်နိုင်မှာလား၊ အပြည့်အဝရဖို့အတွက် ဘာတွေလိုမလဲဆိုတဲ့ မေးခွန်းတစ်ခုတော့ရှိတယ်။ စစ်အာဏာရှင်ဆိုတဲ့ အုပ်ချုပ်ရေးတစ်ခုကနေ အရပ်သားအစိုးရကို ပြောင်းလဲလိုက်တဲ့အချိန်မှာ ဒီမိုကရေစီနဲ့ပတ်သက်လို့ ကျွန်တော်တို့ တိုင်းပြည်မှာက အသိပညာအင်မတန်နည်းပါးတယ်။ ပြည်သူလူထုအတွက် ဒီမိုကရေစီနဲ့ပတ်သက်လို့ အသိပညာပေးမှုက ပိုအရေးကြီးမယ်လို့ သုံးသပ်ချင်ပါတယ်။ ဒီဖိုရမ်လုပ်တာက အဲဒီအတွက်ပဲ ဖြစ်မယ်ဆိုရင် ထွက်လာတဲ့ရလဒ်တွေက ပြည်သူလူထုဆီကို ကျယ်ကျယ်ပြန့်ပြန့်ရောက်မယ်။ ဒီမိုကရေစီနဲ့ပတ်သက်လို့ အားလုံးက နားလည်ပြီးတော့ လိုက်ပါဆောင်ရွက်နိုင်မယ်ဆိုရင် လိုချင်တဲ့ပန်းတိုင်ကို ရောက်ရှိမှာပါ။

**ဒေါက်တာမြင့်ဇံ(ပါဝင်ဆွေးနွေးသူ)**

အရင်တုန်းက ပွင့်လင်းမှုသိပ်မရှိခဲ့ဘူး။ အခုက ပွင့်လင်းစွာနဲ့ ပြောဆိုနိုင်တယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အစိုးရအဖွဲ့ကိုတောင် ဝေဖန်ခွင့်ရှိရမယ်လို့ ပြောခဲ့ဖူးတယ်။ အဲဒါကို အရင်တုန်းကဘယ်သူမှ မပြောခဲ့ဖူးဘူး။ ပြည်သူ့အစိုးရတက်လာတာ တစ်နှစ်နဲ့ လေးလကျော်သွားပါပြီ။ တပ်မတော်ရဲ့အခန်းကဏ္ဍကလည်း နည်းနည်းလျော့သွားပြီ။ အရင်အစိုးရလက်ထက်နဲ့ စာရင်တောင်တော်တော်လေးလျော့သွားပါပြီ။ ဝမ်းနည်းတာ တစ်ခုကတော့ မဆလခေတ်က လူဆင်းရဲနဲ့ လူချမ်းသာကွာဟတာထက် အခုခေတ်လူဆင်းရဲနဲ့ လူချမ်းသာကွာဟတာက အများကြီးကွာပါတယ်။ နောက်တစ်ခုက ပညာရေးမှာ တော်တဲ့ကလေးတွေက အလွန်တော်တယ်။ ဒါပေမယ့် ညံ့တဲ့ကလေးတွေလည်းရှိတယ်။ အဲဒါတွေက တရားဥပဒေစိုးမိုးရေးတို့၊ ဒီမိုကရေစီကူးပြောင်းရေးတို့နဲ့ တိုက်ရိုက်မဆိုင်ပေမယ့် ကြည့်ပေးစေချင်တယ်။ ပြင်ဖို့ပြောင်းဖို့ဆိုတာကတော့ ချက်ချင်းခက်မယ်။ ဒါပေမယ့် အသိအမှတ်ပြုရမယ်လို့ ထင်ပါတယ်။

**ဦးတာနိုင်(လေ့လာသူ)**

မြန်မာ့ဒီမိုကရေစီကူးပြောင်းမှု ဖြစ်စဉ်သုံးသပ်ဆွေးနွေးပွဲကို လေ့လာလူတစ်ယောက်အနေနဲ့ လာတက်တာပါ။ အဲဒီဆွေးနွေးပွဲရလဒ်တွေကိုကြည့်ရင် မြန်မာ့ဒီမိုကရေစီဖြစ်ထွန်းအောင်မြင်မှုကို လေ့လာသိရှိရပါတယ်။ အဲဒီအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာတွေကို တင်ပြဆွေးနွေးတဲ့အတွက် ဗဟုသုတအများကြီးရရှိပါတယ်။ ဒီကနေ့ဆွေးနွေးတဲ့ စီးပွားရေးဗဟိုချုပ်ကိုင်မှုကနေ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရေးကိစ္စရပ်တွေကို စီးပွားရေးလမ်းကြောင်းတွေအရ ပြောဆိုပြတဲ့အတွက် များစွာအားရဝမ်းသာပါတယ်။ အဓိကကတော့ စီးပွားရေးမဏ္ဍိုင်အတွက် ပြည်သူတွေလုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ ခနအင်အားဟာ အလွန်အရေးကြီးပါတယ်။ ဒီမိုကရေစီစနစ်မှာ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် နှစ်ရှည်စီမံကိန်းတင်မဟုတ်ဘဲ နှစ်တိုစီမံကိန်းတွေကိုပါ ကြိုးစားဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း သုံးသပ်ဆွေးနွေးတင်ပြသွားတဲ့အတွက် ဗဟုသုတတွေ အများကြီးရရှိပါတယ်။

**(နိုင်လင်းကြည်၊ ကိုမင်း)**

■

# မောင်တောမြို့နယ်တွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

**မောင်တော ဩဂုတ် ၁၂**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မောင်တောမြို့နယ်ဘဏ်ခွဲတွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၇ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို မေ ၂၃ ရက်မှ ထုတ်ချေးပေးလျက်ရှိရာ မောင်တောမြို့နယ်တွင် ကျေးရွာအုပ်စု ၁၄ အုပ်စု၊ တောင်သူ ၆၂၂ ဦး၊ မိုးစပါးစိုက်ဧက ၁၈၇၅ ဧကရှိပြီး တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ငွေကျပ် ၂၈၁၂ သိန်းငါးသောင်း ထုတ်ချေးပြီးဖြစ်ပါကြောင်း မောင်တောမြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးထွန်းအောင်က ပြောသည်။

ရန်အောင်မြင်ကျေးရွာမှ အသက်(၅၁)နှစ်ရှိ ဒေါ်မေပြားစိန်က "မနှစ်ကတော့ ချေးငွေမထုတ်ပါဘူး။ ဒီနှစ်မိုးစပါး သုံးဧကအတွက် ချေးငွေလာထုတ်တာပါ။ ဒီကရတဲ့ငွေနဲ့ စိုက်ပျိုးစရိတ်တွေပေးရမှာဖြစ်ပါတယ်"ဟု ပြောသည်။

ရန်အောင်မြင်ကျေးရွာမှ ဦးဌေးလှိုင်ကလည်း "မနှစ်က ငွေအခက်အခဲမရှိလို့ လာမထုတ်ဖြစ်ဘူး။ ဒီနှစ်က အခက်အခဲရှိလို့ ချေးငွေလာထုတ်တာပါ။ မိုးစပါးစိုက်တာ ပြီးတဲ့သူပြီးပြီ၊ ကျန်တဲ့သူလည်း ကျန်သေးတယ်။ အခုထုတ်ပေးတဲ့ ချေးငွေနဲ့ စိုက်ပျိုးစရိတ်တွေပေးရမယ်။ မြေဆီ၊ မြေဩဇာဝယ်ရမယ်။ ကျန်တဲ့ငွေကိုတော့ အခြေအနေကြည့်ပြီး မွေးမြူရေးလုပ်ရမယ်"ဟု ပြောသည်။

လွန်ခဲ့သည့်နှစ်က မောင်တောမြို့နယ်တွင် ကျေးရွာအုပ်စု ၁၈ အုပ်စု၊ တောင်သူ ၁၀၆၉ ဦးရှိခဲ့ကြောင်း၊ မိုးစပါးစိုက်ဧက ၃၀၂၂ ဧကအတွက် ချေးငွေကျပ် ၄၅၃၃ သိန်း ထုတ်ချေးခဲ့ပါကြောင်း၊ အပြန်အလှန်အာမခံစနစ်အရ တောင်သူသုံးဦးတစ်ဖွဲ့တွင် သုံးဦးစလုံးချေးငွေပြန်ဆပ်ပြီးမှသာလျှင် ချေးငွေသစ်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ တောင်သူများပေးဆပ်ရန် ကျန်ရှိနေသည့်ငွေမှာ ၇၀၄ သိန်းရှိပါကြောင်း မောင်တောဘဏ်ခွဲမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေဝမ်းစိုး၊ မျိုးသူဟိန်း**


မန်နေဂျာ ဦးထွန်းအောင်

# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် (၁၅)ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် နီပေါနိုင်ငံ ကတ္တမန္ဒူမြို့၌ ဩဂုတ် ၁၀ ရက်မှ ၁၁ ရက် အထိကျင်းပသော (၁၅)ကြိမ်မြောက် ဘင်္ဂလားပင်လယ်အော် ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ်(ဘင်းမ်စတက်)နိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Krishna Bahadur Mahara က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဘင်းမ်စတက်အဖွဲ့ဝင် (၇)နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံ တို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

ဩဂုတ် ၁၀ ရက် ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် (၁၅)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် နီပေါနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sher Bahadur Deuba က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှု၊ ရင်းနှီး မြှုပ်နှံမှုကဏ္ဍ၊ စွမ်းအင်နှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုကဏ္ဍ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍ၊ နိုင်ငံများအကြား ဆက်သွယ်မှု(connectivity)အပါအဝင် ကဏ္ဍပေါင်းစုံ တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ကြရေးအတွက် အလေးပေး ပြောကြားခဲ့သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် နီပေါနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sher Bahadur Deuba အား ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ စုပေါင်းတွေ့ဆုံခဲ့ပြီး ညပိုင်းတွင် နီပေါနိုင်ငံ ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။




ဩဂုတ် ၁၁ ရက်တွင် ဒုတိယဝန်ကြီးသည် (၁၅) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဘင်းမ်စတက် ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံ၏ ပါဝင် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ မိန့်ခွန်းကို ပြောကြားခဲ့ သည်။ ဒုတိယဝန်ကြီးက ဘင်းမ်စတက်အဖွဲ့၏ ဦးစားပေး ကဏ္ဍ(၁၄)ခုအနက် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ နှင့် စွမ်းအင်ကဏ္ဍတို့တွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်သုံးစွဲနိုင်မှုသည် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံမျှမက ဆင်းရဲမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင်လည်း အထောက်အပံ့ပေးနိုင်မည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍ နှင့် ခရီးသွားလာမှုလုပ်ငန်းကဏ္ဍတို့တွင် တိုးတက်ရေး အတွက် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ကောင်းမွန်သောပတ်ဝန်းကျင် ဖန်တီးပေးနိုင်မည့် စီးပွားရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ အကြမ်းဖက်မှု သည် ဘင်္ဂလားပင်လယ်အော်ဒေသသာမက အရှေ့တောင် အာရှဒေသ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက် လျက်ရှိရာ အဖွဲ့ဝင်နိုင်ငံများအကြား အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမို ခိုင်မာအောင် ဆောင်ရွက်သင့်ကြောင်းနှင့် ဒေသတွင်းအဖွဲ့ ၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ အောင်မြင်မှုမှာ ငြိမ်းချမ်းတည်ငြိမ်သော ပတ်ဝန်းကျင်တစ်ခုရှိရန် အရေးကြီး ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးသို့တက်ရောက်လာသည့် နိုင်ငံခြားရေး ဝန်ကြီးများက ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း အိန္ဒိယနိုင်ငံ ဂိုအာမြို့တွင် ကျင်းပခဲ့သည့် ဘင်းမ်စတက် ခေါင်းဆောင်များ သီးသန့်အစည်းအဝေး (BIMSTEC Leaders' Retreat)အတွင်း ချမှတ်ခဲ့သည့် လမ်းညွှန်ချက် များအား အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုများကို လည်းကောင်း၊ နှစ်(၂၀)ပြည့် ဘင်းမ်စတက်တည်ထောင်ခြင်းဆိုင်ရာ အထိမ်းအမှတ် အဖြစ် နိုင်ငံအလိုက် ဆောင်ရွက်နေသည့် လှုပ်ရှားမှုများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် BIMSTEC Grid Interconnection ဆိုင်ရာ နားလည်မှုစာချွန်လွှာအား အမြန်ဆုံးလက်မှတ် ရေးထိုးရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေး က တာဝန်ထမ်းဆောင်မှု (၃)နှစ်သက်တမ်းပြည့်သွားသည့် ဘင်းမ်စတက်၏ လက်ရှိအတွင်းရေးမှူးချုပ်၏ နေရာတွင် အက္ခရာစဉ်အရ တာဝန်ယူရန် အလှည့်ကျသည့် ဘင်္ဂလား ဒေ့ရှ်နိုင်ငံမှ အဆိုပြုသော Mr. M Shahidul Islam အား ခန့်အပ်ကြောင်း အတည်ပြုခဲ့သည်။ ဘင်းမ်စတက် ဝန်ကြီးအဆင့် အစည်းအဝေးများသို့ ဒုတိယဝန်ကြီးနှင့်အတူ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးလည်း တက်ရောက်ခဲ့သည်။

အစည်းအဝေးအပြီးတွင် (၁၅)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ကတ္တမန္ဒူ မြို့ရှိ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများကို တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ စာမျက်နှာ ၈ မှ

မြန်မာနိုင်ငံတွင် အဆိုးသံသရာမလည်စေရန် ပြန်လည် ရင်ကြားစေ့ရေးကို ဆောင်ရွက်သင့်ပါကြောင်း၊ အကယ်၍ မဆောင်ရွက်နိုင်ပါက ရှုံးနိမ့်သူများ များပြားလာနိုင်သည့် အခြေအနေကို မျိုးဆက်သစ်များ ခံစားရနိုင်ပါကြောင်း၊ နောင်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးနှင့် ပြန်လည် ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် က ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စား လှယ်များ၏ အခန်းကဏ္ဍမှာ လွှတ်တော်က ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့်ပတ်သက်၍ နောက်ကလိုက်နေရသကဲ့သို့ ဖြစ်နေပါကြောင်း၊ လွှတ်တော်တွင် တိုင်းရင်းသားနှင့် ပတ်သက်သည့် ကော်မတီတစ်ခုရှိပါကြောင်း၊ နှစ်စဉ် အစီရင်ခံစာရေးသည့်အခါ လွှတ်တော်ရေးရာကော်မတီနှင့် ငြိမ်းချမ်းရေးညီလာခံမှာ တက်ကြွကောင်းမွန်သည့် ချိတ်ဆက်မှုမှာ ယနေ့အချိန်ထိ မရှိသေးပါကြောင်း၊ UPDJC တွင် ပါဝင်နေသည့် လွှတ်တော်ကိုယ်စားလှယ် များမှတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မည်သည့် အဆင့်သို့ ရောက်ရှိနေသည်ဆိုသည့် အခင်းအကျင်းမျိုး မလုပ်ဆောင်နိုင်သေးပါကြောင်း၊ မိမိတို့ကိုယ်တိုင် သေသေ ချာချာသိရှိမှသာ ပြည်သူလူထု၊ မဲဆန္ဒရှင်၊ အဖွဲ့အစည်း များနှင့် တွေ့ဆုံရာတွင် ရှင်းလင်းပြောကြားနိုင်မည်ဖြစ်ပါ ကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)မှ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက ငြိမ်းချမ်းရေးဖြစ်စဉ်၏ ရည်မှန်းချက် ၃ ခုကို တင်ပြလိုပါ ကြောင်း၊ ပထမ မျှော်မှန်းချက်မှာ တိုင်းပြည်လွတ်လပ်ရေး ကတည်းက ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကို ချုပ်ငြိမ်း စေလိုပါကြောင်း၊ ပင်လုံစာချုပ်ကို အကောင်အထည်မဖော် နိုင်သေးသည့်အတွက် ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကို ၂၁ ရာစုပင်လုံတွင် ညှိနှိုင်းပြီး အဆုံးသတ်ရန်ဖြစ်ပါကြောင်း။

**ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုကြီး**

ဒုတိယမျှော်မှန်းချက်မှာ ပြည်တွင်းစစ်ကို စတင် ဖန်တီးလိုက်သည့် ပြဿနာများကို ဖြေရှင်းပြီး ပင်လုံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားအားလုံး မျှော်မှန်း ခဲ့သည့် ပြည်ထောင်စုကြီးကို ပြန်လည်ထူထောင်ရေးဖြစ် ပါကြောင်း၊ ပြည်ထောင်စုကြီးထဲတွင်ရှိသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ အနာဂတ်ကို နိုင်ငံရေးအရ အာမခံ ချက်ပေးနိုင်မည်ဆိုပါက ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး အနာဂတ်အာမခံချက်ရှိသည့် ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုကြီးကို ထူထောင်နိုင်မည်ဖြစ်ပြီး ငြိမ်းချမ်းရေး ကိုလည်း ထူထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

တတိယမျှော်မှန်းချက်အနေဖြင့် ပင်လုံညီလာခံမှစပြီး အတူတကွထူထောင်ထားသည့် ပြည်ထောင်စုကြီးခိုင်မာရန်၊ အခွန့်ရှည်ရန်၊ အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရန် လိုလားပါကြောင်း၊ ပြည်ထောင်စုကြီး မတည်မြဲဘူးဆိုရင်၊ ပြည်ထောင်စုကြီးပြိုကွဲမယ်ဆိုရင်၊ ပြည်ထောင်စုကြီး အချုပ်အချာအာဏာမခိုင်မာပါက ငြိမ်းချမ်းရေးခိုင်မာမည် မဟုတ်ပါကြောင်း၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက် ပေးနိုင်သည့် ပြည်ထောင်စုကြီးကို ထူထောင်လိုပါကြောင်း ဆွေးနွေးသည်။

**သမိုင်းထဲတွင် ပိတ်မိမနေစေရန် ကြိုးစားကြရမည်**

Center For Myanmar Affairs Studies မှ ဦးအေးမောင်ကျော်က ယခင်အစိုးရလက်ထက်မှ စတင် ဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ငါးနှစ် ကျော်၊ ခြောက်နှစ်ကျော်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ခရီးပေါက် သင့်သလောက်ပေါက်ခဲ့သော်လည်း ဖြေရှင်းရန်ကျန်ရှိနေ သည်များလည်းရှိပါကြောင်း၊ ၂၁ ရာစုပင်လုံဟုဆိုလိုက်လျှင် ပင်လုံစတင်စဉ်က သဘောတူညီချက်များနှင့် ပြဿနာများကို ပါ ရင်ဆိုင်ကြရမည်ဖြစ်ပါကြောင်း၊ သမိုင်းကြောင်းတွင် သင်ခန်းစာယူစရာများလည်းရှိပြီး သမိုင်းထဲတွင် ပိတ်မိ မနေစေရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် အယူအဆအရ ကွဲပြားနေသည်များရှိနေပါကြောင်း၊ ထိုအရာကို ထင်ဟပ်နေသည့်စာတမ်းများ အများအပြား ရှိပါကြောင်း၊ ပထမပင်လုံမှ စာတမ်း ၇၂ စောင်ကို ကြည့်လျှင် သိရှိနိုင်ပါကြောင်း။

၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ဆွေးနွေး ပွဲအဆင့်သို့ မရောက်မီ အပစ်အခတ်ရပ်စဲရေးတွင်ပင် ရပ်တန့်ခဲ့ပါကြောင်း၊ ထိုအချိန်က ငြိမ်းချမ်းရေးသည် Positive Peace ကို ဦးတည်ခြင်းမျိုးမဟုတ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးနေသည့် အချိန်သည် ကိုယ့်အင်အား ကိုယ်တည်ဆောက်သည့် အချိန်ဖြစ်နေပါကြောင်း၊ အဆိုပါ ဖြစ်စဉ်များမှသင်ခန်းစာများ ရယူနိုင်ခဲ့ပါကြောင်း ဆွေးနွေး သည်။

**ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်ရမည်**

ငြိမ်းဖောင်ဒေးရှင်းမှ Daw Ja Nan Lahtaw က ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အဆောက်အအုံ ယန္တရား မပြည့်စုံမှုကြောင့် ပါဝင်ဆောင်ရွက်ရသည့်လုပ်ငန်းများ ပေါ်လာတတ်သည်ကို သုံးသပ်မိပါကြောင်း၊ ပဋိပက္ခအခြေ အနေတွင် အကြမ်းဖက်မှုများ လျှော့ပါးနိုင်ရန်၊ ထိုးစစ်ဆင် မှုများ လျှော့ပါးနိုင်ရန်၊ ပြဿနာပဋိပက္ခများ ဖြေရှင်းနိုင်ရန် အဆောက်အအုံတစ်ခု လိုအပ်နေပါကြောင်း၊ ငြိမ်းချမ်းရေး ဖော်ဆောင်ရန် အဆောက်အအုံဟု ဆိုရာတွင် လိုအပ် သည့်အချက်တစ်ခုမှာ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်ရ မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက **စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ အသွင်ကူးပြောင်းခြင်းကဏ္ဍ**နှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူ များက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။ **(သတင်းစဉ်)**

# ဆင်သားရေကုန်သွယ်မှုဈေးကွက်က ဆင်အမနှင့် သားငယ်များကိုပါ ပစ်မှတ်ထားလာ၍ မြန်မာ့တောဆင်ရိုင်းအနာဂတ် အထူးစိုးရိမ်နေရ

**တနင်္သာရီ ဩဂုတ် ၁၂**

ဆင်သားရေကုန်သွယ်မှုဈေးကွက်က ဆင်အမနှင့် သားငယ်များကိုပါ ပစ်မှတ်ထားလာခြင်းကြောင့် မြန်မာ့ တောဆင်ရိုင်းများ၏ အနာဂတ်မှာ အထူးစိုးရိမ်နေရကြောင်း ဆင်ထိန်းသိမ်းရေးဆောင်ရွက်နေသော ပြည်တွင်းနှင့် နိုင်ငံတကာထိန်းသိမ်းရေးအဖွဲ့အစည်းများက ပြောသည်။

ဩဂုတ် ၁၂ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆင်များနေ့၌ ဆင်အရေခွံရလိုမှုကြောင့် မြန်မာ့ တောဆင်ရိုင်းများ အကောင်ရေကျဆင်းလာမှုနှင့် ပတ်သက်၍ အထူးစိုးရိမ်မိကြောင်းကို WWF-Myanmar၊ နိုင်ငံတကာတောရိုင်းတိရစ္ဆာန်နှင့် အပင်များ ထိန်းသိမ်းရေးအဖွဲ့(FFI)၊ စမစ်ဆိုနီယန် ထိန်းသိမ်းရေး ဇီဝဗေဒအဖွဲ့အစည်း(မြန်မာနိုင်ငံအစီအစဉ်)နှင့် သားငှက် ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) တို့ ပူးပေါင်း ထုတ်ပြန်ခြင်းဖြစ်သည်။

"အစွယ်ရှိတဲ့ ဆင်ထီးတွေကိုပဲ ပစ်မှတ်ထားတဲ့ ဆင်စွယ်ဈေးကွက်နဲ့ မတူဘဲ လတ်တလောမြင့်တက်လာ နေတဲ့ ဆင်သားရေဝယ်လိုအားက ဆင်အမနဲ့ သားပေါက် တွေကိုပါ မချန်တော့ဘဲ သတ်ဖြတ်အရေခွံခွာတာတွေ ဖြစ်လာစေပါတယ်။ ဒီလိုသာဆက်သွားရင် မြန်မာ့တော ဆင်ရိုင်းတွေ မျိုးသုဉ်းသွားနိုင်ပါတယ်"ဟု နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် အပင်ထိန်းသိမ်းရေးအဖွဲ့(FFI)၏ တနင်္သာရီဒေသ ထိန်းသိမ်းရေးအစီအစဉ် ညှိနှိုင်းရေးမှူး ဦးနေမျိုးရွှေက ပြောသည်။

တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်မှုတွင် ဆင်သားရေများသည် ကာလရှည်ကြာကတည်းက ပါဝင် နေသော်လည်း တရားမဝင်ဈေးကွက်မှာ မည်သည့်အချိန် ကမျှ ယခုကဲ့သို့ မကျယ်ပြန့်ခဲ့ကြောင်း၊ တောဆင်ရိုင်း များကို တရားမဝင်သတ်ဖြတ်နေရာတွင် အဆိပ်လူးမြား များ သို့မဟုတ် ပေါက်ကွဲအားပြင်းသော ရိုင်ဖယ်သေနတ် များဖြင့် ပစ်ခတ်၍ သေဆုံးစေပြီးနောက် အရေခွံခွာယူကြ ခြင်းဖြစ်ကြောင်း ထုတ်ပြန်သည်။

မြန်မာနိုင်ငံအတွင်းရှိ တောဆင်ရိုင်းကောင်ရေမှာ တစ်ဟုန်ထိုးကျဆင်းနေပြီး အကောင်ရေ ၁၄၀၀ မှ ၂၀၀၀ ကြား ကျန်ရှိနေဦးမည်ဟု ခန့်မှန်းထားသော်လည်း လက်တွေ့တွင် ယင်းထက် များစွာလျော့နည်းဖွယ် ရှိသည်ဟု ဆင်ထိန်းသိမ်းရေးအဖွဲ့အစည်းများက ထုတ်ပြန် သည်။ ယင်းအပြင် ယခုနှစ် တောဆင်ရိုင်းအသတ်ခံရမှု သည် နှစ်စဉ် တောဆင်ရိုင်းအသတ်ခံရသည့် ပျမ်းမျှ ပမာဏထက် ကျော်လွန်နေကြောင်း သိရသည်။


အစိုးရမှတ်တမ်းများအရ ၂၀၁၀ ပြည့်နှစ်မှစ၍ အမဲလိုက်သတ်မှု သို့မဟုတ် နယ်မြေအတွင်း ပဋိပက္ခ ဖြစ်ပွားမှုတို့ကြောင့် အနည်းဆုံးလူ ၃၅ ဦး သေဆုံးကာ ဆင် ၉၅ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်ထိန်းသိမ်းရေးအဖွဲ့အစည်းများသည် တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် သစ်တောဦးစီးဌာနအပါအဝင် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တောဆင်ရိုင်းများကို အဓိကအမဲလိုက် သတ်ဖြတ်မှုများ ဖြစ်ပွားရာနေရာများတွင် တာဝန်ချထား ထမ်းဆောင်နိုင်ရန်အတွက်လည်း တောဆင်ရိုင်းကာကွယ် ထိန်းသိမ်းရေးဝန်ထမ်း ၄၅ ဦးကို ဇူလိုင်လအတွင်းတွင် အထူးပြုနည်းပညာများ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(ညီတူး)**

❑




**✪ သီလဝါမှ**

"၂၀၁၁ ခုနှစ်နောက်ပိုင်းမှာ ဂျပန်ကုမ္ပဏီတွေကနေ စိတ်ဝင်စားမှု တဖြည်းဖြည်းပိုများလာတယ်။ အဲဒီလို ဂျပန်ကုမ္ပဏီတွေ စိတ်ဝင်စားမှုများလာတာနဲ့ ပတ်သက်ပြီး သူတို့တွေ လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ပေးတာမျိုး၊ သူတို့ရဲ့ Demand အပေါ် လိုအပ်တဲ့အချက်အလက်တွေ ပေးနေပါတယ်။ ဂျပန်နိုင်ငံကနေ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ဆောင်ဖို့လာပြီးတော့ ရင်းနှီးမြှုပ်နှံဖို့ကို JETRO အနေနဲ့ အဓိက ဆောင်ရွက်နေပါတယ်။ အခုဆိုရင် သီလဝါ အထူးစီးပွားရေးဇုန်မှာ ကုမ္ပဏီပေါင်း ၈၄ ခု ရင်းနှီးမြှုပ်နှံနေပြီး ထက်ဝက်ဖြစ်တဲ့ ၄၂ ခုဟာ ဂျပန်ကုမ္ပဏီတွေပဲ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိ သီလဝါ အထူးစီးပွားရေးဇုန်အနေဖြင့် အိမ်နီးချင်းနိုင်ငံများရှိ စီးပွားရေးဇုန်များနှင့် နှိုင်းယှဉ်ပါက အောင်မြင်မှုရရှိသည်ဟု ဆိုနိုင်သော အထူးစီးပွားရေးဇုန်တစ်ခုတွင်ပါဝင်နေပြီး မြန်မာနိုင်ငံအတွင်းရှိ အခြားသောစက်မှုဇုန်များ၊ ရင်းနှီးမြှုပ်နှံနိုင်သော နေရာများထက် အခြေခံအဆောက်အအုံပိုင်း ပြည့်စုံအောင် အချိန်တိုအတွင်း ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဂျပန်ကုမ္ပဏီများအနေဖြင့် အဆိုပါစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် အထူးစိတ်ဝင်စားကြောင်း သိရသည်။ လက်ရှိတွင် ဇုန် (A) ကို အကောင်အထည်ဖော်ပြီးဖြစ်ပြီး ဇုန် (B) ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေကာ အခြေခံအဆောက်အအုံ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများမှာ လာမည့် ၂၀၁၈ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ယင်းတွင်လည်း ကုမ္ပဏီ ၁၀ ခုမှ ၁၅ ခုခန့်အထိ လာရောက်ရင်းနှီးမြှုပ်နှံရန် မျှော်မှန်းထားကြောင်း JETRO မှ သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ဂျပန်ကုမ္ပဏီများ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ အောက်တိုဘာအထိ စာရင်းများအရ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ သုည ဒသမ ၄ ဘီလီယံခန့်ရှိသည်ဟု သိရပြီး ယခုနှစ်ပိုင်းအတွင်း ထပ်မံဝင်ရောက်လာမှုများအရ ရင်းနှီးမြှုပ်နှံမှုများ တိုးလာမည်ဟု သိရသည်။

ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိပြီး လစဉ်လူဦးရေ ၃၀၀ ဝန်းကျင်ခန့်မှာ JETRO ရန်ကုန်ရုံးသို့ လာရောက်ဆက်သွယ်ကာ စုံစမ်းမေးမြန်းမှုများ၊ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာတွင် ရေရှည်ဆောင်ရွက်နိုင်မည်ကို အလေးထား စဉ်းစားဆောင်ရွက်လေ့ရှိပြီး ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်စွာ လုပ်ဆောင်နိုင်မှုအနေအထားကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂျပန်ပြင်ပ ကုန်သွယ်ရေးအဖွဲ့အစည်းဖြစ်သော JETRO (Japan External Trade Organization) ရုံးသည် ၁၉၉၇ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ လက်အောက်မှ အဖွဲ့အစည်းတစ်ခုဖြစ်ကာ မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်မြင့်မားလာရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဆုနှင်းလဲ့၊ ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

# ပုသိမ်တက္ကသိုလ် ကရင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီမောင်မယ်သစ်လွင်ကြိုဆို

**ပုသိမ် ဩဂုတ် ၁၁**

ပုသိမ်တက္ကသိုလ် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုမောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် နှုတ်ဆက်ပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိုးမြတ်မြတ်သူက အဖွင့်အမှာစကားပြောကြားပြီး ပုသိမ်တက္ကသိုလ် ကျောင်းအုပ်ကြီး ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေက ဩဝါဒစကားပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအနုပညာအသင်းမှ ကျောင်းသားကျောင်းသူများက ကရင်တိုင်းရင်းသားရိုးရာဒုံးယိမ်းအကနှင့် ကရင်တိုင်းရင်းသားရိုးရာ အလှပြိုင်ပွဲများဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ရေပြင်အသက်ကယ်သင်တန်းများ ဇာတ်တိုက်ပို့ချ

**မအူပင် ဩဂုတ် ၁၂**

ရုတ်တရက် မုန်တိုင်းကျရောက်ခြင်း၊ ရေဘေးကြုံတွေ့ခြင်း၊ ငလျင်ဘေးဒဏ်ခံစားရခြင်းနှင့် မီးဘေးအန္တရာယ်ကြုံတွေ့ရခြင်း စသည့် သဘာဝဘေးအကြောင်းပြု အန္တရာယ်များ ကြုံတွေ့ရပါက တုံ့ပြန်ကူညီကယ်ဆယ်နိုင်ရေးအတွက် ဒေသခံစေတနာရှင်ပြည်သူများ ပူးပေါင်းဖွဲ့စည်းသည့် မအူပင်မြို့အခြေစိုက် လူမှုကူညီကယ်ဆယ်ရေးအဖွဲ့၏ ရေပြင်အသက်ကယ်သင်တန်းဖွင့်ပွဲနှင့် ဇာတ်တိုက်သရုပ်ပြလေ့ကျင့်မှု အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက မအူပင်မြို့ရှိ ပန်းဝတီ စားသောက်ဆိုင်ခန်းမနှင့် တိုးမြစ်ကမ်းခြေ၌ကျင်းပရာ တာဝန်ရှိသူများ၊ လူမှုကူညီရေး အဖွဲ့ဝင်များဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

"အခုဆိုရင် ကျွန်တော်တို့ နိုင်ငံအပါအဝင် ကမ္ဘာ့ဒေသတော်တော်များများမှာ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ မီးဘေးစတဲ့ သဘာဝဖောက်ပြန်မှုကို အကြောင်းပြုတဲ့ဘေးတွေ ကြုံတွေ့နေရမှုက တစ်နှစ်ထက်တစ်နှစ် တိုးပွားလာနေတဲ့ အခြေအနေကို ကြုံတွေ့နေရပါတယ်။ ကျွန်တော်တို့ လူမှုကူညီကယ်ဆယ်ရေး အဖွဲ့က အဲဒီသဘာဝကြောင့် ဖြစ်ရတဲ့ အန္တရာယ်တွေကို ကူညီကယ်ဆယ်ဖို့ အဓိကရည်ရွယ်ဖွဲ့စည်းတာပါ။ အခြားသော ရောဂါဘယအန္တရာယ်နဲ့ မတော်တဆမှုအပါအဝင် အထွေထွေကူညီကယ်ဆယ်မှုတွေကိုလည်း တတ်နိုင်သလောက် ဝိုင်းဝန်းကူညီကယ်ဆယ်ပေးသွားမှာပါ။ အခုလည်း သင်တန်းသား ၂၉ ဦးကို ရေပြင်သက်ကယ်သင်တန်း ပို့ချပေးနေပါတယ်။ ဝါသနာတူ၊ စိတ်ဓာတ်တူ၊ စိတ်ထားဖြူတဲ့သူတွေ စုပေါင်းပြီး ပြည်သူတွေအတွက် တစ်ပိုင်တစ်နိုင် ပရဟိတလုပ်ငန်းလေးကို ပူးပေါင်းဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်"ဟု မအူပင်အခြေစိုက် လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ နာယက ဦးအောင်ဇော်ဝင်းက ပြောသည်။



**(သပြေထွန်း)**

# လူထုဗဟိုပြုစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**မင်းတုန်း ဩဂုတ် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သော မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် မြို့နယ်အဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးခြင်း အခမ်းအနားကို ဩဂုတ် ၉ ရက်က မင်းတုန်းမြို့နယ်အောင်ဆန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြား၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆွေက လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်သော သိကောင်းစရာများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယနှစ်စက်ဝန်းတွင် လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များက ခေါင်းစဉ်ခုနစ်ချက်၏ အားသာချက်၊ အားနည်းချက်နှင့် နောက်နှစ်အကြံပြုချက်များကို အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြပြီး အဖွဲ့ကိုယ်စားလှယ်များက ပြန်လည်တင်ပြကြသည်။

မင်းတုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုခုနစ်စုနှင့် ကျေးရွာ ၁၀ ရွာအား အကဲဖြတ်ဒိုင်များက စံနှုန်းများဖြင့် အကဲဖြတ်ရွေးချယ်ခဲ့ကြပြီး ဆုရရှိသည့် ကျေးရွာများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာစီမံကိန်းနှင့် အထောက်အကူပြု ကော်မတီဝင်များ၊ စီမံကိန်းဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**

# ကျောက်ကြီးမြို့နယ်တွင် H1N1 ရောဂါဖြင့် သေဆုံးကြောင်း သင်္ဂြိုဟ်ပြီးမှသိရ

**ကျောက်ကြီး ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာအုပ်စု နရွဲပင်ကျေးရွာရှိ အမျိုးသားလူနာတစ်ဦး တောင်ငူဆေးရုံ၌ သေဆုံးခဲ့ရာ ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီက ရန်ကုန်ဓာတ်ခွဲခန်း၏ ဆေးစစ်ချက်အဖြေအရ H1N1 ရောဂါဖြင့် သေဆုံးကြောင်း သိရသည်။

အဆိုပါရောဂါဖြင့်သေဆုံးသူသည် အသက်(၄၈)နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ဩဂုတ် ၇ ရက် နံနက် ၁ နာရီခွဲက ကျောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူရာ အသက်ရှူကျပ်နေသဖြင့် တောင်ငူဆေးရုံသို့ နံနက် ၁၁ နာရီခွဲက လွှဲပြောင်းပေးခဲ့ရာ တောင်ငူဆေးရုံ၌ ည ၈ နာရီတွင် သေဆုံးသွားခဲ့သည်။ ဩဂုတ် ၈ ရက်တွင် ပြန်သယ်ယူ၍ မီးသင်္ဂြိုဟ်ခဲ့သည်။ ရန်ကုန်ဓာတ်ခွဲခန်းသို့ ပို့ဆောင်ဆေးစစ်ချက်အဖြေကို ဩဂုတ် ၁၁ ရက်တွင် သိရှိခဲ့ရပြီး စစ်ဆေးချက်တွင် H1N1ရောဂါဖြင့်သေဆုံးသွားခဲ့ကြောင်း အတည်ပြုခဲ့သည်။

ဖြစ်စဉ်ကြောင့် အဆိုပါကျေးရွာရှိ သေဆုံးသူနေအိမ်သို့ သွားရောက်၍ ပတ်ဝန်းကျင်ကျန်းမာရေးစောင့်ရှောက်မှုများနှင့် အသိပညာပေးဆောင်ရွက်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာတွင် အိမ်ထောင်စု ၈၅ စု (လူဦးရေ ၄၂၈ ဦး) ရှိကြောင်း သိရသည်။

"မသေဆုံးခင်က လူနာဟာ အသက်ရှူကျပ်တယ်ဆိုပြီး ရွာကနေမြို့နယ်ဆေးရုံကို လာတက်တယ်။ မြို့နယ် ဆေးရုံကနေ နံနက် ၁၁ နာရီမှာ တောင်ငူခရိုင်ဆေးရုံကိုလွှဲတယ်။ ည ၈ နာရီလောက်မှာ လူနာဆုံးသွားတယ်။ ရွာမှာပဲ ပြန်သင်္ဂြိုဟ်တယ်။ အခုတော့ မိသားစုဝင်တွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေ လုပ်ပေးနေကြပါတယ်"ဟု မြို့နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# နေပြည်တော် ခုတင် (၁၀၀၀) တွင် H1N1 ရောဂါပိုးသံသယရှိသူတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံဖျားနာဆောင်(၁)သို့ ဩဂုတ် ၁၀ ရက်က ကျန်းမာရေးမကောင်းသဖြင့် ဆေးရုံတက်ရောက်လျက်ရှိသော မဥမ္မာ (၂၃) နှစ် သံခဲတောင်ကျေးရွာ တပ်ကုန်းမြို့နယ်နေသူအား ဩဂုတ် ၁၀ ရက် ညပိုင်းတွင် ရာသီတုပ်ကွေး H1N1 ရောဂါပိုး သံသယရှိ၍ အထူးဆောင် (၂၃) တွင် သီးသန့်ထားရှိပြီး ဆေးကုသမှုပေးလျက်ရှိကြောင်း သိရသည်။

တပ်ကုန်းမြို့နယ် သစ်စိမ့်ကျေးရွာနေ မမိုးဝါ (၃၈) နှစ်သည် ကျန်းမာရေးမကောင်းသဖြင့် ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီခွဲက ဇမ္ဗူသီရိမြို့နယ် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံဖျားနာဆောင် (၁)သို့ တက်ရောက်ကုသလျက်ရှိရာ ဩဂုတ် ၁၀ ရက် ညပိုင်းတွင် ရာသီတုပ်ကွေး H1N1 ရောဂါပိုး သံသယရှိ၍ ခုတင်(၁၀၀၀) နေပြည်တော် အထူးဆောင် (၁၆) တွင် သီးသန့်ထားရှိပြီး ဆေးဝါးကုသလျက်ရှိကြောင်း သိရသည်။

**ကိုနိုင်ဝင်း(ကြိုးကြာကန်)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁၃ စီး၊ သွင်းကုန် ၅၂၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀၊ သွင်းကုန် ၁၄၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂ ဒသမ ၂၃၈ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်ခု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၆၃ သန်းခန့်) စုစုပေါင်း တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၁၃ ဒသမ ၆၀၁ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဩဂုတ် ၁၁ ရက်တွင် Nissan UD ၁၂ ဘီး ယာဉ်တစ်စီး၊ ခရီးသည်တင်ယာဉ် တစ်စီးနှင့် Fuso ၁၂ ဘီးယာဉ်တစ်စီးတို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဆပ်ပြာမှုန့် 8.36 kg ၂၂၅ ထုပ်၊ 10.08 kg ၄၆၂ ထုပ် စုစုပေါင်း 6537.96 kg၊ Bolt & Nut ၄၈ အိတ် (2500) kg၊ CDI Unit (90) kg Carburetor အခု ၃၀၀၊ Street Lamp Picture Complete Set 84 W အခု ၉၀၊ Iron Ball (320) kg စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂ ဒသမ ၂၃၈ သန်းခန့်ကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





ယောလှအား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

# ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၂**
မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက် နံနက်က ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မော်တော်ယာဉ်အား ရှာဖွေရာ ယောလှအား စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် လည်းကောင်း။

အလားတူ ဩဂုတ် ၁၁ ရက် နံနက်က တပ်မတော်မှတပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ သင်္ကေပြင်ကျေးရွာလမ်းဆုံတွင် ကျော်ကျော်စိုးမောင်းနှင်ပြီး စိန်လှမောင်လိုက်ပါလာသည့် မော်တော်ယာဉ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၅၀၀ ကိုလည်းကောင်း တွေ့ရှိ၍ မူးယစ်တပ်ဖွဲ့စု(၄၇)စစ်တွေသို့ လွှဲပြောင်းပေးအပ်သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ငူဆေးရုံကြီးတွင် H1N1 ဖြင့် ဆေးကုသမှုခံယူနေသူ အမျိုးသမီးမှ သားယောက်ျားလေး အောင်မြင်စွာမွေးဖွား

**တောင်ငူ ဩဂုတ် ၁၂**
ပဲခူးတိုင်းဒေသကြီး တောင်ငူပြည်သူ့ဆေးရုံကြီး သီးသန့်ဆောင်တွင် H1N1 ဖြင့် ဆေးကုသမှု ခံယူနေသော မကြည်ပြာလှိုင် အသက်(၂၇)နှစ် ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့နေသူသည် ဩဂုတ် ၁၂ ရက် နံနက် ၆ နာရီခွဲခန့်က တောင်ငူပြည်သူ့ဆေးရုံကြီးတွင် သားယောက်ျားလေးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ကြောင်း သိရသည်။

"ကလေးက မနက် ၆ နာရီခွဲမှာ မွေးတယ်။ ရိုးရိုးပဲမွေးတာပါ။ ခလေးက 3.2 KG ရှိတယ်၊ ယောက်ျားလေးပါ။ အမေရောကလေးရော ကျန်းမာပါတယ်" ဟု တောင်ငူမြို့နယ်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာဇော်လွင်က ပြောသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၅၈၃ ဦးအနက် H1N1 ပိုးတွေ့လူနာ ၂၂၁ ဦးရှိပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိသေဆုံးသူ ၂၃ ဦးရှိကြောင်း သတင်းထုတ်ပြန်ထား

**နေပြည်တော် ဩဂုတ် ၁၂**
ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီအထိ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 သံသယလူနာ ၄၈ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် H1N1 ပိုးတွေ့လူနာ ၁၇ ဦးတွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၅၈၃ ဦးအနက် H1N1 ပိုးတွေ့လူနာ စုစုပေါင်း ၂၂၁ ဦးရှိပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိသေဆုံးသူ စုစုပေါင်း ၂၃ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် ယနေ့မွန်းလွဲ ၂ နာရီအထိ H1N1 ပိုးတွေ့အတွင်းလူနာခြောက်ဦး၊ အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၅၉ ဦး၊ စုစုပေါင်း ၆၅ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင်လည်း အတွင်းလူနာအရေအတွက် သိသိသာသာလျော့နည်းလာသည်ကို တွေ့ရှိရကြောင်း သိရသည်။

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိသေဆုံးသူ စုစုပေါင်း ၁၆ ဦးရှိကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်တွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်နေသူများတွင် H1N1 ပိုးတွေ့လူနာများသာမက ပိုးမတွေ့လူနာများအား လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ရောဂါကုသရေးလမ်းညွှန်များအတိုင်း ထိရောက်သော ကုသမှုများ ရရှိရန် အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း။

ခုခံကျကာလသားရောဂါ၊ ကျောက်ကပ်ရောဂါ၊ ပြင်းထန်အဆုတ်တီဘီရောဂါ၊ ဆီးချိုသွေးချိုစသည့် အခြားရောဂါအခံရှိသောသူများနှင့် ရာသီတုပ်ကွေးရောဂါပြင်းထန်စွာခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ အချိန်မီထိရောက်စွာကုသမှုခံယူသင့်သည်ဟု တိုက်တွန်းနှိုးဆော်ပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**



# ကသာမြို့တွင် အရှည် ရှစ်ပေခန့်၊ လုံးပတ် ၁၀ လက်မခန့်ရှိ စပါးကြီးမြွေတစ်ကောင် တွေ့ရှိ

**အင်းတော် ဩဂုတ် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် အရှည် ရှစ်ပေခန့်၊ လုံးပတ် ၁၀ လက်မခန့်ရှိ စပါးကြီးမြွေတစ်ကောင်တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာမြို့ လမ်းမတော်လမ်းရှိ ဧရာရွှေလီ အားကစားခန်းမအနောက်ဘက်တွင် ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီခန့်က ချုံနွယ်ပိတ်ပေါင်းနှင့် ပောင်းနွမ်းဆွေးမြည့်သောပျဉ်ပုံများ ရွှေ့ပြောင်းစဉ် အရှည် ရှစ်ပေခန့်၊ လုံးပတ် ၁၀ လက်မခန့်ရှိ စပါးကြီးမြွေတစ်ကောင်တွေ့ရှိ၍ ကသာမြို့နယ် အား/ကာမှူး ဦးရဲဝင်းလှိုင်က ကသာမြို့နယ် မီးသတ်ဦးစီးဌာနသို့ အကူအညီတောင်းခံသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးကာ ကသာခရိုင် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# ရခိုင်ပြည်နယ်၌ H1N1 ရောဂါပိုးရှိသူတစ်ဦး တွေ့ရှိ

**စစ်တွေ ဩဂုတ် ၁၂**
ရခိုင်ပြည်နယ် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် H1N1 ရောဂါပိုးရှိသူတစ်ဦး တွေ့ရှိကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှာ H1N1 လူနာတွေ့တယ်ဆိုတာဟုတ်ပါတယ်။ ကလေးငယ်က အသက် ၁ နှစ် ၁ လ ရှိပါပြီ။ စစ်တွေမြို့နယ် ဗျိုင်းဖြူရွာကပါ။ လူနာကိုစနစ်တကျကုသပေးထားပါတယ်။ ဒီနေ့မနက်ပိုင်းမှာတော့ ကလေးငယ်က သက်သာလာပါပြီ။ ကျွန်တော်တို့က မနေ့ည ၁၁ နာရီလောက်ကမှ အတည်ပြုချက်ရပါတယ်။ ကျွန်တော်တို့ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့လည်း လူနာကို လုံခြုံစိတ်ချရအောင် ကုသဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ပြောသည်။

ယခုအချိန်တွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ရောဂါပိုးတွေ့ရှိသည့် စစ်တွေမြို့နယ် ဗျိုင်းဖြူရွာသို့သွားရောက်ပြီး ရောဂါဖြစ်ပွားနေမှုအခြေအနေများနှင့် သံသယဖြစ်ဖွယ်လူနာများအား ရှာဖွေစမ်းသပ်စစ်ဆေးနေပြီး ကျေးရွာသားများကိုလည်း အသိပညာပေးဟောပြောမှုများ ပြုလုပ်လျက်ရှိကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့တွင် H1N1 ရောဂါပိုးတွေ့ရှိသည်ကို သိလျှင်သိချင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လူစည်ကားရာနေရာများတွင် ရာသီတုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဗီနိုင်းများ စိုက်ထူထားပါကြောင်း၊ ကျောင်းများနှင့် မြို့နယ်ရုံးများတွင်လည်း ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် ကျန်းမာရေးဌာနက ထုတ်ပြန်ထားသော ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများအတိုင်း နေထိုင်ကြစေလိုကြောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှလည်း အချိန်နှင့်တစ်ပြေးညီ သတင်းများထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဒေါက်တာကြည်လွင်က ပြောသည်။

ရခိုင်ပြည်နယ်အစိုးရအနေဖြင့်လည်း ရောဂါကာကွယ်ရေးနည်းလမ်းများနှင့် ကုသရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ လက်လုပ်မိုင်းပေါက်ကွဲ

**မူဆယ် ဩဂုတ် ၁၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့နှင့် ခုနစ်မိုင်ဝေးသော မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် ဩဂုတ် ၁၁ ရက် ည ၁၀ နာရီ မိနစ် ၂၀ ခန့်က လက်လုပ်အသံမိုင်းဟုယူဆရသော မိုင်းတစ်လုံးပေါက်ကွဲခဲ့ကြောင်း သိရသည်။

အဆိုပါပေါက်ကွဲမှုဖြစ်စဉ်ကို ဒုရဲမှူး ဝင်းဇော်လတ် ဦးစီးအဖွဲ့နှင့် (၁၀၅)မိုင်ရဲကင်းမှူး ဒုရဲအုပ်လှမ်းမိုး ဦးစီးသောအဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့ရာ မူဆယ်(၁၀၅)မိုင် ယာဉ်ငယ်စစ်ဆေးရေးဂိတ်အနီးရှိ လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးမှ ကိုက် ၅၀ ခန့်အကွာရှိ ကုမ္ပဏီဂိုဒေါင်များသို့ သွားသည့်အပေါ်လမ်းဘေးရေအိုင်ငယ်အနီးတွင် ပေါက်ကွဲခဲ့ပြီး ပတ်ဝန်းကျင်၌ ပလတ်စတစ်အပြာစများ ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရှိရကြောင်း သိရသည်။

ထိုပေါက်ကွဲမှုဖြစ်စဉ်ကြောင့် လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာများ မရှိခဲ့ကြောင်း သိရသည်။ ထိုပေါက်ကွဲမှုနှင့်ပတ်သက်၍ အခင်းဖြစ်ရပ်နေရာမှ တွေ့ရှိရသော ပလတ်စတစ်အပြာစများကို နယ်မြေခံတပ်မှ စစ်ဆေးခဲ့ရာ အသံမိုင်းဟုယူဆရကြောင်း မူဆယ်မြို့မရဲစခန်းမှ သိရသည်။

**ပြည့်စုံ(မူဆယ်)**

# ပုဂံမြို့ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲ ကျင်းပ




**ပုဂံ ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုနယ်မြေဒေသတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ACE ဆောက်လုပ်ရေးကုမ္ပဏီ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူပေါင်းစီစဉ်ကျင်းပသည့် ပုဂံမြို့ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၇ နာရီက ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားအနောက်ဘက်မုခ်ကွင်းပြင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ Mountain Bike စက်ဘီးပြိုင်ပွဲကို အမျိုးသားအလွတ်တန်း (၃၃)ကီလိုမီတာပြိုင်ပွဲ၊ အမျိုးသားအပျော်တမ်း(၁၆ ဒသမ ၅)ကီလိုမီတာပြိုင်ပွဲ၊ အမျိုးသမီးအပျော်တမ်း (၁၆ ဒသမ ၅)ကီလိုမီတာပြိုင်ပွဲဟူ၍ အမျိုးအစား သုံးမျိုးခွဲထားပြီး အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ၃၂ ဦး၊ အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ၂၁၄ ဦး၊ အမျိုးသမီးအပျော်တမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၀ ဦး စုစုပေါင်း ၂၆၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲကို စွမ်းရည်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်၊ လေထုညစ်ညမ်းမှုကိုကာကွယ်ရန်၊ စက်သုံးဆီ ခြိုးခြံချွေတာရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ရှေးဦးစွာ အမျိုးသားအလွတ်တန်း (၃၃)ကီလိုမီတာပြိုင်ပွဲကို ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က လည်းကောင်း၊ အမျိုးသားအပျော်တမ်း(၁၆ ဒသမ ၅)ကီလိုမီတာပြိုင်ပွဲကို မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထင်ကျော်လင်းက လည်းကောင်း၊ အမျိုးသမီး အပျော်တမ်း(၁၆ ဒသမ ၅) ကီလိုမီတာပြိုင်ပွဲကို ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်းက လည်းကောင်း သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့သည်။

ထို့နောက် နံနက် ၉ နာရီတွင် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသည့် အားကစားသမားများအား ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# သုံးနှစ်မြောက် လက်တွဲမှုအထိမ်းအမှတ် သင်ကြားရေးအထောက်အကူပြုဘတ်စ်ကား လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာနိုင်ငံအတွင်းရှိ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသော လူငယ်များအား ပညာသင်ကြားပေးနေသည့် NGO တစ်ခုဖြစ်သည့် myME နှင့် Samsung Myanmar တို့ပူးပေါင်းပြီး ကျောင်းပြင်ပရောက်လူငယ်များ ပညာသင်ကြားရေးအတွက် ရွေ့လျားစာသင်ခန်းကားများ၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများနှင့် တတိယမြောက်ဘတ်စ်ကားကို ဩဂုတ် ၁၀ ရက်က လှူဒါန်းကြောင်း သိရသည်။

ပထမနှစ်တွင်လှူဒါန်းခဲ့သည့် ဘတ်စ်ကားကို ရန်ကုန်မြို့အတွင်း ကျောင်းပြင်ပရောက် သင်ခန်းစာများသင်ကြားမှုကို အားဖြည့်ရာတွင် အသုံးပြုခဲ့ပြီး ဒုတိယမြောက် ဘတ်စ်ကားကို မန္တလေးမြို့ရှိလူငယ်များအား စာသင်ကြားရန် အသုံးပြုခဲ့သည်။ ယခုနှစ်တွင် လှူဒါန်းသည့် ဘတ်စ်ကားအား ကျောင်းပြင်ပရောက် သင်ခန်းစာများ သင်ကြားရန်သာမက အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ သင်ကြားပို့ချပေးရန်အတွက် အသုံးပြုသွားမည်ဖြစ်သည်။

တတိယအကြိမ်မြောက်လက်တွဲမှုနှင့်ပတ်သက်ပြီး Samsung Myanmar မှ Head of Marketing, Mr. Richard See က "လက်ဖက်ရည်ဆိုင်တွေမှာ အလုပ်လုပ်နေတဲ့ လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ပုံဖော်နိုင်အောင် ပံ့ပိုးပေးနေတဲ့ myME နဲ့အတူ လက်တွဲလာတာ အခုဆိုရင် သုံးနှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာတစ်လွှားမှာရှိတဲ့ လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို ကူညီပေးဖို့အသင့်ရှိနေပြီးတော့ အခုလို မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကလေးတွေရဲ့ တိုးတက်မှုတွေကို တွေ့ရတဲ့အတွက် အလွန်ကို ဝမ်းသာရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း myME ကို အနာဂတ်မှာ ဆက်လက်ပံ့ပိုးကူညီနိုင်အောင် အကောင်းဆုံး ကြိုးစားသွားမှာပါ။ အခုလို myME မှာ ပညာသင်ကြားနေတဲ့ ကလေးတွေကလည်း နောင်တစ်ချိန်မှာ တိုင်းပြည်ကို အကျိုးပြုနိုင်တဲ့ လူတော်လူကောင်းတွေအဖြစ် ရောက်ရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာရွေ့လျားပညာသင်ကြားရေးစနစ်တွင် ပညာသင်ကြားနေသည့် ကျောင်းသားတစ်ဦးဖြစ်ပြီး လက်ဖက်ရည်ဆိုင်တွင် လုပ်ကိုင်နေသည့် မောင်စောခုဒိုက "တကယ်လို့ အခုလို သင်ကြားရေးမျိုးသာ ကျွန်တော်တို့ဆီရောက်မလာခဲ့ဘူးဆိုရင် ကျွန်တော်တို့တွေ ဘဝအတွက်လိုအပ်တဲ့ နောက်ထပ်လေ့လာသင်ယူမှုတွေ ရနိုင်မှာမဟုတ်ပါဘူး။ အခုတော့ ကြီးလာရင် ဘယ်လိုအလုပ်မျိုးကို လုပ်ချင်တယ်၊ နောက်ပြီး ဘယ်လိုအရာတွေ ပိုအားသန်တယ်၊ စိတ်ဝင်စားတယ်ဆိုတာ သိလာရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်" ဟု သူ၏အမြင်ကို မျှဝေခဲ့သည်။

ထပ်မံဖွင့်လှစ်မည့် သင်တန်းအသစ်နှင့်ပတ်သက်ပြီး myME ၏ စီမံကိန်းဒါရိုက်တာ ကိုတင်မောင်မောင်အေးက "လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက Samsung Myanmar နဲ့ ပူးပေါင်းမှုက ကောင်းမွန်တဲ့ အတွေ့အကြုံတစ်ခုဖြစ်ပါတယ်။ ဒီတစ်နှစ်မှာလည်း နောက်ထပ် ဘတ်စ်ကားတစ်စီး လှူဒါန်းတဲ့အတွက် အလွန်ဝမ်းသာရပြီး အားတက်ရပါတယ်။ ဒီထပ်မံလှူဒါန်းထားတဲ့ ဘတ်စ်ကားကို သာမန်ကျောင်းပြင်ပ သင်ခန်းစာတွေသာမက အချက်အပြုတ်ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပညာရပ်တွေ၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအသောက်တွေနဲ့ သန့်ရှင်းတဲ့ အစားအသောက်တွေအကြောင်းကို သင်ကြားနိုင်အောင် မီးဖိုချောင်အသေးစားမျိုး ထည့်သွင်းပြုလုပ်သွားမှာပါ"ဟု ပြောကြားခဲ့သည်။ ယခုသင်တန်းအား ရန်ကုန်မြို့အတွင်းရှိ မြို့နယ်များဖြစ်သော လှိုင်သာယာ၊ ရွှေပြည်သာ၊ အရှေ့ဒဂုံ၊ ဒဂုံဆိပ်ကမ်း အစရှိသော မြို့နယ်များသို့ သွားရောက်သင်ကြားပေးမည်ဖြစ်သည်။



လူငယ်နှင့်ပညာရေးကို အဓိကရည်ရွယ်ကာ မြန်မာနိုင်ငံ၏ မိုဘိုင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မိုဘိုင်းအပလီကေးရှင်းများ ပြုလုပ်ဖန်တီးနိုင်သည့် အရည်အချင်းရှိ ထူးချွန်လူငယ်များ ပိုမိုထွက်ပေါ်လာစေရန် ရည်ရွယ်သည့် Samsung Tech Institute: Mobile Application သင်တန်းအား ၂၀၁၃ ခုနှစ်မှစတင်ကာ နှစ်စဉ်ပြုလုပ်ခဲ့သည်။

Samsung Tech Institute ၏ တိုးချဲ့အစီအစဉ်တစ်ခုအဖြစ် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့်ပူးပေါင်း၍ တီဗွီနှင့် မိုဘိုင်းဖုန်း ပြုပြင်သင်တန်းကိုလည်း ၂၀၁၆ ခုနှစ်မှစတင်၍ ဖွင့်လှစ်သင်ကြားနိုင်ခဲ့သည်။ ထို့အပြင် Networking သင်တန်းအားသန်လျင်နည်းပညာတက္ကသိုလ်နှင့်ပူးပေါင်း၍ ကျောင်းသားကျောင်းသူ အယောက် ၆၀ အား ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

**(ဇာဏီ)**



# တိုင်းရင်းဆေးပညာ တိုးတက်ပြန့်ပွားရေး အလွန်ပင်အရေးကြီးဟုဆို

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာ့တိုင်းရင်းဆေးပညာလောကအတွင်း တိုင်းရင်းဆေးပညာများ တိုးတက်ပြန့်ပွားရေးကိစ္စသည် အလွန်ပင်အရေးကြီးနေလျက်ရှိကြောင်း မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)ဥက္ကဋ္ဌ သမားတော်ကြီး ဦးသောင်းနိုင်က ပြောသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အသီးသီးရှိ တိုင်ရင်းဆေး ဆရာ ဆရာမများ အနေဖြင့် တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဆွေးနွေးခြင်း၊ နည်းပညာဖလှယ်ခြင်းတို့ လုပ်ဆောင်သွားသင့်ကြောင်း ၎င်းက ယနေ့ကျင်းပသော နဝမအကြိမ် တိုင်းရင်းဆေးဆရာများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်တော်ရှည် တိုင်းရင်းဆေးဆရာကြီး ၁၄၇ ဦးအား ပူဇော်ကန်တော့ပွဲ၌ ပြောကြားသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးသန်းညွန့်ကလည်း ယခုလို သက်တော်ရှည် သမားတော်ကြီးများအား ပူဇော်ကန်တော့ခြင်းသည် သမားတော်ကြီးများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ဖြိုခွဲ၍မရနိုင်သော ဆရာသမားတို့၏ ဂုဏ်ကိုအာရုံပြုပူဇော်ခြင်းလည်းဖြစ်ရာ ဆရာတပည့်စုံညီပြည့်ဝသော ကျန်းမာရေးအသိပညာ တိုးတက်ရာတိုးတက်ကြောင်း ဆွေးနွေးရသည်ဖြစ်၍ အလွန်ပင်အကျိုးများပြားကြောင်း ပြောကြားသည်။

အသင်းအနေဖြင့် တိုင်းရင်းဆေးပညာလောက တိုးတက်ပြန့်ပွားရေး၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးဆရာများ ထွက်ပေါ်ရေးတို့အတွက် ကြိုးပမ်းနေသည့်အပြင် ဆွေးနွေးပွဲများ၊ ဟောပြောပွဲများကိုလည်း လုပ်ဆောင်နေသလို တိုင်းရင်းဆေးပညာ စာမေးပွဲများ ပြန်လည်ပြုလုပ်ရေးအတွက် နိုင်ငံတော်သို့ တင်ပြထားရှိကြောင်း သိရသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ ရိုးရာဆေးပညာလည်းဖြစ်သလို အားထားသုံးစွဲသူများလည်း အလွန်များပြားကြောင်း သိရသည်။

**(၆၈၀)**

# ဘူးသီးတောင်မြို့နယ်၌ အစွန်းရောက်အကြမ်းဖက်သမားများ၏ အမာခံတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက်ပိုင်းက အစွန်းရောက်အကြမ်းဖက်သမားများအား ကူညီပံ့ပိုးပေးနေသူ အမာခံတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တင်းမေကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် မော်လဝီမူဟာမတ်အလီအား ဖမ်းဆီးစစ်ဆေးရာ ၎င်းသည် အစွန်းရောက်အကြမ်းဖက်အဖွဲ့ခေါင်းဆောင် မော်လဝီ မတ်တာမိန်နှင့် ဟာဘတ် အဏ္ဏဝါ တို့ထံ စားသောက်စရာများ ပို့ဆောင်ပေးခဲ့ပြီး အကြမ်းဖက်သမားများအား သတင်းပေးပို့နေသူဖြစ်ကြောင်း သိရသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဩဂုတ် ၁၂ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

### ပရီမီယာလိဂ် ပွဲစဉ် (၁)

| | | | |
|---|---|---|---|
| အာဆင်နယ် | ၄ | ၃ | လက်စတာ |
| ဝက်ဖို့ဒ် | ၃ | ၃ | လီဗာပူး |
| ချယ်လ်ဆီး | ၂ | ၃ | ဘန်လေ |
| အဲဗာတန် | ၁ | ၀ | စတုတ် |
| ပဲလေစ် | ၀ | ၃ | ဟက်ဒါဖီးလ် |
| ဆောက်သမ်တန် | ၀ | ၀ | ဆွမ်ဆီး |
| ဝက်စ်ဘရွန်း | ၁ | ၀ | ဘုန်းမောက် |

**(နိုင်ဝင်း)**

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ခန္တီးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြား ၄၇၅၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နတ်မြစ်အတွင်း၌ တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက်ပိုင်းက စိတ်ကြွဆေးပြား ၄၇၅၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၂ နာရီခန့်က မသင်္ကာဖွယ်လှေတစ်စင်းကိုတွေ့ရှိသဖြင့် လိုက်လံဖမ်းဆီးရာ လှေပေါ်ပါသူများမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး လှေပေါ်မှ WY/R စာတန်းပါ စိတ်ကြွဆေးပြား ၄၇၅၀၀ (ခန့်မှန်းကာလတန်ဖိုး ငွေကျပ် သိန်း ၉၅၀)သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန်နှင့် အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါရန် ဖော်ပြခြင်းဖြစ်သည်။**

**ယမန်နေ့မှအဆက်**

၄၁။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ - ၄၀ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ အထူးဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၂။ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ဆေးကုသခွင့် လိုင်စင်ရရှိလိုသူ တိုင်းရင်းဆေးဆရာသည် ယာယီကန့်သတ်ဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အလုပ်အမှုဆောင်အဖွဲ့သို့ လျှောက်ထားရမည်။

၄၃။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ - ၄၂အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်း စစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်းပြည့်မီလျှင် လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေ၍ ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့်ဒေသနှင့် ကုသခွင့်ကာလတို့အား ကန့်သတ်လျက် ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်းသို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၄။ ဆေးကုသခွင့်လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏ ဆေးကုသသည့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်း မကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ အလုပ်အမှုဆောင်အဖွဲ့သို့ လျှောက်ထားရမည်။ လျှောက်ထားဆဲကာလအတွင်း ယင်း၏ ဆေးကုသမှုလုပ်ငန်းများသည် တရားဝင်ဆောင်ရွက်ခြင်းဟု မှတ်ယူရမည်။

၄၅။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ - ၄၄အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၆။ အလုပ်အမှုဆောင်အဖွဲ့သည် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာတစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့်ရုပ်သိမ်းခြင်း ပြုနိုင်သည်။

(က) တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း
(ခ) စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု မရှိခြင်းကြောင့် တိုင်းရင်းဆေးဆရာတစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်း မရှိခြင်း
(ဂ) တိုင်းရင်းဆေးဆရာတစ်ဦး၏ လုပ်ငန်းတာဝန်များကို ပေါ့လျော့စွာ ဆောင်ရွက်ခြင်း
(ဃ) တိုင်းရင်းဆေးဆရာတစ်ဦး၏ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှု မရှိခြင်း
(င) အလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ထားသော ကာလအတွင်း အကြောင်းပြချက် ခိုင်လုံမှု မရှိဘဲ ဆေးကုသခွင့်လိုင်စင်သက်တမ်း တိုးမြှင့်ရန် ပျက်ကွက်ခြင်း
(စ) ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသေးသည့် ဆေးပညာဆိုင်ရာ ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲဖော်ပြခြင်း

**အခန်း(၁၄)**
**မှတ်ပုံတင်တိုင်းရင်းဆေးဆရာနှင့် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာ၏တာဝန်နှင့် ရပိုင်ခွင့်များ**

၄၇။ မှတ်ပုံတင်တိုင်းရင်းဆေးရာနှင့် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာများသည် -
(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။
(ခ) ကောင်စီက သတ်မှတ်သည့် တိုင်းရင်းဆေးဆရာ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။
(ဂ) တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။
(ဃ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏အကြံဉာဏ်နှင့် အကူအညီကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၄၈။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် -
(က) ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
(ခ) ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၄၉။ ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာသည် -
(က) မိမိရရှိထားသော ဆေးကုသခွင့် လိုင်စင်အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။
(ခ) မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။
(ဂ) စဉ်ဆက်မပြတ် ပညာသင်ကြားခွင့် ရရှိရေးအတွက် ကောင်စီသို့ တင်ပြပိုင်ခွင့်ရှိသည်။

**အခန်း(၁၅)**
**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၅၀။ ကောင်စီသည် မိမိကိုယ်တိုင်သိရှိ၍ဖြစ်စေ၊ သတင်းပေးတိုင်ကြားသူက တိုင်ကြား၍ဖြစ်စေ မှတ်ပုံတင်ရ တိုင်းရင်းဆေးဆရာ သို့မဟုတ် ဆေးကုသခွင့် လိုင်စင်ရသူ တစ်ဦးဦးအား စုံစမ်းစစ်ဆေးရန်အကြောင်း ပေါ်ပေါက်လျှင် ကောင်စီဝင် (၃) ဦးနှင့် သက်ဆိုင်ရာ ပညာရှင်အနည်းဆုံး (၂) ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅၁။ ပုဒ်မ - ၅၀အရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး သုံးသပ်ချက်၊ အကြံပြုချက်တို့နှင့်အတူ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၅၂။ အလုပ်အမှုဆောင်အဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး တွေ့ရှိချက်များအရ အောက်ပါအရေးယူဆောင်ရွက်မှု တစ်ခုခုကို ပြုလုပ်နိုင်သည်။
(က) သတိပေးခြင်း
(ခ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း
(ဂ) ဆေးကုသခွင့်လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း

**အခန်း(၁၆)**
**အယူခံခြင်း**

၅၃။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ-၃၃၊ ပုဒ်မ-၃၅၊ ပုဒ်မ-၃၇၊ ပုဒ်မ- ၃၉၊ ပုဒ်မ-၄၁၊ ပုဒ်မ-၄၃၊ ပုဒ်မ-၄၅၊ ပုဒ်မ-၄၆၊ ပုဒ် -၅၂ အရ ပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၅၄။ ပုဒ်မ-၅၃အရ အယူခံရာတွင် ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း(၁၇)**
**တားမြစ်ချက်နှင့် ပြစ်ဒဏ်များ**

၅၅။ ကောင်စီကသတ်မှတ်ထားသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ မည်သူမျှ တိုင်းရင်းဆေးဆရာ အမည်ခံ၍ ဆေးကုသခြင်းမပြုရ။

၅၆။ ကောင်စီက သတ်မှတ်ထားသည့် ကုသခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ တိုင်းရင်းရိုးရာ ဆေးပညာကို အသုံးပြု၍ မည်သူမျှ ဆေးကုသခြင်းမပြုရ။

၅၇။ ဆေးကုသခွင့်လိုင်စင်ရသူမည်သူမျှ
(က) လိုင်စင်ပါ ခွင့်ပြုသည့် ဆေးကုသခြင်းအမျိုးအစားမှအပ အခြား ဆေးကုသခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ။
(ခ) လိုင်စင်ပါ ကန့်သတ်ချက်များကို ကျူးလွန်ဖောက်ဖျက် ဆောင်ရွက်ခြင်းမပြုရ။

၅၈။ ပုဒ်မ-၃၀အရ မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားသူ မည်သူမျှ မမှန်မကန် လိမ်လည်လျှောက်ထားခြင်း မပြုရ။

၅၉။ ပုဒ်မ-၃၄အရ ဘွဲ့၊ ဒီဂရီ အသိအမှတ်ပြုရန် လျှောက်ထားသူ မည်သူမျှ မမှန်မကန် လိမ်လည်လျှောက်ထားခြင်းမပြုရ။

၆၀။ ပုဒ်မ-၃၆၊ ပုဒ်မ-၃၈၊ ပုဒ်မ-၄၀နှင့် ပုဒ်မ-၄၂ အရ ဆေးကုသခွင့်လိုင်စင်ရရှိရန်နှင့် ပုဒ်မ-၄၄အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသူမည်သူမျှ မမှန်မကန် လိမ်လည် လျှောက်ထားခြင်း မပြုရ။

၆၁။ ပုဒ်မ-၅၅ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၁)နှစ်မှ အများဆုံး ထောင်ဒဏ် (၃) နှစ်နှင့် ငွေကျပ်ငါးသိန်းအောက် မလျော့သော ငွေဒဏ်ကို ချမှတ်နိုင်သည်။

၆၂။ ပုဒ်မ-၅၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် (၁) နှစ်မှ အများဆုံးထောင်ဒဏ် (၃) နှစ်နှင့် ငွေကျပ်ငါးသိန်းအောက် မလျော့သော ငွေဒဏ်ကို ချမှတ်နိုင်သည်။

၆၃။ ပုဒ်မ-၅၇ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် (၁) နှစ်မှ အများဆုံးထောင်ဒဏ် (၃) နှစ်နှင့် ငွေကျပ်ငါးသိန်းအောက် မလျော့သော ငွေဒဏ်ကို ချမှတ်နိုင်သည်။

၆၄။ ပုဒ်မ-၅၈ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၁)နှစ်မှ အများဆုံး ထောင်ဒဏ် (၃) နှစ်နှင့် ငွေကျပ်ငါးသိန်းအောက် မလျော့သော ငွေဒဏ်ကို ချမှတ်နိုင်သည်။

၆၅။ ပုဒ်မ-၅၉ ပါတားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၁)နှစ်မှ အများဆုံး ထောင်ဒဏ်(၃)နှစ်နှင့် ငွေကျပ်ဆယ်သိန်းအောက် မလျော့သော ငွေဒဏ်ကို ချမှတ်နိုင်သည်။

၆၆။ ပုဒ်မ-၆၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၁)နှစ်မှ အများဆုံး ထောင်ဒဏ် (၃) နှစ်နှင့် ငွေကျပ်ငါးသိန်းအောက် မလျော့သော ငွေဒဏ်ကို ချမှတ်နိုင်သည်။

**အခန်း(၁၈)**
**အထွေထွေ**

၆၇။ ဆေးကုသခွင့်လိုင်စင်ရသူကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိသော ဆေးလက်မှတ်နှင့် ဆေးဘက်ဆိုင်ရာ အထောက်အထားများသည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။

၆၈။ ဆေးကုသခွင့်လိုင်စင်ရရှိသူတစ်ဦးဦးသည် လူနာအကျိုးအတွက် ၎င်း၏ သဘောတူညီချက်ဖြင့် ဆေးပညာရပ်ဆိုင်ရာ ထိုက်သင့်သော သတိပြုခြင်းဖြင့် ဆုံးဖြတ်၍ တိုင်းရင်းဆေးဆရာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်လျှင် ယင်းဆောင်ရွက်ချက်ကို ပေါ့လျော့စွာ ဆောင်ရွက်သည်ဟု မမှတ်ယူရ။

၆၉။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ တရားစွဲဆိုခံရသူသည် မှတ်ပုံတင် တိုင်းရင်းဆေးဆရာဖြစ်ပါက သက်ဆိုင်ရာ အဖွဲ့အစည်းများသည် ကောင်စီသို့ အသိပေး အကြောင်းကြားရမည်။

၇၀။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ်-၂/၂၀၀၀)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၁။ ကောင်စီသည် တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်-၂/၂၀၀၀) အရ ဖွဲ့စည်းထားသော ကောင်စီပိုင်ရန်ပုံငွေများကိုလည်းကောင်း ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီး ဆက်ခံရမည်။

၇၂။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် -၂/၂၀၀၀) အရ ဖွဲ့စည်းထားသော တိုင်းရင်းဆေးကောင်စီသည် ဤဥပဒေအရ ကောင်စီမဖွဲ့စည်းမီ ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်။

၇၃။ ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဖော်ပြထားစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၇၆။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် - ၂/၂၀၀၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မုံရွာ ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇီးကျွန်းကျေးရွာအုပ်စု၊ ပလ္လင်(မ)ကျေးရွာ ဒုတိယနှစ် မြစိမ်းရောင် စီမံကိန်းလည်ပတ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားနှင့် တောင်ကြားကျေးရွာအုပ်စု၊ ကျောက်ခွက်ကျေးရွာ၊ ရောင်တော်ထုံးကျေးရွာအုပ်စု၊ အနောက်ပုံကျကျေးရွာများတွင် ကျေးရွာအဆင့် ကော်မတီများဖွဲ့စည်းခြင်း အခမ်းအနားကို ဩဂုတ် ပထမပတ်က အဆိုပါကျေးရွာများ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်နှင့် ဒေါ်အမာကြည်၊ မြို့နယ်ကျေးလက်မှ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ချိုနှင့် ဝန်ထမ်းများ၊ ကျေးရွာဒေသခံများ တက်ရောက်ခဲ့ကြသည်။

ပလ္လင်(မ)ကျေးရွာတွင် စီမံကိန်း ဒုတိယအဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၂ ဦးအတွက် ထုတ်ချေးငွေကျပ် ၂၇၈၅၀၀၀၀၊ မွေးမြူရေးအတွက် ၂၈ ဦး ထုတ်ချေးငွေကျပ် ၅၀၅၀၀၀၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦး ထုတ်ချေးငွေကျပ် ၁၈၀၀၀၀၀၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦး ထုတ်ချေးငွေကျပ် ၁၅၀၀၀၀၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး ထုတ်ချေးငွေကျပ် ၃၅၀၀၀၀ စုစုပေါင်း ၁၅၂ ဦးအတွက် အတိုးနှုန်း ၁ ဒသမ ၅ ကျပ်နှုန်းဖြင့် ထုတ်ချေးပေးခဲ့သည်။

**(မောင်အေးချမ်း)**

---

## မန္တလေး-မြစ်ကြီးနားမီးရထားလမ်းပိုင်း ကိုးချောင်းဆက်သံလမ်းများဖြင့် စတင်လဲလှယ်တပ်ဆင်

**အင်းတော် ဩဂုတ် ၁၂**


မန္တလေး-မြစ်ကြီးနားမီးရထားလမ်းပိုင်း စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာဘူတာမှ ဆည်ရွာဘူတာကြားရှိ မီးရထားသံလမ်းဟောင်းများနေရာတွင် ကိုးချောင်းဆက်သံလမ်းများဖြင့် ဩဂုတ် ၉ ရက်မှ စတင်လဲလှယ်တပ်ဆင်နေပြီဖြစ်ကြောင်းသိရသည်။

“အခုလိုကိုးချောင်းဆက်သံလမ်းတွေနဲ့ အစားထိုးလဲလှယ်မှုကို ဩဂုတ် ၉ ရက်က စတင်တပ်ဆင်နေပါတယ်။ ဒီလိုတပ်ဆင်လိုက်တဲ့အခါ ရထားတွဲတွေ ခုန်ဆောင့်တာမျိုး ကင်းရှင်းသွားမှာဖြစ်ပါတယ်” ဟု သံလမ်းလုပ်သားတစ်ဦးက ပြောသည်။


**ကိုမင်း(အင်းတော်)**













# နိုင်ငံသစ်ထူ စင်ကာပူ ပြည်သူနှင့်အတူ

ကိုရင်ဩ


ဓာတ်ပုံ- www.jiastudios.com

စင်ကာပူတစ်မျိုးသားလုံးအတွက် အူလိုက်သည်းလိုက် ဂုဏ်ယူဝမ်းမြောက်ကြရမည့် နေ့ရက်တစ်ရက်သည်ကား ဩဂုတ်လ ၉ ရက်နေ့ ဖြစ်၏။ စင်ကာပူနိုင်ငံ၏ အမျိုးသားနေ့အဖြစ် သတ်မှတ်ထားသော ရက်မြတ်မဟာမှာ လွတ်လပ်ရေးနေ့ဖြစ်ပြီးလျှင် ယင်းနေ့တွင် စစ်ရေးပြပွဲကြီးကို ဝှဲချီးသဘင် ဆင်ယင်ကျင်းပခဲ့ကာ ပြည်သူပြည်သားတို့က မီးရှူးမီးပန်းများ ပစ်ဖောက်၍ အောင်ပွဲခံခဲ့ကြလေသည်။

၁၉၆၅ ခုနှစ်တွင် မလေးရှားနိုင်ငံထံမှ လွတ်လပ်ရေးရရှိခဲ့သော စင်ကာပူနိုင်ငံသည် လွတ်လပ်ရေးတည်းဟူသော လင်းရောင်ခြည် ထွန်းလင်းတောက်ပမှုကို ဖြတ်သန်းလာခဲ့သည်မှာ ၅၂ နှစ်တိုင်ကြာမြင့်ခဲ့ပါပြီကောဟု ကျွန်ုပ် အလေးမူမိ၏။

မလေးကျွန်းဆွယ်၏ တောင်ဘက်အစွန်ဆုံးတွင် တည်ရှိသော စင်ကာပူနိုင်ငံသည် စတုရန်းမိုင် ၂၇၈ မိုင်သာ ရှိသဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့် မြို့တော်တစ်ခုတည်းဖြစ်သော နိုင်ငံ သုံးနိုင်ငံတွင် အပါအဝင်ဖြစ်သည်။ အရှေ့တောင်အာရှတွင် အသေးငယ်ဆုံးနိုင်ငံဖြစ်သည်။

ဥရောပသားတို့ အခြေချမနေထိုင်မီအချိန်က ယခုသိရှိသော စင်ကာပူသည် စင်ကာပူမြစ်ဝတွင် တည်ရှိသော မလေးငါးဖမ်းရွာကလေး တစ်ရွာမျှသာဖြစ်သည်။ ရာပေါင်းများစွာသော အိုရန်လော့ ခေါ် ဒေသခံမလေးတို့သည် ကမ်းရိုးတန်းအနီး၊ မြစ်ချောင်းများအနီးနှင့် ကျွန်းကလေးများပေါ်တွင် နေထိုင်ကြသည်။

၁၈၁၉ ခုနှစ်တွင် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီက ကျွန်းပေါ်တွင် ကုန်သွယ်ရေးစခန်းကို တည်ထောင်ခဲ့ပြီး ထိုအချိန်မှစ၍ ဗျူဟာကျသော ကုန်သွယ်ရေးစခန်းအဖြစ် ရပ်တည်လာခဲ့သည်။ စင်ကာပူသည် ဗြိတိသျှအင်ပိုင်ယာ၏ အရေးပါသော ကုန်သွယ်ရေးနှင့် စစ်ရေးဒေသတစ်ခုဖြစ်လာပြီး ဗြိတိသျှအုပ်ချုပ်မှု၏ အချက်အချာနေရာတစ်ခုဖြစ်လာခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း၌ ဂျပန်တို့က မြို့တော်ကို သိမ်းပိုက်ခဲ့ရာ ဝင်စတန်ချာချီက ဗြိတိသျှတို့၏ အကြီးကျယ်ဆုံးရှုံးနိမ့်မှုဟု ပြောဆိုခဲ့သည်။ စစ်ပြီးကာလ စင်ကာပူသည် ၁၉၄၅ ခုနှစ်တွင် ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်သို့ လျင်မြန်စွာ ပြန်လည်ရောက်ရှိခဲ့သည်။ ၁၈ နှစ်ကြာပြီးနောက် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရပြီးသည့်အခါ မလေးရှားအောက်မှ မလာယာ၊ ဆာဘား၊ ဆာရာဝပ်တို့နှင့် ပူးပေါင်းခဲ့သည်။ သို့သော် နှစ်နှစ်မျှ မကြာမီအချိန်၌ပင် စင်ကာပူသည် မလေးရှားလက်အောက်မှ ခွဲထွက်ခဲ့ပြီး ၁၉၆၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် လွတ်လပ်သော သမ္မတနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

## စိန်ခေါ်မှုကြီးသုံးရပ်

ဝန်ကြီးချုပ် လီရှန်လွန်းသည် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဩဂုတ် ၈ ရက်က မိန့်ခွန်းပြောကြားခဲ့ရာတွင် စင်ကာပူနိုင်ငံ ကာလရှည်ရင်ဆိုင်နေရသည့် အမျိုးသားရေးပြဿနာ သုံးရပ်နှင့်ပတ်သက်၍ အကျယ်ဝိတ္ထာရပြုကာ ညွှန်းဆိုခဲ့သည်။

ပစ္စက္ခကာလတွင် စင်ကာပူနိုင်ငံ ရင်ဆိုင်နေရသော စိန်ခေါ်မှုကြီး သုံးရပ်ရှိနေသည်ဟု ဆိုသည်။ စင်ကာပူ ကလေးသူငယ်များအတွက် မူကြိုပညာရေးစနစ် အဆင့်အတန်းမြင့်မားရေး၊ ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ် ကိုင်တွယ်ဆောင်ရွက်ရမည့် ဆီးချိုရောဂါတိုက်ဖျက်ရေး စစ်ပွဲ၊ ပြည်သူတို့၏ လူနေမှုဘဝကို တစ်ခေတ်ဆန်းသစ်စေမည့် 'စမတ်နိုင်ငံတော်' (Smart Nation) ထူထောင်ရေးတို့သည် စင်ကာပူနိုင်ငံ ကျော်လွှားရမည့် စိန်ခေါ်မှုကြီးများဖြစ်သည်ဟု သိရသည်။

ထိုစဉ်အတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နိုင်ငံတကာကုန်သွယ်ရေး သကဲ့သို့သော မျက်မှောက်ပြဿနာများကို ကိုင်တွယ်ဖြေ ရှင်းနိုင်ရန်လည်း အစိုးရအဖွဲ့က ဝါယမစိုက်ကာ ကိုင်တွယ်ဆောင်ရွက်နေသည်ဟု ဝန်ကြီးချုပ်က အလေးအနက်ပြုပြောဆိုသည်။

စင်ကာပူနိုင်ငံအတွင်းမှာရော၊ ပြည်ပနိုင်ငံများတွင်ပါ နိုင်ငံဆူကြုံနိမ့်မြင့်မရွေး တွေ့ကြုံနေရသည်မှာ အကြမ်းဖက်မှု ပြဿနာဖြစ်ပြီးလျှင် ကမ္ဘာတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ မကြာမကြာ ဖြစ်ပွားလျက်ရှိပုံကို မစ္စတာလီက ထောက်ပြညွှန်းဆိုသည်။

စင်ကာပူ တိုးတက်ဖွံ့ဖြိုးရေးအတွက် မောင်းနှင်အားဖြစ်သော နိုင်ငံတကာ ကုန်သွယ်ရေးမှာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒများကြောင့် ဆိုးကျိုးသက်ရောက်စေနိုင်သည်ဟုလည်း သူက သုံးသပ်ခဲ့သည်။

"အမျိုးသားစီးပွားရေးဘဝ တိုးတက်စေဖို့ အစိုးရအဖွဲ့က အားထည့်လုပ်ကိုင်နေတယ်။ ကျွန်တော်တို့ရဲ့ ကျောင်းသားကျောင်းသူလေးတွေ၊ အလုပ်သမားကြီးတွေကလည်း နည်းပညာရပ်တွေမှာ အထူးကျွမ်းကျင်သူများဖြစ်အောင် ကြိုးပမ်းကြရင်း အဆင့်မြင့်နည်းပညာ အသုံးချနိုင်တဲ့ နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် ကြိုးပမ်းကြစေလိုတယ်"ဟု အစိုးရအဖွဲ့၏ ဦးသျှောင်ကြီးက ပြောကြားသည်။

## မူကြိုပညာရေး အရေးကြီးပုံ

ဝန်ကြီးချုပ် လီရှန်လွန်းသည်ကား မူကြိုပညာရေးကို တိုင်းပြည်အတွက် အလေးပေးသူပါပေတည်း။

စင်ကာပူ၏ လုလင်ငယ်သွေး လူမမည်ကလေးများအား ကမ္ဘာ့သစ်အတွက် ကြိုတင်ပြင်ဆင်ထားနိုင်စေရန် မိမိတို့ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ ကလေးသူငယ်တိုင်း အစပျိုးကောင်းသော ဘဝတစ်ခုကို ပိုင်ဆိုင်ကြစေလိုကြောင်း၊ တောက်ပလင်းလက်သော အနာဂတ်ဘဝ ထူထောင်နိုင်ရေးအတွက် အစကောင်းမှ အနှောင်းသေချာအောင် ကလေးသူငယ်များကို ပုံသွင်းပေးကြရမည်ဖြစ်ကြောင်း မစ္စတာလီက ဆိုမိန့်ခဲ့၏။

"ပုလုကွေးကလေးတွေ ဖြတ်သန်းရတဲ့ နှစ်တွေကို ကြည့်ရင် ကျောင်းကြီးတွေမှာ တက်နေကြတဲ့ ကလေးတွေနဲ့ မတူရုံမျှမက ဘဝခရီးလမ်း လျှောက်လှမ်းနေသူတွေနဲ့လည်း မတူကြတာကိုတွေ့နိုင်တယ်။ ဒါကြောင့် ဘဝကို အစပျိုးကောင်းကောင်းနဲ့ စတင်နိုင်စေဖို့အတွက် လူမမည်မူကြိုကလေးငယ်တွေရဲ့ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်တို့ အစိုးရအဖွဲ့က ရည်မှန်းချက် ချမှတ်ဆောင်ရွက်နေပါပြီ" ဟု ဝန်ကြီးချုပ်လီက ပြောကြားသည်။

မူကြိုကျောင်းများ ပိုမိုဖွင့်လှစ်ပေးရေး၊ မူကြိုကျောင်းများ၏ အရည်အသွေးပိုမိုတိုးတက်ရေး၊ မူကြိုဆရာ ဆရာမများ၏ အသက်မွေးဝမ်းကျောင်းဘဝ မြင့်မားရေးတို့အတွက် အစိုးရအဖွဲ့က လုပ်ဆောင်သွားမည်ဆို၏။

မူကြိုကျောင်းများကို တိုးတက်ဖွင့်နိုင်ပြီး ကလေးများကို ပိုမိုပြုစုစောင့်ရှောက်ပေးနိုင်လျှင် မိဘများ ထမ်းရွက်ထားရသည့် ဝန်ထုပ်ဝန်ပိုး လျော့ပါးသက်သာစေနိုင်ကြောင်း၊ မိမိတို့၏ရင်သွေးများသည် ကောင်းစွာ ပြုစုစောင့်ရှောက်ပေးသူများ၏ လက်ဝယ်တွင်ရှိနေပြီဟု ယုံကြည်ယူဆနိုင်လျှင် မိဘများမှာ သူတို့၏ အလုပ်များကို စိတ်အေးလက်အေး၊ ကြိုးစားပမ်းစား လုပ်ကိုင်နိုင်ကြမည်သာ ဖြစ်ကြောင်း မစ္စတာလီက ပြောကြားသည်။

နိုင်ငံတော်၏ ထုတ်လုပ်မှု စွမ်းပကား မြင့်မားတိုးတက်စေရေးအတွက် မိဘပြည်သူများ စိတ်အေးချမ်းသာစွာ အလုပ်လုပ်နေကြချိန်တွင် သူတို့၏ ရင်သွေးကလေးငယ်များကို ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ပေးမည့် မူကြိုဆရာမများ ပြည့်ပြည့်စုံစုံရှိနေရမည်မဟုတ်ပါလား။

## ပြည်သူ့ကျန်းမာရေးပြဿနာ

စင်ကာပူနိုင်ငံ ရင်ဆိုင်နေရသည့် ဒုတိယမြောက် စိန်ခေါ်မှုကြီးအဖြစ် ဆီးချိုရောဂါနှင့် ပြည်သူတို့ ထွေးလုံးရစ်ပတ်မဖြစ်အံ့စေခြင်းငှာ ဝန်ကြီးချုပ်လီက သတိပေးစကားဆို၏။

"စင်ကာပူနိုင်ငံသားတွေကို အသက်ရှည်စေချင်ပါတယ်။ ကျန်းမာစေချင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ထူးချွန်ထက်မြက်တဲ့ ဆရာဝန်ကြီးတွေ၊ ဆေးရုံကြီးတွေ ရှိနေပေမယ့် ပြည်သူတွေအနေနဲ့ ကျန်းမာရေး ဒေါင်ဒေါင်မြည်အောင် ကောင်းမွန်ပြီး ဘယ်ဆေးရုံ၊ ဆေးခန်းကိုမှ မသွားကြရရင် ပိုမကောင်းပေဘူးလား"ဟု မစ္စတာလီက ခွဲခြမ်းစိတ်ဖြာသုံးသပ်ပြသည်။

စင်ကာပူ၌ သက်ကြီးပိုင်း ပြည်သူများသည် ၎င်းတို့၏ ဘဝကုန်ဆုံးခါနီး၌ ပျမ်းမျှအားဖြင့် ရှစ်နှစ်ခန့်မျှ ကျန်းမာရေး ချူချာသူများအဖြစ် နေထိုင်ကြရပုံကို ဝန်ကြီးချုပ်က ထောက်ပြသည်။

စင်ကာပူနိုင်ငံ၌ ဇရာအိုများ အဓိကတွေ့ကြုံကြရလေ့ရှိသည့် နာမကျန်းမှု၏ အကြောင်းအရာမှာ ဆီးချိုရောဂါဖြစ်၏။ အသက် (၆၀) အထက် အသက်အရွယ်ရှိ သူဦးရေ၏ သုံးပုံတစ်ပုံခန့်မှာ ဆီးချိုဝေဒနာရှင်များ ဖြစ်ကြ၏။

"ဆီးချိုရောဂါဆိုတာ အစပထမမှာတော့ အကျိုးဆက်တွေကို ထင်သာမြင်သာ ပြလေ့မရှိဘူး။ ဒါပေမယ့် ကာလကြာညောင်းလာတဲ့အခါ သူ့ရဲ့ အကျိုးဆက်တွေက ပြင်းထန်လာတယ်။ မျက်စိကွယ်တတ်တယ်၊ နှလုံးရောဂါရမယ်၊ ကျောက်ကပ်အလုပ်မလုပ်ဘူး၊ ခြေချောင်း လက်ချောင်းတွေ ဖြတ်တောက်ခံရတတ်တယ်"ဟု မစ္စတာလီက ယင်းရောဂါနှင့် ပတ်သက်၍ ပြည်သူများ နမော်နမဲ့ မရှိအပ်ပုံကို ရှင်းရှင်းဘွင်းဘွင်း ဆိုအပ်နှင်း၏။

စင်ကာပူနိုင်ငံ၌ ဆီးချိုရောဂါတိုက်ဖျက်ရေးလုပ်ငန်းအတွက် အစိုးရက ကိုယ်ဖိရင်ဖိ ဆောင်ရွက်သွားမည်ဟု သူက ကတိပြုသည်။ ကြိုတင်ကာကွယ်ရေးမှာ အရေးကြီးလှပြီး ကျန်းမာနေစေမည့် စားသောက်နေထိုင်မှု ဘဝပုံစံနှင့်အညီ ကျင့်ကြံနေထိုင်ကြဖို့ သူက နှိုးဆော်သည်။

မိမိ၏ ကျန်းမာရေးအတွက် မိမိကိုယ်တိုင် စောင့်ရှောက်ရလိမ့်မည်၊ မိမိ၏ စားသောက်နေထိုင်မှုပုံစံကို မိမိကိုယ်တိုင် သတိပြုဆင်ခြင်ရလိမ့်မည်၊ ကျန်းမာရေး လေ့ကျင့်ခန်း မှန်မှန်လုပ်ကြရမည်၊ အချိုရည်အစား ရေသန့်သောက်ကြရမည်၊ ကျန်းမာရေး နည်းလမ်းကောင်းများကို ငယ်ရွယ်နုပျိုစဉ်ဘဝကတည်းက လိုက်နာကျင့်သုံးကြရမည်၊ ဤသည်တို့ကား ဝန်ကြီးချုပ်လီက သူ၏ ပြည်သူတို့အတွက် အဖိုးအနဂ္ဃထိုက်တန်လှသော အမှာအကြား စကားအလင်္ကာဖြစ်လေသည်။

"ဆီးချိုရောဂါမဖြစ်တော့ ပြည်သူတွေ ကျန်းမာလန်းဖြာပြီး အသက်ရှည်မှာ မလွဲဧကန်ပါဗျ"ဟု သူက မြွက်ဆိုသည်။

## စမတ်နိုင်ငံတော်

ဝန်ကြီးချုပ်မိန့်ခွန်း တတိယပိုင်းတွင် ညွှန်းဆိုသည်မှာကား 'စမတ်နိုင်ငံတော်' (Smart Nation) ထူထောင်ရေးဖြစ်၏။ စင်ကာပူနိုင်ငံ၌ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်လည်းကောင်း၊ ပြည်သူတို့၏ လူနေမှုဘဝ မြင့်မားရေးဖော်ဆောင်ပေးနိုင်ရန်လည်းကောင်း သတင်းအချက်အလက်နည်းပညာ (အိုင်တီ)ကို ပြည့်ပြည့်ဝဝ အသုံးချရန် အစိုးရအဖွဲ့က ရည်မှန်းချက်ချမှတ်ထားပြီး ဤသည်ပင်လျှင် စမတ်နိုင်ငံတော်ထူထောင်ရေးရည်မှန်းချက်ဟု ဆိုအပ်၏။

စင်ကာပူနိုင်ငံသည် ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်သူ ကြွယ်ဝသည့် နိုင်ငံဖြစ်ခြင်းကြောင့် စမတ်နိုင်ငံတော်ထူထောင်ရေးအလှမ်းမဝေးလှဘဲ ယင်းသို့ ထူထောင်နိုင်ရေးမှာ အားသာချက်ရှိနေသည်ဆို၏။

စင်ကာပူနိုင်ငံရှိ အိမ်ထောင်စု ၁၀ စုလျှင် ကိုးစုမှာ 'ဘရော့ဘန်း' အင်တာနက်ချိတ်ဆက်လမ်းရှိပြီး မကြာမီကာလမှစ၍ အမြန်နှုန်းပိုမိုမြင့်မားသော ဖိုင်ဘာဘရော့ဘန်း အင်တာနက်ချိတ်ဆက်လမ်းကို နေအိမ်တိုင်းနှင့် ချိတ်ဆက်နိုင်တော့မည်ဟု ဝန်ကြီးချုပ်လီက ပြောကြားသည်။

စမတ်နိုင်ငံတော်ထူထောင်ရေး ရည်မှန်းချက်နှင့်အညီ အစိုးရအဖွဲ့က e-Government ဝန်ဆောင်မှုများ ပေးနိုင်ရန် အစပျိုးလုပ်ဆောင်လျက်ရှိသည်။

IRAS e-filing ကုမ္ပဏီဆိုင်ရာ အခွန်ကောက်ယူရေးစနစ်၊ အမျိုးသား စာကြည့်တိုက်ဘုတ်အဖွဲ့၏ စာအုပ်ငှားရမ်းရေးဝန်ဆောင်မှုစနစ်၊ ပြည်သူများနှင့် သက်ဆိုင်သော ဆေးမှတ်တမ်းများကို တစ်စုတည်း တစ်ပေါင်းတည်း သိုမှီးထားနိုင်သော အီလက်ထရွန်းနစ်စနစ်စသည့် အိုင်တီစနစ်များကို အကောင်အထည်ဖော်ကျင့်သုံးခြင်းဖြင့် e-Government ပီပြင်လာပေလိမ့်မည်။

စမတ်နိုင်ငံတော် ထူထောင်ရေးဟူသော ရည်မှန်းချက် တစ်နိုင်ငံလုံး လွှမ်းခြုံလာစေရေးအတွက် အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ်ကဆိုသည်။

"ဆိုင်ဘာလုံခြုံရေး (ကွန်ပျူတာကွန်ရက်လုံခြုံရေး) စနစ်တွေကို ထူထောင်ရမယ်။ ဘဏ်လုပ်ငန်းနဲ့ စွမ်းအင်လုပ်ငန်းတွေ ဆိုင်ဘာတိုက်ခိုက် ခံရခြင်းမရှိရလေအောင် လုပ်ဆောင်ရပါမယ်"ဟု သူကဆိုသည်။

အရှေ့တောင်အာရှဒေသရှိ မြို့ပြနိုင်ငံငယ်လေး စင်ကာပူသည် ကမ္ဘာ့ဘဏ္ဍာရေးအချက်အချာအဖြစ် အခိုင်အမာရပ်တည်ရင်း အေးချမ်းသာယာစွာ တည်ရှိနေပုံကို အာရုံပြုမိရင်း "နိုင်ငံသစ်ထူ စင်ကာပူ ပြည်သူနှင့်အတူ" ဟု ကျွန်ုပ်ကျူးရင့်မိပါတည်း။ ။

*Ref:*

*National Day message: PM Lee highlights 3 longer-term issues (Channel News Asia)*

# မြန်မာနိုင်ငံမှာမွေးပြီး ဂျပန်မှာအောင်မြင်အောင် ကြိုးစားနေတဲ့ လူငယ်တစ်ယောက်ပုံစံ သရုပ်ဆောင်ထား



**လူမှုကွန်ရက်စာမျက်နှာထက်မှာ ဝင်း ဆိုပြီးနာမည်ကြီးနေသလို၊ ဂျပန်နိုင်ငံမှာလည်း PrizmaX အမည်ရှိ Jpopအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မိုရီဆာကီဝင်းနဲ့တွေ့ဆုံပြီး ဂျပန်-မြန်မာချစ်ကြည်ရေးအတွက် ရည်ရွယ်ရိုက်ကူးမယ့် ဇာတိမြေရုပ်ရှင်ဇာတ်ကားမှာပါဝင်ဖြစ်ခဲ့ပုံနဲ့ သူ့ရဲ့အနုပညာခရီးလမ်းတွေအကြောင်းကိုမေးမြန်းဖြစ်ခဲ့ပါတယ်။**

**ဇာတိမြေဇာတ်ကားမှာပါဝင်သရုပ်ဆောင်ရမယ်လို့သိရတယ်၊ ဒီဇာတ်ကားမှာသရုပ်ဆောင်ရမယ့်ဇာတ်ရုပ်နေရာနဲ့ အဲဒီအပေါ်စိတ်ခံစားမှုလေးကို အရင်ဆုံးပြောပြပေးပါလား။**

ဒီဇာတ်ကားထဲမှာကျွန်တော့်ရဲ့လက်ရှိပုံစံမိုရီဆာကီဝင်းနဲ့ အနီးစပ်ဆုံးကာရိုက်တာပုံစံသရုပ်ဆောင်ရပါမယ်။ မြန်မာနိုင်ငံမှာမွေးပြီး ဂျပန်နိုင်ငံမှာကြီးပြင်းတယ်၊ ဂျပန်မှာအောင်မြင်အောင်ကြိုးစားနေထိုင်တဲ့လူငယ်တစ်ယောက်ပုံစံမျိုးပါ။ ကျွန်တော့်အပြင်ကဘဝမှာလည်းဒီအတိုင်းပဲ ကျွန်တော်ငယ်ငယ်ကတည်းကနေ (၁၀)နှစ်သားအထိ အဘွားနဲ့ မြန်မာပြည်မှာနေတယ်။ ပြီးတော့ကျွန်တော့်မိဘတွေရှိတဲ့ ဂျပန်ကိုလိုက်သွားတယ်။ ခုချိန်ထိဂျပန်မှာနေတယ်။ အခုလိုမြန်မာနိုင်ငံမှာ ဇာတ်ကားပြန်လည်ရိုက်ခွင့်ရမယ်ဆိုတော့ အဘွားကိုကျေးဇူးဆပ်သလိုလည်းဖြစ်တော့ အလွန်ဝမ်းသာတယ်။ ပြီးတော့အလွန်လည်း စိတ်လှုပ်ရှားတယ် ။

**ဂျပန်မှာကျတော့အနုပညာအလုပ်တွေကိုဘယ်အသက်အရွယ်မှာစပြီး လုပ်ဖြစ်ခဲ့တာလဲ။ PrizmaX အဖွဲ့နဲ့ဆုံဖြစ်ခဲ့တာကရောဘယ်လိုပုံစံမျိုးနဲ့လဲ။ အဖွဲ့သားတွေအားလုံးကရော ဂျပန်နိုင်ငံသားတွေပဲလား။**

ဂျပန်မှာအနုပညာအလုပ်တွေစလုပ်တာက (၁၄) နှစ်သားကတည်းကပါ။ (၁၄) နှစ်သားမှာ production ထဲစဝင်တယ်။ သူတို့က သီချင်းဆိုတတ်လားမေးတော့ ဆိုတတ်တယ်ဆိုတော့ ဆိုကြည့်ဖို့ပြောတယ်။ သူတို့ကနားထောင်ပြီးတော့ အသံကောင်းတာပဲ နောက်တစ်ပတ်ထဲမှာ Live ရှိတယ်။ အဲဒီမှာဝင်ကပါလားလို့ပြောပါတယ်။ အဲဒီကနေစပြီးအနုပညာအလုပ်တွေလုပ်ဖြစ်ခဲ့တာပါ။

PrizmaX ဆိုတဲ့ အဖွဲ့က ကျွန်တော်မဝင်ခင်ကတည်းက အဖွဲ့ကရှိပြီးသားပါ။ ပါဝင်သူအားလုံးကတော့ ဂျပန်သွေးပါတာပေါ့။ ဂျပန်သွေးမပါတာ ကျွန်တော်တစ်ယောက်တည်းပါ။ အဖွဲ့ထဲဝင်တာ (၅)နှစ် (၆)နှစ်လောက်ရှိပြီ။ အခွေစထွက်တာက (၄) နှစ်ကျော်လောက်တော့ရှိပြီ။

**သီချင်းတွေကကိုယ်တိုင်ရေးတာလား။ ဂီတအမျိုးအစားအနေနဲ့ဘယ်လိုဂီတအမျိုးအစားကိုပိုကြိုက်လဲ။**

ကျွန်တော်ကကိုယ့်ဘာသာကိုယ် သီချင်းစပ်တာတို့၊ ကိုယ့်ခံစားချက်ကိုယ်ဆိုတာမျိုးတွေရှိတယ်။ Jpop ပုံစံတွေဆိုတာများပါတယ်။

**PrizmaXအဖွဲ့လိုက်အယ်လ်ဘမ်ဘယ်နှချပ်ထွက်ရှိခဲ့ပြီးပြီလဲ။ ဖျော်ဖြေရေးခရီးစဉ်တွေရော ထွက်ဖြစ်ခဲ့တာမျိုးတွေရှိလား။**

ဒီဩဂုတ် ၃၀ ရက်နေ့ဆို Singleu ရှစ်ချပ်မြောက်ထုတ်မယ်။ ဖျော်ဖြေရေးကတော့ ကျွန်တော်တို့ဂျပန်မှာ အဓိကထားဖျော်ဖြေကြတယ်။ မြန်မာပြည်မှာတော့တစ်ခါ ဖျော်ဖြေဖူးပါတယ်။ ကျွန်တော်တို့က အလွန်နာမည်ကြီးတဲ့ အဖွဲ့မဟုတ်သေးတော့ ဖျော်ဖြေရေးတွေ အများကြီးမသွားရသေးပါဘူး။

**ဂျပန်ရုပ်ရှင်ဇာတ်ကားတွေမှာလည်းသရုပ်ဆောင်ဖူးတယ်ဆို။ ဘယ်နှကားလောက် ရိုက်ထားပြီးပြီလဲ။**

ဇာတ်ကားကဂျပန်ပြည်မှာ သရုပ်ဆောင်တာသုံး၊လေးကားတော့ရှိပါတယ်။ ခေါင်းဆောင်အနေနဲ့ကတော့တစ်ကားပဲရှိတယ်။ ကျောင်းသားဘဝဆိုတော့ ကျောင်းသားဘဝနဲ့ပတ်သက်တဲ့ရုပ်ရှင်လေးတွေရိုက်ပါတယ်။ ခေါင်းဆောင်အနေနဲ့ကလူငယ်ဘဝရဲ့ဇာတ်ကားပါ။ ဂျပန်မှာနာမည်ကြီး အဆိုတော်တစ်ယောက်ကိုအရမ်းကြိုက်ပြီး သူ့ဘဝကိုအတုယူတဲ့ဇာတ်ကားလေးပါ။

**အခုရိုက်မယ့်ဇာတိမြေဇာတ်ကားအပြင်အခြားဇာတ်ကားတွေရောမြန်မာနိုင်ငံမှာထပ်ရိုက်ချင်တဲ့စိတ်ဆန္ဒရှိလား။**

ကျွန်တော်မြန်မာပြည်မှာ အနုပညာလုပ်ချင်တာပေါ့။ ကျွန်တော်က မြန်မာပဲလေ။ ကျွန်တော်လုပ်တတ်တာကလည်းအနုပညာတစ်ခုပဲရှိတော့ မြန်မာဆိုတာ ကမ္ဘာကသိအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာလုပ်ပြချင်ပါတယ်။

**မိုရီဆာကီဝင်းကို အားပေးနေကြတဲ့ ပရိသတ်တွေကိုရော ဘာတွေပြောပြချင်သေးလဲ။**

အခုထိကျွန်တော်ကမြန်မာနိုင်ငံသားပါ။ ဟိုဘက်နိုင်ငံသားအဖြစ်မခံယူထားပါဘူး။"ဇာတိမြေ"ဇာတ်ကားမှာ ပါဝင်ခွင့်ရတဲ့အတွက်လည်းကျေးဇူးတင်ပါတယ်။ ဂျပန်မှာလုပ်နေပေမယ့် ကိုယ့်မြန်မာနိုင်ငံကိုမမေ့ပါဘူး။ အဲဒါကြောင့်လည်း ဇာတိမြေဇာတ်ကားမှာပါဝင်ဖြစ်ခဲ့တာပါ။ ဒီဇာတ်ကားရုံတင်တဲ့အခါမှာလည်း အားပေးကြပါဦးလို့ပြောချင်ပါတယ်။ ။

# ကလေးတစ်ယောက်အမေဇာတ်ရုပ်ကို စိတ်နှစ်ပြီး ကြိုးစားခဲ့ရတယ်ဆိုတဲ့ ခင်ဝင့်ဝါ



နိုင်ငံကျော် သရုပ်ဆောင်တွေရဲ့ ရင်သွေးတွေပါဝင်သရုပ်ဆောင်ထားကြတဲ့ ဆယ်လီရုပ်ရှင်ဇာတ်ကားမှာ ကလေးတစ်ယောက်အမေအဖြစ် သရုပ်ဆောင်ထားတဲ့ ခင်ဝင့်ဝါက ဇာတ်ရုပ်ပီပြင်ဖို့အတွက် စိတ်နှစ်ပြီး ကြိုးစားခဲ့ရတယ်လို့ ပြောပြပါတယ်။

ဒီကားကိုအစက ညီမက ဟာသကားပဲထင်ခဲ့တာပါ။ ဦးမိုးဦးကလည်း ဟာသကားတွေပဲရိုက်တာများတော့ တကယ့်ဒရာမာ ကားမှန်းမထင်ခဲ့ဘူး။ ပြီးတော့ သူက ညီမရဲ့ဇာတ်ရုပ်ကိုလည်း ကြိုမပြောထားဘူး။ ဟာသဇာတ်ကားပဲ ထင်ပြီး ရိုက်ကွင်းမှာ ညီမဝတ်ရမယ့်အဝတ်အစားတွေကို ဒီတိုင်းပဲ လူငယ်ပုံစံလေးတွေပဲယူသွားဖြစ်ခဲ့တာပေါ့နော်။ တကယ်တမ်း ရိုက်ကွင်းရောက်တဲ့အချိန်မှာမှ ကလေးအမေတစ်ယောက်အဖြစ် သရုပ်ဆောင်ရမယ်ဆိုတာသိရတယ်။ အဲဒီတော့မှ အဝတ်အစားပိုင်းတွေလည်း ပြန်ပြီး စီစဉ်ရတယ်။ ညီမတို့ဒီကားကိုရိုက်တဲ့အချိန်တုန်းက အွန်လိုင်းမှာလည်း အင်တာနက်သုံးရင်း ဒုက္ခရောက်သွားကြတာမျိုးလေးတွေ၊ အဲဒါမျိုးပြဿနာလေးတွေတွေ့နေရတော့ ညီမသရုပ်ဆောင်ရမယ့် ဇာတ်ရုပ်အတွက် တကယ်လို့များ ကိုယ့်ရဲ့ညီမတစ်ယောက်၊ ကိုယ်မွေးထားတဲ့သမီးတစ်ယောက်ဖြစ်ခဲ့ရင် ဘယ်လိုလုပ်မလဲဆိုတဲ့စိတ်ကိုသွင်းပြီး အကောင်းဆုံးကြိုးစား သရုပ်ဆာင်ခဲ့ပါတယ်။ ညီမသရုပ်ဆောင်ရတဲ့အခန်းတိုင်းမှာ ငိုခဲ့ရတာလည်း အမှတ်တရပါပဲ။ ဒီဇာတ်ရုပ်ကညီမအတွက် စိတ်လှုပ်ရှားပြီးရင်ခုန်ခဲ့ရတဲ့ ဇာတ်ရုပ်တစ်ခုပါပဲလို့ ဆယ်လီဇာတ်ကားနဲ့ပတ်သက်ပြီး ခင်ဝင့်ဝါက ပြောပြခဲ့ပါတယ်။

လူမှုကွန်ရက်ကိုအသုံးပြုရင်းလမ်းမှားရောက်သွားကြတဲ့ ကျောင်းသား၊ ကျောင်းသူလေးတွေအတွက် ပညာပေးဇာတ်ကားဖြစ်တဲ့ ဒီဇာတ်ကားကို ဒါရိုက်တာကျော်ဇောလင်း (အတွေးပုံရိပ်)က ရိုက်ကူးပုံဖော်ထားတာဖြစ်ပြီး သရုပ်ဆောင်တွေအနေနဲ့ ရဲအောင်၊ မင်းမော်ကွန်း၊ ထွန်းထွန်း၊ ညီထွဋ်ခေါင်၊ ကိုပေါက်၊ မိုးပြည့်ပြည့်မောင်၊ ခင်ဝင့်ဝါ၊ နန်းခင်ဇေယျာတို့မှပါဝင်ပံ့ပိုးပေးထားကြကာ အဓိကသရုပ်ဆောင်တွေအနေနဲ့အနုပညာရှင်တွေရဲ့ ရင်သွေးငယ်များဖြစ်ကြတဲ့မောင်မင်းမြတ်၊ သက်ထားရွှေစင်၊ ဆုလတ်ရတနာ၊ ဒိန်းပိုပိုဒေါင်၊ ဖြိုးဖြိုး၊ မုံနံ့သာကျော်ရဲအောင်၊ စန္ဒြာရွှေရည်၊ ပန်းနုပျိုမေ၊ မြင့်မြတ်သော်တာနဲ့ မြအိန္ဒြာလွင်တို့ ပါဝင်သရုပ်ဆောင်ထားကြတာပဲဖြစ်ပါတယ်။

**မေနှင်းဆီ - စုစည်းသည်**

# လက်စားချေခြင်းသည် ချေတဲ့သူအတွက်လည်း မကောင်းသလို ခံရတဲ့သူအတွက်လည်း မကောင်းဘူးဆိုတဲ့ လက်စားချေခြင်းများနှင့်အတူ ရာဇဝင်ရိုင်းသူများ

**ရန်ကုန် ဩဂုတ် ၁၂**

ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ရိုက်ကူးပြီး သရုပ်ဆောင်များဖြစ်သည့် အကယ်ဒမီ ပြေတီဦး၊ မြင့်မြတ်၊ လိုင်လာခမ်း၊ ပက်ထရစ်ရှာနှင့် သရုပ်ဆောင်များစွာ ပါဝင်သော "ရာဇဝင်ရိုင်းသူများ"ရုပ်ရှင်ဇာတ်ကားသစ်ကို ဩဂုတ် ၁၁ ရက်က အမြို့မြို့အနယ်နယ်ရှိ ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမှုနှင့်အတူ အဆိုပါရုပ်ရှင်ကားတွင် ပါဝင်သော အနုပညာရှင်များမှ သမ္မတရုပ်ရှင်ရုံ၌ မွန်းလွဲ ၁၂ နာရီခွဲက ပရိသတ်များနှင့် တွေ့ဆုံ၍ အမှတ်တရလက်မှတ်ရေးထိုးခဲ့ကြသည်။



ရာဇဝင်ရိုင်းသူများရုပ်ရှင်ဇာတ်ကားတွင်ပါဝင်သော အနုပညာရှင်များက ပရိသတ်များအား အမှတ်တရလက်မှတ်ရေးထိုး ပေးနေစဉ်။

**ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)**

ဒီဇာတ်လမ်းလေးက လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်အစိတ်လောက်က ရိုက်ထားတာပါ။ ဦးမျိုးကိုယ်တိုင် ကြည့်ချင်လို့ ပြန်ပြီးတော့ ရှာတဲ့အချိန်မှာ မတွေ့တော့ဘူး။ အခွေခေတ်ကရိုက်ထားတော့ မှုန်ဝါးပြီး မှိုတွေတက်နေတော့ လွှင့်ပစ်လိုက်ရတယ်။ အခွေဖွင့်တဲ့စက်တွေလည်း မရှိတော့ဘူး။ အဲတုန်းက စီဒီတွေ ဒီဗွီဒီတွေလည်း မပေါ်သေးဘူး။ channels တွေကလည်း ပြန်မလွှင့်ဘူး။

ကိုယ်ကိုယ်တိုင်ကလည်း ပြန်ကြည့်ချင်သလို ပရိသတ်တွေလည်း မင်းသား မင်းသမီးနှစ်လက်ပြိုင်သရုပ်ဆောင်တဲ့ ကားတွေ ပြန်ကြည့်ရအောင်လို့ ပြန်ရိုက်တဲ့အခါ အဟောင်းပုံစံမျိုး ရိုက်ရင် ကြည့်ဖူးတဲ့သူတွေအတွက် အသစ်မဖြစ်တော့ဘူး။ အသစ်ဖြစ်အောင် သူ့ရဲ့ frame ကိုပဲယူပြီး plot တွေက အစအသစ်တွေနဲ့ပြောင်းပြီးတော့ ဒီဇာတ်ကားကိုရိုက်တယ်။ ရိုက်တဲ့အခါမှာ ခေတ်အရ နှစ်နှစ်ဆယ်လောက်ကြာခဲ့ပြီဆိုတော့ ခေတ်နဲ့ညီအောင် ဒီထဲမှာ နှစ်နှစ်ဆယ်လောက် ရင့်ကျက်မှုတွေကို ထည့်ရိုက်ထားတယ်။ ဒါကြောင့် အရင်ကြည့်ပြီးသားသူတွေပြန်ကြည့်ရင်လည်း အသစ်တစ်ခုကို ပြန်ကြည့်ရသလို နောက်လူတွေကြည့်ရင်လည်း ထူးထူးခြားခြားနဲ့အားပြိုင်တဲ့ဇာတ်ကားမျိုး ကြည့်ရမယ်။

**သရုပ်ဆောင် လိုင်လာခမ်း**

ဒီကားမှာ စင်သီယာဆိုတဲ့ ကာရိုက်တာနဲ့ အိမ်ထောင်ရှင်မကောင်းတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ဒီကားလေးက သင်ခန်းစာပေးကားလေးပါ။ လက်စားချေခြင်းပေါ့။ ကိုပြေတီဦးနဲ့ ကိုမြင့်မြတ်တို့ နှစ်ယောက်ကြားထဲမှာ လက်စားချေမှုတွေရဲ့ကြားထဲမှာ မိန်းကလေးတွေက ဘဝတွေစတေးပြီးတော့ ဒုက္ခတွေခံဝမ်းနည်းကြေကွဲစရာတွေဖြစ်တယ်ပေါ့။ လက်စားချေခြင်းသည် ချေတဲ့သူအတွက်လည်း မကောင်းသလို ခံရတဲ့သူအတွက်လည်း မကောင်းဘူးဆိုတာကို သရုပ်ဖော်ပေးထားတာပါ။

ဒီကားထဲမှာ အဓိကအမှတ်တရလေးကတော့ သတို့သမီးထွက်တဲ့အချိန်မှာ ကျွန်မနဲ့အတူတူတွဲထွက်လာတာ ကျွန်မရဲ့အဖေအရင်းပါ။ တစ်ခန်းသရုပ်ဆောင်ပေးထားပါတယ်။ တိုက်ဆိုင်မှုရှိလျှင်မှာ negative ကာရိုက်တာနဲ့တောင် အရမ်းအားပေးခဲ့တဲ့ ပရိသတ်ကြီးကို ဒီ positive ကာရိုက်တာနဲ့ ပိုပြီးအားပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မအနေနဲ့ ကာရိုက်တာတော့ မရွေးပါဘူး။ ကိုယ်နဲ့အဆင်ပြေမယ့် အိုက်တင်ကောင်းကောင်းလုပ်လို့ရမယ့် ဘယ်လိုကာရိုက်တာမျိုးမဆို ပရိသတ်တွေကို message ပေးနိုင်မယ့် ဇာတ်လမ်းမျိုးဆို ရိုက်ပေးမှာပါ။

**သရုပ်ဆောင် ပက်ထရစ်ရှာ**

ဒီကားမှာ ပါဝင်သရုပ်ဆောင်ဖြစ်တာကတော့ ဦးမျိုးတို့က ဒီဇာတ်ရုပ်လေးနဲ့လိုက်ဖက်မယ်ဆိုပြီး ကမ်းလှမ်းခဲ့တာနဲ့ ညီမပါဝင်သရုပ်ဆောင်ဖြစ်တာပါ။ ဒီဇာတ်လမ်းထဲမှာ ညီမကာရိုက်တာကတော့ ရိုးရိုးရှင်းရှင်း ကောင်မလေးတစ်ယောက်ပါ။ ကိုယ့်ချစ်သူအပေါ်ကို သစ္စာရှိတယ် အဲလိုကောင်မလေးမျိုးပါ။ အမှတ်တရ ဖြစ်တာဆိုရင် ကိုပြေတီဦးနဲ့ ကိုမြင့်မြတ် နှစ်ယောက်ကြားထဲမှာ စကားပြောတဲ့အခန်းဆိုရင် အလွန်ခက်တယ်။ ကိုယ်ပြောနေကျစကားတွေမဟုတ်ဘဲ အလွန်လေးလေးနက်နက်တွေဆိုတော့ အဲဒီအခန်းကိုခဏခဏပြန်ရိုက်ခဲ့ရပါတယ်။

ပထမဦးဆုံးကားအနေနဲ့ အတတ်နိုင်ဆုံးကြိုးစားထားပါတယ်။ ပရိသတ်ကြီးအနေနဲ့လည်း အားပေးကြပါဦး။ အသစ်တစ်ယောက်ဖြစ်တဲ့အတွက် သရုပ်ဆောင်တဲ့နေရာမှာ လိုအပ်တာတွေရှိရင်လည်း ချစ်တဲ့စိတ်နဲ့ အားပေးကြပါ။ ကားရိုက်ဖို့ကမ်းလှမ်းမှုတွေရှိပါတယ်။ ဒါပေမယ့် ကိုယ်နဲ့လိုက်ဖက်တဲ့ကားတွေ မတွေ့သေးလို့ သေချာစိစစ်ရင်းနဲ့ ကားရိုက်နည်းနေတာပါ။ အံဝင်ခွင်ကျတဲ့ဇာတ်ကားမျိုးတွေဆိုရင်တော့ ရိုက်ဖြစ်မှာပါ။ လတ်တလောမှာတော့ ကြော်ငြာတွေ၊ မဂ္ဂဇင်းတွေ အရိုက်များတယ်။ ဇာတ်ကားတွေကတော့ အရိုက်ကျဲနေတယ်။ ရိုက်ချင်တဲ့ဇာတ်ကားတွေကတော့ ဗီလိန်ပုံစံမျိုးတွေရိုက်ချင်ပါတယ်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ပေါက်ကြီး**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လက်ရှိဖြစ်ပွားနေသည့် ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 ဖြစ်စဉ်နှင့်ပတ်သက်၍ ကနဦးသုံးသပ်ချက်

**၂၀၁၇ ခုနှစ်၊ သြဂုတ်လ (၁၁)ရက်**

**၁။ နိဒါန်း**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တုပ်ကွေးရောဂါအပါအဝင် အခြားကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား ဦးစားပေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ တုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအား စီမံချက်တစ်ရပ်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လတ်တလော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 ဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း၊ လူနာကုသခြင်းလုပ်ငန်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းအပါအဝင် ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများအား အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထု၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

**၂။ လက်ရှိဖြစ်ပွားကူးစက်နေသော (Seasonal Influenza A (H1N1) pdm09) ရာသီတုပ်ကွေးဖြစ်ပွားမှု အခြေအနေ**

ယခုနှစ် ဇူလိုင်လအတွင်း လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ဆေးရုံတက်ရောက်မှု အရေအတွက်မှာ ပျမ်းမျှနေ့စဉ် ခုနစ်ဦးခန့် ရှိကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရန်ကုန်ဆေးရုံကြီးသို့ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် တက်ရောက်ကုသသူ သုံးဦးတွင် (Seasonal Influenza A(H1N1)pdm09) ပိုးတွေ့ရှိကြောင်း သတင်းရရှိသည့် ဇူလိုင်လ ၂၁ ရက်နေ့မှစတင်၍ ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်နှင့် ထိန်းချုပ်နိုင်ရန်အတွက် စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သဖြင့် တိုင်းဒေသကြီး/ပြည်နယ်များမှ သံသယရောဂါရှိသူများကို ပိုမိုရှာဖွေဖော်ထုတ်နိုင်ခဲ့ပါသည်။

ကူးစက်ရောဂါဗေဒဆိုင်ရာသုံးသပ်ချက်များအား နေ့စဉ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁၉ ရက်နေ့မှ သြဂုတ်လ ၁၀ ရက်နေ့ မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ ၅၁၀ ဦး၊ (Seasonal Influenza A(H1N1)pdm09) ပိုးတွေ့လူနာ ၁၉၄ ဦး၊ H3N2 ပိုးတွေ့လူနာ ၈ ဦး တွေ့ရှိရပါသည်။ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် တက်ရောက် ကုသသူများအနက် သေဆုံးသူ ၂၀ ဦးရှိသဖြင့် သေဆုံးမှုနှုန်းမှာ ၃ ဒသမ ၉၂ ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရပါသည်။ H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်း မဟုတ်ဘဲ အခြားရောဂါအခံများကြောင့် သေဆုံးသူစုစုပေါင်း ၁၅ ဦး ရှိပါသည်။

ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူနာနှင့် အနီးကပ်နေထိုင်သော မိသားစုဝင်များနှင့်လူနာအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးသော ကျန်းမာရေးဝန်ထမ်းများတွင် ရောဂါပိုးကူးစက်ခံရမှု နည်းပါးခြင်း၊ ချင်းပြည်နယ်မှအပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အစုလိုက်ဖြစ်ပွားမှု မရှိခြင်းတို့ကြောင့် ယခုဖြစ်ပွားလျက်ရှိသည့် ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 နှင့် ပတ်သက်၍ ပိုးတွေ့လူနာများနှင့် အနီးကပ်ထိတွေ့နေထိုင်သူများတွင် ပြင်းထန်ရောဂါဖြစ်ပွားမှု (SecondaryAttack Rate) မမြင့်မားကြောင်း တွေ့ရှိရပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အထွေထွေရောဂါကုဆရာဝန်များနှင့် ပူးပေါင်း၍ တုပ်ကွေးရောဂါလက္ခဏာဖြင့် လာရောက်ပြသသူများ သိသိသာသာ များပြားလာခြင်း ရှိ၊ မရှိကိုလည်း မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအသင်းတို့နှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**၃။ ချမှတ်ဆောင်ရွက်လျက်ရှိသော နည်းဗျူဟာများ** (Strategies)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခုရာသီတုပ်ကွေး ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ နည်းဗျူဟာများအဖြစ် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Surveillance)၊ ရောဂါဖြစ်ပွားမှုအား ဖြစ်ပွားရာနေရာ၌ အချိန်မီထိန်းချုပ်ခြင်း (Containment)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဆက်သွယ်ရေးနှင့် သတင်းပေးပို့စနစ်များ စနစ်တကျ ဖြစ်စေရန်စီမံခန့်ခွဲခြင်း (Line of Communication and Reporting)နှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်စီမံခန့်ခွဲရေးဗဟိုဌာန (EOC) ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရောဂါဆက်လက်ပျံ့နှံ့မှုလျော့နည်းအောင် ဆောင်ရွက်ခြင်း (Mitigation)၊ ထိရောက်သောကုသမှုပေးခြင်း (Treatment)၊ ပြည်သူလူထုအား အသိပညာပေးခြင်း (Health Education)၊ ဖြစ်နိုင်ခြေအပေါ် မူတည်၍ ဆက်သွယ်ဆောင်ရွက်ခြင်း (Risk Communication)၊ လိုအပ်သောပစ္စည်းများ ထောက်ပံ့ခြင်းကို စီမံခန့်ခွဲခြင်း (Logistics Management)နှင့် နှီးနွှယ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း (Coordination)တို့အား ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

**၄။ အဓိကဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ** (Key Activities)

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအဖြစ် ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး ဗဟိုအဆင့် အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရောဂါထိန်းချုပ်ရေးကော်မတီ (Containment of Influenza A (H1N1) pdm 09 Scenario Committee)နှင့် လုပ်ငန်းကော်မတီများဖြစ်သည့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်နှိမ်နင်းရေးဆပ်ကော်မတီ၊ ရောဂါအတည်ပြုသတ်မှတ်ရေးဆပ်ကော်မတီ၊ ဓာတ်ခွဲစမ်းသပ်ရေးနှင့် ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဆပ်ကော်မတီ၊ ဆေးဝါးကုသမှုဆပ်ကော်မတီ၊ ဆေးနှင့်ဆေးပစ္စည်းထောက်ပံ့ရေးဆပ်ကော်မတီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေကြီးကြပ်ရေးဆပ်ကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများအား အနီးကပ် ကြီးကြပ်ဆောင်ရွက်ခြင်း၊
- ရောဂါကာကွယ်ထိန်းချုပ်ရေး၏ အဓိကနည်းဗျူဟာဖြစ်သည့် ကျန်းမာရေးပညာပေး လုပ်ငန်းများအား နည်းလမ်းအသစ်များဖြင့် ပိုမိုအားဖြည့်ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင် သတင်းမီဒီယာများ၊ ဝန်ကြီးဌာန Website (www.mohs.gov.mm) နှင့် Myanmar CDC Facebook page (www.facebook.com/MyanmarCDC) တို့တွင် နေ့စဉ်သတင်းထုတ်ပြန်ဖော်ပြခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွက် ကျန်းမာရေးပညာပေးချက်များ IEC Materials – Poster, Vinyl, Pamphlet များပြုစု၍ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ ပညာရေးဝန်ကြီး ဌာနနှင့် ပူးပေါင်း၍ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူပေါင်း ကျန်းမာရေး ပညာပေးခြင်း၊ ပိုစတာလက်ကမ်းစာစောင်များကို မြန်မာဘာသာစကားဖြင့်သာမက တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနနှင့်ချိတ်ဆက်၍ တိုင်းရင်းသားဘာသာစကားများဖြင့်ပါ ဖြန့်ဝေခြင်း၊ ဆက်သွယ်ရေးကွန်ရက်များဖြစ်ကြသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)၊ တယ်လီနော (Telenor) တို့နှင့်ပူးပေါင်း၍ လက်ကိုင်ဖုန်းများတွင် ရာသီတုပ်ကွေးရောဂါပညာပေးစာတိုစနစ် (SMS) ကိုပြည်သူလူထုသို့ ဖြန့်ဝေခြင်း၊ တာဝန်ရှိသူများက Media Interview များ ဆောင်ရွက်ခြင်း၊ အဝေးပြေးယာဉ်များ၊ ဘတ်စ်ကားများ၊ မီးရထားများ၊ သင်္ဘောများစသည်တို့တွင် ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်သော ကျန်းမာရေးပညာပေး Sticker များကပ်ခြင်း၊ လူအများ မြင်သာသောနေရာများတွင် Vinyl များထောင်ခြင်းတို့ဖြင့် ပညာပေးအစီအစဉ်များဆောင်ရွက်ခြင်း၊
- ရောဂါဖြစ်ပွားမှုအား လျင်မြန်စွာ တုံ့ပြန်နိုင်ရေးအတွက် Containment at Source နည်းဗျူဟာအဖြစ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များဖွဲ့စည်းပြီး ပိုးတွေ့လူနာများ နေထိုင်ရာ ရပ်ကွက်/ကျေးရွာများအတွင်းရှိ အိမ်များသို့ချက်ချင်းသွားရောက်၍ ကျန်းမာရေးပညာပေးခြင်း၊ အတူနေထိုင်သူများ၏ ကျန်းမာရေးအခြေအနေကို မေးမြန်းစစ်ဆေးခြင်း၊ လူနာအိမ်နှင့်အနီး ပတ်ဝန်းကျင်အိမ်များတွင် ဖျားနာလူနာများ ရှိ၊ မရှိ စုံစမ်းထောက်လှမ်းခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးတို့ကိုကွင်းဆင်း၍ အထူးဦးစားပေးဆောင်ရွက်ခြင်း၊
- ကမ္ဘာ့ညာ့ကျန်းမာရေးအဖွဲ့၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ သံရုံးများ၊ ပြည်တွင်းအလှူရှင်များက တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် ပူးပေါင်း၍ ကာကွယ်ဆေး (Influenza Vaccine)၊ ကုသဆေး Oseltemivir (Tamiflu) များနှင့် အခြားလိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား လှူဒါန်းလျက်ရှိရာ လှူဒါန်းသည့်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းထားရှိပြီး လိုအပ်သည့်နေရာများသို့ ဦးစားပေးအဆင့်ဖြင့် အချိန်မီ ပြန်လည်ခွဲဝေပေးပို့ခြင်း၊
- လူနာများအား နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ဝေဘာဂီ အထူးကုဆေးရုံကြီးနှင့် ပြည်သူ့ဆေးရုံများတွင် အထူးကြပ်မတ်ခန်းများ ထားရှိခြင်း၊ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ဝန်ထမ်းများ အားဖြည့်တာဝန်ချထားခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းခြင်း၊ အရေးပေါ် အသက်ကယ်ပစ္စည်းများပါဝင်သည့် အဆင့်မြင့် လူနာတင်ယာဉ် (Advanced ambulance) များ အဆင်သင့်ချထား၍ လူနာအား သယ်ယူပို့ဆောင်ခြင်း၊
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနက တိကျ မှန်ကန်သောအဖြေများကို စောစီးမှန်ကန်စွာနှင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရုံးဖွင့်ရက်များသာမကရုံးပိတ်ရက်များတွင်ပါ အရေးပေါ်စစ်ဆေးနိုင်ရန် စီမံထားရှိခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ဆေးရုံများတွင် လူနာများနှင့်ထိတွေ့နေရသော ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးအဆင့်အလိုက် ကာကွယ်ဆေး (Vaccine) အမြန်ထိုးပေးနိုင်ရန် စီမံခြင်း၊ ပြည်သူလူထုအတွင်း ရောဂါပိုးကူးစက်ခံရလျှင် ပြင်းထန်ရောဂါ လက္ခဏာများ ဖြစ်ပွားနိုင်သော အန္တရာယ်ရှိသောလူအုပ်စုများ ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ (၅) နှစ်အောက်ကလေးများ၊ အသက် (၆၅) နှစ်အထက် လူကြီးများနှင့် နာတာရှည်ရောဂါအခံရှိသူများကို ဦးစားပေးအစီအစဉ်ဖြင့် ကာကွယ်ဆေးများထိုးနှံရန် ဆောင်ရွက်ခြင်း

**၅။ ကူးစက်ရောဂါဗေဒဆိုင်ရာရှုထောင့်** (Epidemiological Perspective) **မှ အကျဉ်းသုံးသပ်ခြင်း**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ Influenza A(H3N2), A(H1N1), A(H1N1)pdm09, Influenza B ရာသီတုပ်ကွေးရောဂါပိုး အမျိုးအစားများသည် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အဓိကဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှစ်စဉ်ရာသီတုပ်ကွေးရောဂါပြင်းထန်စွာခံစားရသူ သုံးသန်းမှ ငါးသန်းအထိရှိပြီး သေဆုံးသူ နှစ်သိန်းခွဲမှ ငါးသိန်းရှိသဖြင့် ရောဂါပြင်းထန်သူများတွင် သေဆုံးမှုနှုန်း ၁၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ ရာသီတုပ်ကွေးရောဂါသည် အထူးသဖြင့် အသက်(၅)နှစ် အောက်ကလေးများ၊ အသက်(၆၅)နှစ်အထက် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ ဆီးချိုရောဂါအစရှိသည့် နာတာရှည်ရောဂါရှိသူများ၊ ကိုယ်ခံအားကျဆင်းသူများတွင် ရောဂါပိုမို ပြင်းထန်တတ်ပြီး အသက်သေဆုံးကြောင်း တွေ့ရှိရပါသည်။

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတို့ပူးပေါင်း၍ တုပ်ကွေးရောဂါပိုးများအား ဓာတ်ခွဲစမ်းသပ်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအား ၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု အမျိုးသားအဆင့်တုပ်ကွေး ရောဂါလုပ်ငန်းဗဟိုဌာန (National Influenza Centre)အဖြစ် ၂၀၀၈ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေ၊ ပျံ့နှံ့လျက်ရှိသည့်ရောဂါပိုးအမျိုးအစား၊ ရောဂါပိုးများ၏ ကူးစက်နိုင်စွမ်းသတ္တိ၊ ရာသီအလိုက်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေ၊ ကပ်ရောဂါအသွင် ဖြစ်ပွားမှု အခြေအနေနှင့် ကမ္ဘာတစ်ဝန်းရှိဓာတ်ခွဲခန်းများနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။

Influenza A(H1N1)pdm09တုပ်ကွေးရောဂါပိုးသည် ဗိုင်းရပ်စ်ရောဂါပိုးအသစ် (Novel Virus) အနေဖြင့် မြောက်အမေရိကတိုက်၌ (၂၀၀၉) ခုနှစ် ဧပြီလမှစတင်ပြီး တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့ကပ်ရောဂါ(Pandemic) အဖြစ် သတ်မှတ်၍ တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ Influenza A(H1N1)pdm09 ဗိုင်းရပ်စ်ရောဂါပိုး၏ ဖြစ်ပွားသေဆုံးမှုနှင့် ပျံ့နှံ့မှုဝိသေသလက္ခဏာများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သုံးသပ်ပြီး ၂၀၁၀ ခုနှစ် သြဂုတ်လ ၁၀ ရက်နေ့တွင်ကမ္ဘာ့ကပ်ရောဂါအသွင်မှရာသီတုပ်ကွေးရောဂါ (Seasonal Influenza) ဖြစ်ပွားကူးစက်မှုအဖြစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရာသီတုပ်ကွေးရောဂါပိုး တွေ့ရှိမှု အခြေအနေအရ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် Seasonal Influenza A(H1N1)pdm09 ပိုးကူးစက်မှု အဓိကဖြစ်ပွားခဲ့သော နှစ်များအဖြစ် တွေ့ရှိရပါသည်။

ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 ဗိုင်းရပ်စ်ပိုးနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံးနှင့် မြန်မာနိုင်ငံမှအချက်အလက်များအား လေ့လာချက်အရ ပြည်သူလူထုအတွင်း ရောဂါဖြစ်ပွား၊ သေဆုံးနှုန်း မမြင့်မားသော်လည်း နာတာရှည်ရောဂါအခံရှိသူများ (ဥပမာ ဆီးချိုရောဂါရှိသူများ)၊ ကိုယ်ဝန်ဆောင်များ၊ ကလေးများတွင် ရောဂါပြင်းထန်ပြီး သေဆုံးမှုမြင့်မားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် ပိုးတွေ့လူနာများအနက် အသက် (၇) နှစ်အောက်ကလေးများသည် စုစုပေါင်းဖြစ်ပွားမှုနှုန်း (၃၀) ရာခိုင်နှုန်းခန့်နှင့် သေဆုံးမှုနှုန်း (၄၀) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

ယခုမြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသောရာသီတုပ်ကွေးရောဂါပိုး Seasonal Influenza A(H1N1)pdm09 အား ဂျပန်နိုင်ငံရှိ National Institute of Infectious Disease ဓာတ်ခွဲခန်းသို့ ပို့ဆောင်၍အသေးစိတ်စစ်ဆေးခဲ့ရာ (၁) ရောဂါပိုးမှာ တစ်ကမ္ဘာလုံး ပုံမှန်ပျံ့နှံ့သည့် ရာသီတုပ်ကွေးရောဂါ ပိုးအမျိုးအစားဖြစ်ကြောင်း၊ (၂) ပုံမှန်ကုသသည့် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ရောဂါကို ကုသသော ဆေးများအား ၉၅ ရာခိုင်နှုန်း မှ ၉၈ ရာခိုင်နှုန်းထိ တုံ့ပြန်မှုရှိကြောင်း၊ (၃) ကြက်ငှက်တုပ်ကွေးရောဂါပိုးနှင့် မျိုးရိုးဗီဇပေါင်းစပ်မှု မရှိကြောင်းတို့ကို သိရှိရပါသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိတိုင်းဒေသကြီး/ ပြည်နယ်များတွင် ရောဂါဖြစ်ပွားမှု၊ ပိုးတွေ့မှုနှင့် ပတ်သက်၍ ဆန်းစစ်ခဲ့ရာရန်ကုန်တိုင်းဒေသကြီးတွင် ပိုးတွေ့လူနာအများဆုံး ဖြစ်ကြောင်းတွေ့ရှိရပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပိုးတွေ့လူနာဒုတိယအများဆုံးရှိကြောင်းတွေ့ရှိရပါသည်။ သေဆုံးမှုနှုန်းအရ ရန်ကုန်တိုင်းဒေသကြီးတွင် ၂ ဒသမ ၉ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁၇ ဒသမ သုည ရာခိုင်နှုန်း ဖြစ်ကြောင်းသုံးသပ်ရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် (၁-၅-၂၀၁၇)မှ (၂၃-၇-၂၀၁၇) ရက်နေ့အထိ ၃ လ တာခန့်ကာလအတွင်း မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အခြားကမ္ဘာ့နိုင်ငံများ၌လည်း ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားခဲ့မှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ယခင်နှစ်များက ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုအခြေအနေ၊ ယခုဖြစ်ပွားလျက်ရှိသည့် နေ့စဉ်ရောဂါဖြစ်ပွား၊ သေဆုံးမှု၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ဖြစ်ပွားမှု၊ အစုလိုက်ရောဂါဖြစ်ပွားမှု ရှိ၊ မရှိတို့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပညာရှင်များက ကူးစက်ရောဂါဗေဒဆိုင်ရာ ရှုထောင့်မှ လေ့လာသုံးသပ်ချက်များအရ ယခုဖြစ်စဉ်မှာ ရာသီတုပ်ကွေးရောဂါပိုး ပိုမိုဖြစ်ပွားလေ့ရှိသည့် မိုးတွင်းကာလအတွင်း ပုံမှန်ထက် ပိုမိုဖြစ်ပွားကြောင်း တွေ့ရှိရသော်လည်း ကပ်ရောဂါအခြေအနေနှင့် ပြည်သူ့ ကျန်းမာရေး အရေးပေါ်အခြေအနေ မဟုတ်ကြောင်း သုံးသပ်ပါသည်။

**စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှ

**၆။ ကုသရေးဆိုင်ရာ ရှုထောင့်** (Clinical Perspective) **မှ အကျဉ်းသုံးသပ်ခြင်း**

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲအနေဖြင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသခံယူရသူများအနက် သေဆုံးသည့်နှုန်းအား နေ့စဉ် ဆန်းစစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ သေဆုံးမှုနှုန်းမှာ ဩဂုတ်လ ၁၀ ရက်နေ့အထိ ၄ ရာခိုင်နှုန်းခန့်သာရှိပြီး အထူးသဖြင့် ဆီးချိုရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကလေးများတွင် ပိုမိုသေဆုံးကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် သေဆုံးရသည့် အကြောင်းအရင်းများအနက် ပြင်းထန်ရောဂါလက္ခဏာများရှိသော်လည်း ဆေးရုံသို့ နောက်ကျပြီး ရောက်ရှိလာခြင်း၊ နောက်ဆက်တွဲ ဖြစ်ပေါ်လာသော ဘက်တီးရီးယားပိုးကြောင့် အဆုတ်ရောင်ခြင်းအတွက် ဆေးယဉ်ပါးခြင်း (Antimicrobial resistance) တို့ကြောင့် သေဆုံးနှုန်းမြင့်မားကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ပြင်းထန်ရောဂါလက္ခဏာများရှိပါက စောစီးစွာ ကုသမှုခံယူပါရန်နှင့် ဆေးဆိုင်များမှ စပ်ဆေးများ ဝယ်ယူသောက်သုံးခြင်း၊ မိမိဖာသာ မိမိသဘောဖြင့် ဗက်တီးရီးယားပိုးသတ်ဆေးများသောက်သုံးခြင်း၊ တတ်ကျွမ်းမှုမရှိသူများနှင့် ဆေးကုသမှုခံယူခြင်းတို့မှ အထူးရှောင်ကြဉ်ရန် လိုအပ်ပါသည်။

ပုဂ္ဂလိကဆေးခန်းများ၊ အထွေထွေရောဂါကုဂျီပီဆရာဝန်များအနေဖြင့်လည်း လူနာအား ဗက်တီးရီးယားပိုးသတ်ဆေးများပေးရာတွင် ရောဂါကုသမှုစံပြုလမ်းညွှန်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

**၇။ ပြည်သူလူထု ရှုထောင့်** (People's Perspective) **မှ အကျဉ်းသုံးသပ်ခြင်း**

ပြည်သူလူထုအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဖြစ်ပေါ်လာသော ရာသီတုပ်ကွေးရောဂါ၏ ဖြစ်ပွားမှု၊ သေဆုံးမှုများကို လူမှုမီဒီယာများမှတစ်ဆင့် သိရှိရပြီး ကျန်းမာရေးအသိပညာများ နိုးကြားလာကြောင်း သိရှိရပါသည်။ သတင်းမီဒီယာများ၏ ယခုဖြစ်စဉ်အပေါ် စိတ်ဝင်စားမှုနှင့် သတင်းရယူထုတ်ပြန်မှုများကြောင့်လည်း ပြည်သူလူထုအတွင်းအချိန်နှင့်တစ်ပြေးညီ သိလိုစိတ်များ မြင့်မားလာသည်ကို ကြည့်လျှင် သတင်းအချက်အလက်နှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများတွင် မီဒီယာများ၏ အခန်းကဏ္ဍမြင့်မားကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မီဒီယာများအနေဖြင့် ပြည်သူလူထုအတွင်း မလိုအပ်ဘဲ ထိတ်လန့်စိုးရိမ်မှု မမြင့်မားစေရေးအတွက် အထူးဂရုစိုက်စေတနာထား၍ သတင်းအချက်အလက်များကို ထိန်းသိမ်းထုတ်ပြန်ရန် လိုအပ်မည်ဖြစ်ပါသည်။

သတင်းများစတင်ပျံ့နှံ့ခဲ့သည့် ဇူလိုင်လ ၂၁ မှ ဇူလိုင်လ ၃၁ ရက်အတွင်းအစပိုင်းတွင် သေဆုံးမှုများရှိကြောင်း သိရှိရသဖြင့် ပြင်းထန်သောရောဂါသဖွယ် သဘောထားကာ စိုးရိမ်ပူပန်မှုများရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။ အချိန်နှင့်တစ်ပြေးညီ သတင်းရရှိလိုမှု၊ ရောဂါအကြောင်း သိရှိလိုမှုတို့ဖြင့် စိတ်ဝင်စားလျက်ရှိကြပြီး Mask တပ်ဆင်ခြင်းကဲ့သို့ ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ကြပါသည်။ ယင်းကို မြို့ပြဒေသ၊ အထူးသဖြင့် ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်များတွင် ပိုမိုတွေ့ရှိရပါသည်။ သို့သော် မလိုအပ်ဘဲ Mask များ၊ ဗိုင်းရပ်စ်ပိုးကုသဆေးများ၊ ရာသီတုပ်ကွေးကာကွယ်ဆေးများ ဝယ်လိုအား အလွန်မြင့်မားသဖြင့် အမှန်တကယ်လိုအပ်သူများအတွက် ဝယ်ယူရာတွင် ဈေးနှုန်းကြီးမြင့်မှုများ၊ ပစ္စည်းပြတ်လပ်မှုများ၊ ဈေးကစားမှုများအားလည်း အထူးဂရုစိုက်ကိုင်တွယ်ရန်လိုအပ်မည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ ကျန်းမာရေးပညာပေးလုပ်ငန်းများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချိန်နှင့်တစ်ပြေးညီ နှိုးဆော်ခြင်း၊ နည်းလမ်းသစ်များ အသုံးပြု၍ ကျန်းမာရေးပညာပေးခြင်းတို့အား ဆောင်ရွက်ခြင်း၊ တစ်ဦးတစ်ယောက်ချင်းစီသာမက ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများကလည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားစွာ ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းတို့ကြောင့် ပြည်သူလူထုအတွင်း ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ အသိပညာများ ပိုမိုမြင့်မားလာကြောင်း တွေ့ရှိရပါသည်။

**၈။ ယခုဖြစ်စဉ်အပေါ် ခြုံငုံသုံးသပ်ချက်**

ယခု မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုသည် ဖြစ်ရိုးဖြစ်စဉ်ထက် ပိုမိုလာသည်ကို တွေ့ရှိရပါသည်။ ရာသီတုပ်ကွေးရောဂါ၏ ဖြစ်ပွားတတ်သော သဘာဝအရလာမည့် ရက်သတ္တပတ်များတွင် ဖြစ်ပွား၊ သေဆုံးမှု လုံးဝပပျောက်ရန် သေချာပေါက် ခန့်မှန်း တွက်ချက်၍ မရနိုင်ပါ။ လက်ရှိ ရောဂါဖြစ်ပွားသေဆုံးမှုအခြေအနေနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်မှုကြောင့် ထိန်းသိမ်းနိုင်သော အခြေအနေတွင်ရှိသည်ဟု သုံးသပ်ရပါသည်။

အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများတွင်လည်း Seasonal Influenza A(H1N1)pdm09 အပါအဝင် ရာသီတုပ်ကွေးရောဂါများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ရာသီတုပ်ကွေးရောဂါအား သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါစသည့် ကူးစက်ရောဂါများနည်းတူ စောင့်ကြပ်ကြည့်ရှု၍ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား နောင်နှစ်များတွင်လည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအပါအဝင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းများ ပူးပေါင်း၍ ချက်ချင်း၊ ရေတိုနှင့် ရေရှည်စီမံချက်များချမှတ် ဆောင်ရွက်သွားမည်ပါသည်။

ပြည်သူလူထုကလည်း ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကို ယခုအချိန်တွင်သာမက နောင်ကာလအထိ အစဉ်အမြဲလိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ရာသီတုပ်ကွေးရောဂါလက္ခဏာရှိသူများအနေဖြင့်လည်း မိမိထံမှ အခြားသူများသို့ရောဂါကူးစက်မှုမရှိစေရန် မိမိကိုယ်တိုင်ကစ၍ ရောဂါကာကွယ်ရေးနည်းလမ်းများအား အထူး လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**၉။ အထွေထွေသုံးသပ်ချက်**

ရောဂါကူးစက်မှုအခြေအနေ (Transmission) နှင့်ပတ်သက်၍ သုံးသပ်တင်ပြခြင်း

(၁) ပြည်သူလူထုအတွင်း တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ထပ်ဆင့်စုစုပေါင်း ဖြစ်ပွားမှုအခြေအနေ (Cumulative incidence of ILI symptoms confirmed in the community)

(၂) လုပ်ငန်းခွင်များတွင် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ထပ်ဆင့်စုစုပေါင်း ဖြစ်ပွားမှုအခြေအနေ(Cumulative incidence of ILI symptoms confirmed in workplace)

(၃) အိမ်ရှိလူများတွင် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ထပ်ဆင့်စုစုပေါင်း ဖြစ်ပွားမှုအခြေအနေ(Cumulative incidence of ILI symptoms confirmed in household)

(၄) လူနာနှင့်အနီးကပ်ထိတွေ့ကိုင်တွယ်သူများတွင် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ဖြစ်ပွားမှုအခြေအနေ (Secondary attack rate) တွေ့ရှိချက်အရ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော Seasonal Influenza A(H1N1) pdm09 သည် ကူးစက်ပျံ့ပွားမှုအသင့်အတင့် (Moderate Transmission) ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ရောဂါပြင်းထန်မှုအခြေအနေ (Severity)နှင့် ပတ်သက်၍သုံးသပ်တင်ပြခြင်း

(၁) လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါလူနာများတွင် သေဆုံးမှုနှုန်း (Casefatality rate among Severe Acute Respiratory Infections - SARI)

(၂) ရက်အလိုက် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်မှုနှုန်း (Case hospitalization rate)၊

(၃) ယခုမြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသောရာသီတုပ်ကွေးရောဂါပိုးအား ဂျပန်နိုင်ငံရှိ National Institute of Infectious Disease ဓာတ်ခွဲခန်းသို့ ပို့ဆောင်၍ အသေးစိတ်စစ်ဆေးခဲ့ရာ (၁) ရောဂါပိုးမှာ တစ်ကမ္ဘာလုံး ပုံမှန်ပျံ့နှံ့သည့် ရာသီတုပ်ကွေးရောဂါပိုးအမျိုးအစားဖြစ်ခြင်း၊ (၂) ပုံမှန်ကုသသည့် ဗိုင်းရပ်စ်ကြောင့်ဖြစ်သောရောဂါကိုကုသသော ဆေးများအား ၉၅ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းထိ တုံ့ပြန်မှုရှိခြင်း၊ (၃) ကြက်ငှက်တုပ်ကွေးရောဂါပိုးနှင့် မျိုးရိုးဗီဇပေါင်းစပ်မှု မရှိခြင်း (Virus Characteristics)

တို့ကြောင့် ရောဂါပြင်းထန်မှုအခြေအနေသည် ပြင်းထန်မဟုတ်သောအဆင့် (Low Severity) အဆင့်ဖြစ်ကြောင်း သုံးသပ်ပါသည်။


ရောဂါကူးစက်ပြန့်ပွားမှုနှင့်ပြင်းထန်မှုများအရလည်းကောင်း၊ Cluster of ILI cases လေ့လာမှုအရလည်းကောင်း လက်ရှိဖြစ်ပွားနေသော A(H1N1)pdm09 သည် Early Warning အဆင့်ဖြစ်ပြီး ကပ်ဖြစ်ပွားမှုအခြေအနေ၏ Ascending Limb ဖြစ်ပွားနိုင်ခြေအဆင့်သာ သတ်မှတ်နိုင်ကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရ၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ကပ်ရောဂါအဖြစ်သို့ ကူးပြောင်းနိုင်ခြေနည်းပါးမည်ဟု သုံးသပ်ပါသည်။

**၁၀။ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ**

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တုပ်ကွေးဆန်သောရောဂါလက္ခဏာများ- Influenza like Illness (ILI) နှင့် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါ - Severe Acute Respiratory Infections (SARI) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများအားဖြည့် ဆောင်ရွက်နိုင်ရန်အတွက် Pandemic Influenza Preparedness Framework နှင့် အပြည်ပြည်ဆိုင်ရာကျန်းမာရေးစည်းမျဉ်းများ (၂၀၀၅) ပါလုပ်ငန်းများအား ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများကိုလေ့ကျင့် သင်တန်းပေးခြင်း၊
- ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးကွင်းဆင်းဆောင်ရွက်ခြင်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း Field Epidemiology Training Program သင်တန်းများကို ဤဖြစ်စဉ်ပေါ် သုံးသပ်၍ ပို့ချဆောင်ရွက်ခြင်း၊
- ဤဖြစ်စဉ်ပေါ်မူတည်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များ ဖွဲ့စည်းခြင်း၊
- ဤဖြစ်စဉ်ပေါ်မူတည်၍ ဌာနဆိုင်ရာများနှင့် ချိတ်ဆက် ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခြင်း- Simulation Exercise များပြုလုပ်ခြင်း၊
- ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းလမ်းညွှန်၊ Clinical Management Guideline? ILI & SARI Surveillance Guideline စသည့် - Standard Operating Procedure & Guideline များအား Update ပြုလုပ်ခြင်း၊
- လက်ရှိပြုစုထားသည့် Strategic Plan ကိုကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပြန်လည်စိစစ်သုံးသပ်ပြီးထုတ်ဝေခြင်း၊ ဆေးရုံများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများအဆင်သင့်ရှိစေရေး ဆောင်ရွက်ခြင်း၊
- ဆေးရုံများတွင် သီးသန့်ကုသဆောင် (Isolation Ward) များ ထားရှိခြင်းနှင့် ဆေးရုံတွင်း ရောဂါကူးစက်မှု ထိန်းချုပ်ရေး (Infection Control) ကောင်းမွန်စေရန် Guideline များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊
- ပြည်သူလူထုအတွင်းရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09)နှင့် ပတ်သက်သော ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆက်လက်ဆောင်ရွက်သွားရန် စီမံချက်များချမှတ် ဆောင်ရွက်ခြင်း၊
- နီးနွယ်ဌာနပေါင်းစုံနှင့် စနစ်တကျ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း (Networking)၊
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ စွမ်းဆောင်နိုင်မှုကို မြှင့်တင်နိုင်ရေးအတွက် လုံခြုံစိတ်ချရသည့် ဓာတ်ခွဲခန်းများတိုးမြှင့် တည်ဆောက်ရန်၊ ပဋိဇီဝဆေးဝါးများ ယဉ်ပါးမှုမဖြစ်စေရေးအတွက် အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်နှင့် သုတေသနလုပ်ငန်းများ အားဖြည့်ဆောင်ရွက်သွားရန် ဦးစားပေးသတ်မှတ်ခြင်း။

**၁၁။ နိဂုံး**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဌာနတွင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၊ အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ပြည်သူလူထု၊ သတင်းမီဒီယာများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအစရှိသည့်တို့၏ အားလုံးတက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများ (Whole Society Approach) ကြောင့် ယခုလက်ရှိဖြစ်ပွားနေသည့် ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 ဖြစ်စဉ်အား ထိရောက်စွာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အလားတူကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ၊ ပြည်သူ့ကျန်းမာရေးအရေးပေါ်ပြဿနာများအား ယခုဖြစ်စဉ်၏ အတွေ့အကြုံများပေါ် မူတည်၍ ကူးစက်ရောဂါဆိုင်ရာကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



လှည်းကူးမြို့နယ် ဒါးပိန်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးသက်ထွန်းနှင့် ဝါးရုံစွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဒေါ်အေးမိစံ အဖွဲ့တို့ပူးပေါင်း၍ ဩဂုတ် ၁၀ ရက်က ဝါးရုံစွန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာနေပြည်သူ ၅၀ ခန့်အား မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ကြစဉ်။ **(ကြေးမုံ)**

# အမှိုက်စနစ်တကျစွန့်ပစ်မှု အမူအကျင့်ကောင်းများရရှိစေရေး Mobile Awareness Vehicle ယာဉ်ဖြင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကင်း ဩဂုတ် ၁၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန၏ လမ်းညွှန်မှုဖြင့် တောင်ပိုင်းခရိုင်သန့်ရှင်းရေးဌာနခရိုင်မှူးဦးသက်ဝေ၊ ရန်ကင်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးစိုးငွေနှင့် မြို့နယ်သန့်ရှင်းရေးတာဝန်ခံဦးတေဇာလင်းတို့ ဦးဆောင်ကာ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီမှ ၄ ညနေနာရီထိ မိဘပြည်သူများ အမှိုက်စနစ်တကျစွန့်ပစ်မှု အမူအကျင့်ကောင်းများရရှိစေရန် သစ္စာလမ်းမကြီး (ကျောက်ကုန်းလမ်းထောင့်)တွင် Mobile Awareness Vehicle လှုံ့ဆော်ရေးယာဉ်ဖြင့် ပညာပေးဆောင်ရွက်ခဲ့ကြသည်။

"ရန်ကုန်မြို့တော်ကြီးမှာ အမှိုက်ထွက်ရှိမှုပမာဏက တစ်နေ့ကိုတန်ချိန် ၂၀၀၀ ကျော်စွန့်ပစ်သိမ်းဆည်း သယ်ယူပို့ဆောင်နေတာတွေ၊ အမှိုက်ဆွေးမြည့်မှုအခြေအနေတွေ၊ ဆေးရုံဆေးခန်းအမှိုက်တွေ သိမ်းဆည်းပေးမှုစွမ်းအင်ထုတ်လုပ်နိုင်မှု နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအခြေအနေ စတာတွေကို မိဘပြည်သူနဲ့ ကျောင်းသားကျောင်းသူတွေလေ့လာသိရှိနိုင်အောင် မော်တော်ယာဉ်နဲ့လှည့်လည်ပညာပေးဆောင်ရွက်ရတာပါ" ဟု မြို့နယ်သန့်ရှင်းရေးတာဝန်ခံဦးတေဇာလင်းကရှင်းပြသည်။

ထိုသို့လှုံ့ဆော်ပညာပေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာမောင်နှင့်ဦးသိန်းဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးသိန်းဆက်နှင့် ဒုတိယအုပ်ချုပ်ရေးမှူးဦးအောင်ကျော်ထွန်း၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များကပါဝင် အားဖြည့်စည်းရုံးလှုံ့ဆော်ကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

မောင်မောင်

## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ သဲဖြူချောင်းကျေးရွာ၊ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်း တောခန်းရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် စာစောင်အတွက် စာမူဖိတ်ခေါ်ခြင်း

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ကြီးသည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ သဲဖြူချောင်းကျေးရွာ၊ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်း တောခန်းရိပ်သာကြီးကို တည်ထောင်၍ ... ဆယ်မိုင်ကုန်း တောခန်းရိပ်သာ၏ ... စာမူများ ရေးသားပေးပို့ကြရန် ...

(က) ကဗျာစာမူဖြစ်လျှင် A4(၁)မျက်နှာအတွင်း
(ခ) ဆောင်းပါး၊ ဝတ္ထုတိုစာမူဖြစ်လျှင် A4 (၅)မျက်နှာအတွင်း (လက်ရေးမူ (၈)မျက်နှာခန့်)
(ဂ) Microsoft Word format ဖြင့် Zawgyi-one, font size (12) ဖြင့် စာမျက်နှာတစ်ဖက်တည်းတွင် ... ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ... ရေးသားပေးပို့နိုင်ပါသည်။

**စာမူနောက်ဆုံးပေးပို့ရက် - ၁၃၇၉ - ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၀) ရက်၊ (၂၀၁၇ - ခုနှစ်၊ စက်တင်ဘာလ ၃၀ - ရက်၊ စနေနေ့)**

ပေးပို့ရမည့်လိပ်စာ
- ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ အမှတ် - ၈၈(က)၊ သံလွင်လမ်း၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ (ဖုန်း: +959 798261123, +959 799225424)
- ပဲခူးမြို့၊ သဲဖြူချောင်းကျေးရွာ၊ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်း တောခန်းရိပ်သာ၊ နာယက ဝန်ချုပ်စာတာဆရာတော် (ဖုန်း: +959 795320969, +959 971965650)
- panditaramafmc25@gmail.com ထံသို့ ပေးပို့နိုင်ကြပါသည်။



ဒေါ်နန္ဒာဝင်း ဦးစီးသော
Amazing Land Travels & Tours Co.,Ltd.
**ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်**
သံဝေဇနီယလေးဌာန (၇)ညအိပ်/(၈)ရက်ခရီးစဉ်၊ သံဝေဇနီယလေးဌာန (၁၁)ညအိပ်/(၁၂)ရက်ခရီးစဉ်များ ... (၁၄-၁၀-၁၇)မှ (၂၈-၁၀-၁၇)အထိ သံဝေဇနီယလေးဌာန+နယူးဒေလီ (၁၄)ညအိပ်/(၁၅)ရက် ခရီးစဉ် ရှိပါသည်။ ... ဆောင်ရွက်ပေးပါမည်။



PUN HLAING SILOAM HOSPITALS

**ဆီးလမ်းကြောင်းနှင့် ကျောက်ကပ်ရောဂါဆိုင်ရာ ဝေဒနာရှင်များအတွက် ယုံကြည်စိတ်ချနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု**



DR. SIVARAJ MANOHARAN
M.B.B.S, M.S (General Surgery), M.Ch (Urology)

ဆီးကျောက်တည်ခြင်း၊ ဆီးကျိတ်၊ ဆီးအိမ်ကင်ဆာ အမျိုးမျိုး၊ ဆီးလမ်းကြောင်းဆိုင်ရာရောဂါများနှင့် ကျောက်ကပ် အစားထိုး ကုသမှုအပါအဝင် ကျောက်ကပ်ခွဲစိတ်ကုသမှုများအတွက် အကောင်းဆုံး အဖြေရှာ ဆွေးနွေးတိုင်ပင်နိုင်ရန် အိန္ဒိယနိုင်ငံမှ ဆရာဝန်ကြီးနှင့်

**ဩဂုတ်လ ၁၇ - ၁၉ ရက် တွင် ပြသနိုင်ပါပြီ။**

**ဆက်သွယ်စာရင်းပေးသွင်းရန် - ၀၁ - ၃၆၈ ၄၄ ၃၃**

နံနက် (၈:၀၀) နာရီမှ ညနေ (၅:၀၀) နာရီ အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

www.punhlaingsiloamhospitals.com
facebook Pun Hlaing Siloam Hospitals



**ဟန်းဂု (HANGUK) ကိုရီးယားဘာသာစကားသင်တန်း**
အထူးသင်တန်းကြေး (၁) သိန်းကျပ် (အပြတ်) EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915



23
မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုးကြော်၊ ငါး၊ ကြက်သား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် မြည်းစမ်းနိုင်ပါသည်။



dot Pay
အွန်လိုင်းဂိမ်းငွေကြေး၊ သီချင်း၊ ဗီဒီယိုနှင့် သတင်းစုံကို
Red dot Pay PIN နဲ့ ဝယ်လိုက်ပါ




## ထိုင်းနိုင်ငံ၊ ဝေ့ဌာနီဆေးရုံကြီး၏ အထူးအစီအစဉ်

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ ဝေ့ဌာနီဆေးရုံကြီးမှ ကျောရိုး အထူးကုဆရာဝန်ကြီး DR.CHAROENCHAI USSAWA-KONG KIATE နှင့် **အခမဲ့** တိုင်ပင်ဆွေးနွေးနိုင်ရန် အထူး အစီအစဉ်ရှိပါသည်။ ခါးနာခြင်း၊ ခါးရိုးစောင်းခြင်း၊ ထိခိုက် ဒဏ်ရာရခြင်း ကြောင့်ဖြစ်သော ကျောရိုးရောဂါများနှင့် ကျောရိုး ဆိုင်ရာ ဝေဒနာအမျိုးမျိုးအတွက် လာရောက်တိုင်ပင်ဆွေးနွေးရန် စာရင်းပေးသွင်းနိုင်ပါသည်။
မန္တလေးမြို့ - ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁၉ရက်(စနေနေ့)
ရန်ကုန်မြို့ - ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၀ရက်(တနင်္ဂနွေနေ့)
ZAW MAUNG MEDICAL SERVICES
(ရုံးချိန်အတွင်းစုံစမ်းရန်)
ဖုန်း-၀၉-၂၅၄၂၅၄၃၃၀၊ ၀၉-၇၉၉၆၄၅၈၀၄



## MIC Myanmar Imperial College





တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်
HND — Business, Advertising & Branding, Hospitality & Tourism
BA — Business & Management, Marketing Management, Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်
MBA | DBA
UON University of Northampton
Pearson

+ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူလူငယ်များ အတွက် အခမ်းနားဆုံးအနာဂတ်ကိုဖန်တီးပေးနိုင်မည့် Northampton University - UK မှ တိုက်ရိုက် ပေးအပ်မည့် BA(Hons:) Business & Manage-ment, BA(Hons:) Hospitality Management, BA(Hons:)Marketing Mangement ဘာသာရပ်များ
••• Leaders For Tomorrow •••

+ ၁၅၀ ရမြန်မာ့အနာဂတ်လူငယ်ခေါင်းဆောင်များနှင့် လုပ်ငန်းရှင် ပင်နေသူများအတွက်စာတွေ့လက်တွေ့ လေ့လာသူများအပြင် Northampton University (UK) မှ တိုက်ရိုက်ပေးအပ်မည့် စီးပွားရေးဆိုင်ရာ မဟာဘွဲ့ MBA
+ ပြည်တွင်းပြည်ပမှ Professors Lecturers နှင့် အတွေ့ အကြုံရှိ စီးပွားရေးပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝန်းနှင့် Facilities များ

September Intake!
Enroll Now!
09 732 10001
09 4211 00222



✓ တိုင်းရင်းဆေးအရည်အသွေး ကျော်ဆွတ်ဆုံး ... နှင့် Certificate ရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု ... နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးမြင့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး ... (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး ... (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

**ဖိုး-၅-ကောင်** အမှတ်တံဆိပ်
**သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး**
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဓါးမယ်) Ph.D (Alternative Medicines)



**ရွှေမင်းမြတ်** အမှတ်တံဆိပ်
**အကြောပြေ မျက်စိကြည်ဆေး**
TMR-007525(0614)
မျက်စိအမြင် အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်
ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အမြှုတ်
အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့ ဖုန်း - ၀၁၃၇၈၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄


နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုထောက်ခံသောအားဖြင့်
ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍
MRTV , FOREVER GROUP နှင့် ရွှေသံလွင်မီဒီယာ SKY NET တို့မှ ပူးပေါင်းကျင်းပသည်
ငြိမ်းချမ်းရေး ဂီတပွဲတော် ၂၀၁၇
Peace Music Festival 2017
LEVEL-1
LIVE on MRTV
Stage Rehearsal
Level 1 Live
(Studio - A)
Diamond Sponsor
Media Partners
Supporting Partners
mitv
MRTV-4
Channel7
myanmar


DADDY
ပုဂံ - ရွှေစည်းခုံဘုရားဖူး
45000/-
5-9-2017
09 448001903,09-440334848



ကိုကျော်နိုင်
CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803


AA ယာဉ်မောင်းသင်တန်း
09-43158300, 09-254051326
09-782793551


စမ္ပယ်ပီတာ ဗုဒ္ဓဂယာနှင့် အိန္ဒိယနိုင်ငံ ဘုရားဖူးခရီး
၁၁ဦး – ၁၀ဦး + ၁ဦး (အခမဲ့)
(USD 800 $ + + +)


ရေစိုး
ပြောတဲ့
ဆေးလောက
ထွက်ပြီ
ဖြန့်ချိရေး ရတနာသိုက် စာပေတိုက်


ငှားမည်
Fully - Furnished
09- 45847 3045


ရောင်းရန်ရှိသည်


ငှားရန်ရှိသည်။
Ph:09967 999888


ဦးနှင်းဦး(ထားဝယ်)
ထိပ်တန်း
အခြေခံ စက်ပြင်ယာဉ်မောင်းသင်တန်း
Manual/Auto


SYP
ဆေးရိုးဝင်
ကိုထွန်းနိုင် + မရီရီဝေ
Ph: 01645757, 095145162, 09965145162,
0973021997, 09455081166, 095408777


မင်္ဂလာပါ
Box
09-450042704
09-250095116
09-420096296


နတ်ရေစင်
နှလုံးအားတိုးဆေး
TMR 001386 (0217)


MMC Myanmar Metropolitan College
Leeds Trinity University
Business & Management BA (Hons)
Leeds Trinity University BA (Hons) Business & Management
Myanmar Metropolitan College
International High School
BA(Hons) Busines & Management Programme Foundation
MMC
problem-based, project-based, game-based International Classroom Setting
International Learning Experience
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး သူများအတွက်
ဘဝအတွက် ရာနှုန်းပြည့် အခိုင်မာဆုံး မှန်ကန်သော ရွေးချယ်မှု
Admission Requirements
Grade 11
IGCSE
IELTS/TOEFL
FOUNDATION
6 months
YEAR 1
1 year
YEAR 2
1 year
YEAR 3
1 year
HND, IELTS/TOEFL
BA (Hons) Business & Management
MBA
2 years
Master of Business Administration
MMC Yangon Campus:
Hotline Yangon: 09 2633 34223/4, 09 4500 63108/9
No.232, Bargayar Street, Myaynigone, San Chaung Township, Yangon, Myanmar. (Under Renovation)

Ocean SUPERCENTER

တည်ငြိမ်ရင့်ကျက်မှုအလှတရားနဲ့ပြီးပြည့်စုံနေတဲ့
မော်ဒယ်(လ်)မေမေတို့အတွက် ဆုငွေအကြိုမ်မြောက်

# Mrs. OCEAN

Beauty Pageant 2017

Style Challenge with
Miss. Universe Myanmar 2016



ဆုငွေ ၁၀ သိန်း
Ks - 700,000
+
Gift Card 300,000 Ks

လူရွေးပွဲစဉ်
10th September, 2017
@ ရွှေဂုံတိုင်ဆိုင်ခွဲ

Grand Final ပွဲစဉ်
17th September, 2017
@ စိန့်ဂွန်းဆိုင်ခွဲ

ယှဉ်ပြိုင်ရမည့်ပုံစံ
- စတိုင်ကျလှပမှု
- ပင်ကိုယ်စွမ်းရည်
- အထွေထွေဗဟုသုတ

အသက် (၁၈) နှစ်မှ (၄၅)နှစ်ကြား အိမ်ထောင်ရှင် အမျိုးသမီးတိုင်း ပါဝင် ယှဉ်ပြိုင်နိုင်ပါသည်။

ဝင်ကြေး အခမဲ့

Beauty Sponsors : HERBALLINES

LIKE US ON facebook Ocean Supercenter Myanmar www.oceansupercenter.com.mm

Hot Line:
09 260051283

Ocean Supercenter ရှိ Customer Service ကောင်တာများတွင် ပြိုင်ပွဲဝင် Form များကို "အခမဲ့" ထုတ်ယူနိုင်ပါသည်။ ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားပါသည်။

၁၀ တန်းဖြေဆိုမည့် ကျောင်းသား/သူများအတွက်

(၆)လပြတ် ထူးချွန်အောင်မြင်လေ့ကျင့်ရေး အစီအစဉ်

သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ စာကျက်ခြင်း၊ စာစစ်ခြင်းတို့ကို စာသင်နှစ်များစွာရှိ ဆရာကြီးများမှ အကောင်းဆုံး သင်ကြား၍ ဝါရင့် Guide များဖြင့် အချိန်ပြည့်တစ်ဦးချင်း အနီးကပ်ကြီးကြပ်သင်ကြား၊ လေ့ကျင့်၊ ကျက်မှတ်ပေးခြင်းဖြင့် ထူးချွန်စွာ အောင်မြင်ရန် ကျောင်းသား/သူများအတွက် အကောင်းဆုံး အခွင့်အရေး

သင်ကြားမည့်ဆရာကြီးများ

စက်တင်ဘာလဆန်း စမည်

| | | | |
|---|---|---|---|
| မြန်မာစာ | - ဒေါက်တာသန်းထိုက် (Ph.D) | ဓာတုဗေဒ | - ဆရာဦးညီညီ(သရုပ်ဓာတုဗေဒ) |
| အင်္ဂလိပ်စာ | - ဦးအေးထွတ်၊ ဦးလွင်မောင်ကျော် | ရူပဗေဒ | - ဆရာဦးဉာဏ်လွင်၊ ဦးဝဏ္ဏသက်ဝေ |
| သင်္ချာ | - ဦးခင်မောင်သန်း | ဇီဝဗေဒ | - Dr. မြသိန်း၊ ဦးအောင်ကိုလှိုင် |
| | | ဘောဂဗေဒ | - ဒေါ်သက်စုကြည် |

နေ့ တက်၊ ည အိပ် (Camp)

စုံစမ်းရန် ➢ H-2၊ ဓမ္မလမ်း၊ မေဒီမ်မားတ၊ သယ်ံကျွန်းမြို့နယ်။ Ph: 09 5406546, 09 5102456



အသက် (၄၀) ကျော် နောက်ပိုင်း အမျိုးသားများတွင်
စတင်ဖြစ်ပွားလေ့ရှိသော အဆိုပါကျန်းမာရေးပြဿနာကို
နည်းမှန်လမ်းမှန်ဖြင့် ကာကွယ်၊ ကုသနိုင်ရန်အတွက်
အမျိုးသားများ လေ့လာဖတ်ရှုသင့်သည့်...

ဒေါက်တာခင်မောင်လွင် (FAME)

ရေးသားထားသော

# ပန်းသေပန်းညှိုးရောဂါ

Ks 5,000

အမြို့မြို့ အနယ်နယ်ရှိ City Mart နှင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ။

Ph: 09 965 559 860, 01 682 199, 685 083, 685 609

ACE® PE WATER TANK
KOREA HI-TECH




သန့်ရှင်းစေတဲ့ ACE ရေတိုင်ကီ

- ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
- သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယား ကုန်ကြမ်း)
- နှစ်(၃၀)အာမခံပါသည်။
- Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည်    ခိုင်ခံ့သည်



anti-bacteria မပြုလုပ်မီ    anti-bacteria BACTECIDE® ပြုလုပ်ပြီး



HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။

Ph: 01 684743, 09 73094221, 09 450048469
အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

# YAW MIN GYI APARTMENT

No.62,Yaw Min Gyi Road, Dagon Township

ရန်ကုန်မြို့ တည်ဆောက်ပြီးစီးပြီဖြစ်၍ ငွေချေပြီး အသင့်တက်ရောက်နေထိုင်နိုင်ပါပြီ







- RC Structure, Post Tensioned slab, Shear Wall
- Laminate Floor, Plaster board ceiling ,Lighting Fixtures , Air-conditioning
- Security access control & CCTV system Schindler
- Transformer နှင့် Generator
- Car parking

DEVELOPER-

GRAND STYLE CO.,LTD.

TEL: 01-524963,01-526928
01-516533-6


## သဲအင်းဂူနှစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကုန်တိုင်း လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့

## မွေးနေ့ဆုတောင်းမင်္ဂလာ

သားကြီး ကိုဇေယျာလင်း(MAI)-မစုလှုသန်း(NELC) တို့၏သားဦးရတနာ **"မောင်နန္ဒစွမ်းရည်"**၏၁၃-၈-၂၀၁၇ ရက်တွင် ကျရောက်သည့် မွေးနေ့မှစ၍ နောင်နှစ်တစ်ရာတိုင် ကျန်းမာ၊ ချမ်းသာပြီး ထူးချွန် လိမ္မာသော လူတော်လူကောင်းလေးဖြစ်ပါစေကြောင်း၊ မြေးဦးရတနာလေးအတွက် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဘိုးဘိုး - ဦးဟန်ရွှေ (SUPERINTENDENT OFFICER, MV.BLUE SKY,SAINTY OCEAN LINE,PENANG,MALAYSIA)

ဘွားဘွား - ဒေါ်သိန်းငွေ

လေးလေး - ကိုအောင်ခန့်မင်း


ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေးဝင်းအတွင်းရှိ လက်ဖက်ရည်ဆိုင်အတွက် လက်ဖက်ရည် အဖျော်ဆရာ(၂)ဦး၊ မုန့်အကြော်ဆရာ(၂)ဦး အလိုရှိသည်။ အသေးစိတ်စုံစမ်းရန်- ဖုန်း-၀၉၄၃၁၁၄၃၄၆ သို့ဆက်သွယ်ပါ။

**အမြန်ရောင်း/ငှားမည်**

ပါရမီကွန်ဒို၊ ၅-လွှာ၊ 1250sqft MBR(1), SBR(2), aircon(၄)လုံး၊ ရေပူရေအေး၊ ကွန်းပါကေး၊ ပရိဘောဂစုံ၊ ကားပါကင်ရှိ။ ရောင်း ၁၅၅၀၊ ငှား ၇သိန်း ညှိနှိုင်း။
ဖုန်း-၀၉-၉၅၁၇၀၉၄၃
၀၉-၅၁၇၀၉၄၃

**သန်းသန်းမြင့်ဦး**

အိမ်ခြံမြေ ... ဆွေးကောင်းပေးဝယ်သည်။
09-420067001
09-788389075

**GW** 0973226006 0973133528 0973077569

အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

09401505559

**STANDARD**

your affordable quality

SG Eco laminate floor

New Designs

8 mm- ၁ ကျင်း

76,000 Ks



Showroom :
01-8619598

Hotline: 09 4555 444 30, 09 4555 444 03

**ဝင်ခွင့်စာမေးပွဲ ဖြေဆိုသူများအတွက်**

၁၁ ကြိမ်မြောက်

**အောင်ကောင်းစုံ 2017-2018**

မဟာဘွဲ့ရတစ်ဦး

**အထွေထွေသိမှတ်ဖွယ်ရာ မှတ်စုစာရိဗဟုသုတမှတ်စု**

INTERVIEW ဖြေဆိုမည့်သူများနှင့်ဗဟုသုတရှာမွေ့လေ့လာလိုသူများအတွက်...

**အောင်ကောင်းစုံ**

မြန်မာစာ၊ အင်္ဂလိပ်စာ၊

၆ ကြိမ်မြောက် ရာထူးဝန် ဝင်ခွင့် အထွေထွေဗဟုသုတ၊ ဥပဒေ

2017-2018

ဦးထွန်းသန်း (ပါမောက္ခ(ငြိမ်း))
ဦးမောင်မောင်သန့် (မဟာဝိဇ္ဇာ-နိုင်ငံတကာဆက်ဆံရေး)
ဦးကျော်ဆန်းလင်း (The King's English)


မဟာဘွဲ့ရတစ်ဦး

**Grand Diamond Castle Co.,Ltd.**

Aluminium window, Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ်စက်ကိရိယာများဖြင့် ထုတ်လုပ်မှု။
၃။ နှစ် (၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door, Partition များ။
၆။ အခမဲ့ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက်တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။







- အကောင်းဆုံးအရည်အသွေး ၊ လေလုံရေလုံမှုအမြင့်ဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ခြေကိုက်စေမည့် Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

## ကြော်ငြာ


**အာဘာအောင်မင်းခေါင်ပွဲ သို့ရွှေကြေးစည်**

Sep-5

**အာဘာပွဲသီးသန့်**

Sep-6

Aug-18

Sep-2

ဗုဒ္ဓ ဓမ္မ သံဃ

အောင် (ဆေးသုတ်အစုံ)

United = 150 - 200

Orient = 200-250-300

Premier = 250-300-350

09-420118663, 09-799119749

**အမည်ပြောင်း**

ရန်ကုန်မြို့၊ အထက(၂) စမ်းချောင်း၊ ဆဋ္ဌမတန်း(G)မှ ပညာသင်ကြားနေသော အဖဦးဝင်းလှိုင်၏သမီး မအေးယုခိုင်အား မအေးသီရိငြိမ်းဟု ပြောင်းလဲခေါ်ပါရန်။

**မအေးသီရိငြိမ်း**


### မြန်မာအဏ္ဏဝါသိပ္ပံအသင်း၊ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားခြင်း

မြန်မာအဏ္ဏဝါသိပ္ပံအသင်း၊ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဏ္ဏဝါသိပ္ပံ/အဏ္ဏဝါဇီဝ ကျောင်းသား၊ ကျောင်းသူဟောင်းများကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမရှိပါ။)

ကျင်းပမည့်နေ့ - ၂၀-၈-၂၀၁၇(တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် ၈နာရီမှ ၁၁နာရီအထိ

ကျင်းပမည့်နေရာ - မြန်မာအဏ္ဏဝါသိပ္ပံအသင်း၊ အမှတ်-၆၉/၇၀/၇၁၊ အခန်းအမှတ်(၀၀၂)၊ မြေညီထပ်၊ မင်္ဂလာသုခလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၅)ရပ်ကွက် (ဆင်မလိုက်) ကမာရွတ်မြို့နယ်။

**မြန်မာအဏ္ဏဝါသိပ္ပံအသင်း (MSAM)**

### ရန်ကုန်တက္ကသိုလ်-ဒဿနိကဗေဒဌာန နှင့် ဒဿနိကဗေဒအသင်း(မြန်မာနိုင်ငံ)က ပြုလုပ်မည့် ဒဿနိကဗေဒ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ အခမ်းအနား

ဟောပြောမည့်သူ - ဒေါက်တာထွန်းလွင်(မိုးလေဝသပညာရှင်)

အကြောင်းအရာ - ရာသီဥတုပြောင်းလဲမှုကြောင့် ရန်ကုန်မြို့ အနာဂတ်စိန်ခေါ်မှုများ

နေရာ - ရန်ကုန်တက္ကသိုလ်၊ သိပ္ပံခန်းမ

နေ့ရက် - ၁၆-၈-၂၀၁၇(ဗုဒ္ဓဟူးနေ့)

အချိန် - ၁၄း၀၀နာရီ-၁၇း၀၀နာရီ

ဒဿနိကဗေဒဌာနမှ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ တာဝန်ထမ်းဆောင်ဆဲ ဆရာ၊ ဆရာမများ၊ ဒဿနိကဗေဒ ကျောင်းသား၊ ကျောင်းသူ(ဟောင်း/သစ်)များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဒဿနိကဗေဒအသင်း(မြန်မာနိုင်ငံ)**







## ကြော်ငြာ

Access Cherry Travels & Tours Co., Ltd. မှ စီစဉ်သော
၁၁၁၅/၂၁၁၀-၂၁၁၁
ပြည်ပထွက်ခွာခွင့်-၀၁၁၃

# ဖော်စီသစ္စာ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (အိန္ဒိယ-နီပေါ)

- ၈ - ရက် ခရီးစဉ် 4Oct,4Dec,2Jan,9Feb,6Mar,10Apr ၁၀.၅သိန်း/USD 1050
- ၁၂ - ရက် ခရီးစဉ် 18Nov,30Dec,17Feb ၁၁.၅သိန်း/USD 1250
- ၁၅ - ရက် ခရီးစဉ် 14Oct,10Nov,15Dec,16Jan,26Mar,6Apr ၁၂.၅သိန်း/USD 1450

အမှတ်(၂၉)၊ ပထမထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-43053066, 952223177, 952223199, 794843429, 259813831

## မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာစာတမ်းရေးဆွဲရေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံကော်ဖီအသင်း(Myanmar Coffee Association)မှ တာဝန်ယူပြီးစိုက်ပျိုးရေးဦးစီးဌာန၏ အကူအညီ၊ WINROCK International၏ ထောက်ပံ့ကူညီမှုတို့ဖြင့် Myanmar Agricultural Network(MAN),Nestle'Co.,Ltdစသည့် NGOများ၊ INGOsများ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များအပါအဝင် Coffee Grower, Roaster, Buyer, Processor များ စသည်ဖြင့် ကော်ဖီနှင့်သက်ဆိုင်သူများအားလုံး ဝိုင်းဝန်းအကြံပြုချက်များဖြင့် မြန်မာ့ကော်ဖီဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစာတမ်း(၁)စောင် ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲအား ၁၇-၈-၂၀၁၇ရက်၊ နံနက် ၉း၃၀ နာရီတွင် နေပြည်တော်ရှိ သင်္ဘဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ဆွေးနွေးပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(တက်ရောက်မည့်သူများ ၁၅-၈-၂၀၁၇ရက် နောက်ဆုံးစာရင်းပေးသွင်းပါရန်)

**မြန်မာနိုင်ငံကော်ဖီအသင်း**
ဖုန်း-၀၉-၂၀၁၁၄၈၉၊ ၀၉-၇၈၄၈၈၈၈၉၉

## (၅၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ (၅၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြောင်းလဲပြုလုပ်မည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဘွဲ့နှင်းသဘင် - ၉-၉-၂၀၁၇ (စနေနေ့) နံနက်ပိုင်း
နံနက်၈း၃၀နာရီ(ဆေးပညာဘွဲ့ယူမည့်သူများအားလုံး)
- ၉-၉-၂၀၁၇ (စနေနေ့)မွန်းလွဲပိုင်း
မွန်းလွဲ၂း၀၀နာရီ (ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့နှင့် ဒီပလိုမာဘွဲ့ယူမည့်သူများ အားလုံး)

အစမ်းလေ့ကျင့်ခြင်းကို ယခင် ကြေညာထားသည့်အတိုင်း ကျင်းပပြုလုပ်ပါမည်။

**မြမြမူ**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

### မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက(၉)၊ ဒသမတန်း($B_1$)မှ မမရန်ထုဆန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၅-၂၀၀၀ ဖြစ်ပါသည်။

### အမည်မှန်

ဝိုင်းမော်မြို့နယ်၊ မန်ဝိန်းကျေးရွာ၊ နှမ်မော်ယန်(၂)ရပ်ကွက်နေ (အဖ)ဦးဘရန်အောင်၏သမီး မထိုဆန်၏ အမည်မှန်မှာ မမရန်ထုဆန် ဖြစ်ပါသည်။

### ရောင်းခြည်ထိ

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
Ph:09-450454771
09-450454772
09-450454773

ရောဂါကင်းဝေးနေနိုင်ရေး ရွှေကဏော် ရဲယို သောက်သုံးပေး။





MALIKHA DIAGNOSTIC MEDICAL CENTRE
မလိခ ရောဂါရှာဖွေရေးနှင့်အထူးကုစင်တာ
Open Daily : 8AM to 8PM



"နှလုံးသွေးကြောနှင့်ဆိုင်သော ရောဂါများနှင့် လေဖြတ်ခြင်းသည် ကျစေနိုင်သည့် ရောဂါများမဟုတ်သော်လည်း အသက်အန္တရာယ် ထိခိုက်သည့်အထိ ဖြစ်စေနိုင်ပါသည်။"
"နှလုံးသွေးကြော ရုတ်တရက်ပိတ်ဆို့ခြင်း နှင့် လေဖြတ်ခြင်းဖြစ်နိုင်ချေများသော လူနာများသည် ကြိုတင်၍စစ်ဆေးခြင်း နှင့် ကုသခြင်းဖြင့် ၎င်းရောဂါများ၏ ဆိုးကျိုးများကို ကာကွယ်နိုင်ပါသည်။"

နှလုံးရောဂါ ဝေဒနာရှင်များအတွက် ထိုင်းနိုင်ငံ Phyathai 3 Hospital မှ နှလုံးအထူးကုသမားတော်ကြီး Dr. Permyos Ruengsakulrach (Cardiovascular and Thoracic Surgeon) M.D., Ph.D., FRCST., FCCP ဦးဆောင်သော နှလုံးအထူးကုအဖွဲ့သည် မလိခရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း၌ (၁၉-၈-၂၀၁၇) နှင့် (၂၀-၈-၂၀၁၇) နေ့များတွင် ပြင်ပလူနာ ကြည့်ရှုခြင်းနှင့် ဆွေးနွေးကုသခြင်းများကို နိုင်ငံတကာအဆင့်မီဝန်ဆောင်မှု ပေးခြင်းဖြင့်ပြုလုပ် သွားမည်ဖြစ်ပါသဖြင့် Appointment များအား အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် ကြိုတင်စာရင်းပေး သွင်းနိုင် မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Malikha Healthcare For Quality & Service Excellence
Ph:01-2304758,2304759,2304760 Hot Line:09-252280079

Home
ဓိသားစု ကျန်းမာရေးအတွက် အထူးသင့်လျော်ဆုံး
**Healthy Floor**
ကျန်းမာရေးကြမ်းခင်း
မိုးရာသီ အထူး Promotion
BUY 1 GET 1 FREE
လက်ဆောင်



ကြမ်းခင်း ၁ ကျင်း → Wall Covering
ကြမ်းခင်း ၂ ကျင်း → Decorated Mirror
ကြမ်းခင်း ၄ ကျင်း → Side Table
* Selected items only

HOTLINE: 09-79 700 70 71
09-79 700 70 81

## ညှိနှိုင်းဈေးနှင့် အမြန်ရောင်းမည်

တစ်ရက်လျှင် အုတ်ချပ်ရေ (၈)သောင်းကျ အဆင့်မြင့် မြေအုတ်စက်ရုံနှင့် မြေ(၁၀)ဧက အမြန်ရောင်းမည်။

**ဆက်သွယ်ရန်**
ဖုန်း-၀၉-၇၈၀၉၅၃၆၀၀၊ ၀၉-၄၂၇၉၉၉၉၈၀

LUCKY FAMILY
မိုးရာသီအထူး Promotion





Hot Line
09 253534133
09 421082424



# ကြော်ငြာ

## ပုဂံ ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)
## (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်များဂုဏ်ပြုပူဇော်ပွဲ ဖိတ်ကြားခြင်း

ပုဂံ ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ (၁၅)ကြိမ်မြောက် ပုဂံ ညောင်ဦးမြို့နယ်ဖွား ကျောင်းထိုင်ဆရာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် အစိုးရဓမ္မာစရိယဘွဲ့ရ အရှင်သူမြတ်တို့အား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အသင်းသူ/အသင်းသားများ၊ မြို့နယ်သူ/မြို့နယ်သားများ ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - (၁၃၇၉ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ရက်) ၂၀-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီမှ ၁၂နာရီထိ
ကျင်းပမည့်နေရာ - မှန်ကျောင်း၊ ဓမ္မသုခတိုက်၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရန်ကုန်မြို့။

**နေ့လယ်စာကို မြန်မာထမင်းဟင်းဖြင့် ညှိခံကျွေးမွေးပါမည်။**

ဝါဆိုသင်္ကန်းနှင့် အလှူငွေများလှူဒါန်းလိုပါက သံဃာတစ်ပါးလျှင် သင်္ကန်းဒွိစုံအပါအဝင် ငွေကျပ် ၂၇၀၀၀/-နှုန်းဖြင့် လှူဒါန်းမည်ဖြစ်ပါ၍ အောက်ပါပုဂ္ဂိုလ်များထံ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါသည်-

၁။ ဦးသိန်းအောင် ဖုန်း-၀၉-၅၁၆၀၂၈၅ ၂။ ဦးသောင်းညွန့် ဖုန်း-၀၁-၅၅၂၄၈၉
၃။ ဦးမြင့်လွင် ဖုန်း-၀၉-၅၁၃၀၈၄၃ ၄။ ဦးယုတင် ဖုန်း-၀၉-၅၀၂၈၀၄၅
၅။ ဦးကြည်စိုး ဖုန်း-၀၉-၅၀၆၇၀၆ ၆။ ဦးကျော်ဝင်း ဖုန်း-၀၉-၄၂၁၀၄၆၂၉၉
၇။ ဒေါ်ဆွေဆွေ ဖုန်း-၀၉-၇၃၀၂၄၄၃၉ ၈။ ဦးကျော်မြင့် ဖုန်း-၀၉-၄၃၀၄၀၁၈၆

**အမှုဆောင်အဖွဲ့**




## ခေတ်သစ် ဆန်ကြာဆံ ထုတ်လုပ်ရေး လုပ်ငန်း ၏ ထုတ်ကုန် များတွင် အသုံးပြုမည့် Bar Code Number များအား အတုအပ သုံးစွဲခြင်းမပြုရန် အများသိစေရန်ကြေညာချက်

ခေတ်သစ်ဆန်ကြာဆံထုတ်လုပ်ရေး လုပ်ငန်းသည် Best Barcode Solutions ၏ဆောင်ရွက်ပေးမှုဖြင့် GS1 Global Office မှ Bar Code Number များတရားဝင်သုံးစွဲခွင့်ကို GS1 Company Prefix 88360000124, ဖြင့် Bar Code Number 88360001240 မှ 88360001249 အထိရရှိပြီး ၎င်းထုတ်ကုန်များတွင် တရားဝင်သုံးစွဲလျက်ရှိပါသည်။ အဆိုပါ Bar Code Number များကို ခေတ်သစ်ဆန်ကြာဆံထုတ်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ တခြားသူများမှ ၎င်းတို့၏ ထုတ်ကုန်များတွင်ရိုက်နှိပ်ခြင်း သုံးစွဲခြင်းပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| ဒေါ်အိစေမြင့်လွင် | ညွှန်ကြားချက်အရ |
| Managing Director | ဦးအောင်မိုးဦး (စဉ် ၅၅၉၈၅) |
| Best Barcode Solutions | အထက်တန်းရှေ့နေ |
| ၀၉ ၅၁၃၉ ၁၂၈၂ | ၀၉ ၇၉၅၈ ၄၀၂၂၄ |
| mmbarcodesolution@gmail.com | ၀၉ ၅၁၃၉ ၅၃၈၅ |

## ကန့်ကွက်နိုင်ပါသည်

ဆွဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ခိုင်ခိုင်စန်း**
( LL.B, D.B.L, D.I.L )
အထက်တန်းရှေ့နေ ( စဉ် - ၃၇၂၉၄၇ )




## မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း အသင်းအဖွဲ့များမှတ်ပုံတင်ပြီးကြောင်း ကြေညာခြင်း

မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ(၈)ပုဒ်မခွဲ(က)အရ ယာယီမှတ်ပုံတင်လက်မှတ် အမှတ်-ပြည်တွင်း ၀၅၃၂/၂၀၁၇ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗဟန်း(၂)လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့် အမှတ်(၇)တွင် ဖွင့်လှစ်ထားရှိပါကြောင်း ကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၊ မြေကွက်အမှတ်-၉၀၂၊ မြေကွက်တည်နေရာအမှတ်-၉၀၂ မဟာဗန္ဓုလလမ်း၊ ၄၉-ရပ်ကွက်၊ ဒဂုံမြောက်(ဦးစိုးသွင်-AC-၀၆၅၁၈၂) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိုးသွင်သည် ၂၁-၅-၂၀၁၅ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်လှလှမြင့်[၁၂/ရကန(နိုင်)၀၄၅၅၉၉]မှ တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ ၃၀-၅-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်အမှတ်စဉ်-၅/၁၀၄၄/၁၇၊ ထောက်ခံကျမ်းကျိန်လွှာများ၊ မိသားစုသန်းခေါင်စာရင်း၊ ခင်ပွန်းသေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစိစစ်ရာ အုတ်ကာသွပ်မိုး-၁ထပ်အိမ်ရှိပြီး လူမနေသော့ပိတ်ထားပါသည်။ ကွင်းဆင်းစဉ် ဒေါ်လှလှမြင့်မှ မြေပြင်စောင့်ဆိုင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ပါ၍ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## အများသိစေရန်ကြေညာချက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်-၇၉၀၊ ပေ(၂၅×၆၀)၊ မြေချပါမစ်မိတ္တူ ခေါင်းရင်းခြမ်း(ခ)ရောင်းသူ ဒေါ်အေးသီတာဆွေ[၁၂/ဒဂန(နိုင်)၀၀၇၅၈၈]ကိုင်ဆောင်သူထံမှ ဝယ်ယူသူ ဒေါ်မိုးစန္ဒာလင်း[၁၁/ကဖန(နိုင်)၀၃၂၁၉၂]သည် ဩဂုတ်လ ၁ ရက်တွင် အပြီးအပိုင်ဝယ်ယူလိုက်ပါသည်။ ဤမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြေညာပါသည့်(၇)ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မိုးစန္ဒာလင်း[၁၁/ကဖန(နိုင်)၀၃၂၁၉၂]**
**ဖုန်း-၀၉-၄၃၁၇၉၇၄၇**

# နှစ်ဖက်ခေါင်းဆောင်များအတည်ပြုပြီးပါက ပြည်သူများမျှော်လင့်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် UNFC အမြန်ဆုံးပါဝင်လာနိုင်မည်

**ရန်ကုန် ဩဂုတ် ၁၂**

ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC)က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)တို့၏ (၆)ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC)၌ ဩဂုတ် ၁၀ ရက်မှစတင်၍ နှစ်ရက်တာကျင်းပခဲ့သည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ် ကောင်စီ (UNFC) တွင် မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ရခိုင်အမျိုးသားကောင်စီ (ANC)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ ပါဝင်သည်။ (UNFC) သည် အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည့် အချက်(၈)ချက်ရှိပြီး ညှိနှိုင်းမှုရရှိပါက အချက်(၉)အနေဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကာ ပြည်သူများ မျှော်လင့်နေသည့်ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်လာနိုင်မည်ဖြစ်သည်။

ယနေ့ဆွေးနွေးပွဲအပြီးတွင် နှစ်ဖက်ကိုယ်စားလှယ်များက ပြည်တွင်းပြည်ပ သတင်းမီဒီယာများ သိရှိလိုသည့်အချက်များကို ဖြေကြားခဲ့သည်။

ငြိမ်းချမ်းရေးကော်မရှင်မှ ဦးဇော်ဌေးနှင့် ဦးအောင်စိုး၊ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)မှ နိုင်အောင်မငေးနှင့် ဦးထွန်းဇော်တို့က သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့သည်။

ယနေ့ကျင်းပသည့် (၆)ကြိမ်မြောက် အစည်းအဝေးတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) ကတောင်းဆိုထားသည့် အဆိုပြုချက်ကိုးချက်ကို ဆွေးနွေးခဲ့ပြီး **စာမျက်နှာ ၇ ကော်လံ ၁ သို့**



နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) (၆)ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။

# (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးဘောလုံးအသင်း မလေးရှားသို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၂**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားပြီး အဖွင့်ပွဲအဖြစ် ဩဂုတ် ၁၅ ရက်တွင် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်-ရော်ဂျာရိုင်နာ (နယ်သာလန်) လက်ထောက်နည်းပြ-ဦးအောင်နိုင်၊ ဒေါ်သက်သက်ဝင်း၊ ဂိုးနည်းပြ-ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် ဂိုးသမား မြဖူးငုံ၊ ဇာဇာမြင့်၊ နောက်တန်း ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ လဲ့လဲ့လှိုင်၊ ချစ်ချစ်၊ အိရတနာဖြိုး၊ အလယ်တန်း စန်းစန်းမော်၊ ခင်မာလာထွန်း၊ သန်းသန်းထွေး၊ မေစံပယ်ဖူး၊ ခင်မိုမို ထွန်း၊ ဝင်းသီတာထွန်း၊ နော်အားလိုဝါးဖော၊ ရှေ့တန်း ရီရီဦး၊ ခင်မိုးဝေ၊ ဂျူလိုင်ကျော်နှင့် နုနုတို့ပါဝင်ကြသည်။ ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို အိမ်ရှင်မလေးရှားအသင်း အပါအဝင် ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ငါးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၁၅ ရက်တွင် ထိုင်းအသင်း၊ ဩဂုတ် ၁၇ ရက်တွင် မလေးရှားအသင်း၊ ဩဂုတ် ၂၀ ရက်တွင် ဗီယက်နမ်အသင်း၊ ဩဂုတ် ၂၂ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ရွှင်းထက်ဇော်)**



**မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ယနေ့ညနေပိုင်းတွင်ရောက်ရှိရာ တည်းခိုနေထိုင်မည့် Federal ဟိုတယ်၌ Check-In ပြုလုပ်စဉ်။** (ဓာတ်ပုံ- U Soe Moe Fb)

# Y-8 ပျက်ကျလေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံရှာဖွေတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိနေသေးသည့် လေယာဉ်အစိတ်အပိုင်းများကို တပ်မတော်စစ်ရေယာဉ်များမှ ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့်ပုံရိပ်များအပေါ် မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီး တစ်ဝိုက် ပင်လယ်ပြင်အတွင်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် အဆိုပါနေရာအနီး၌ ဒေသခံငါးဖမ်းစက်လှေတစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေမှုများပြုလုပ်စဉ် လေယာဉ်ကိုယ်ထည်အစိတ်အပိုင်းများကို ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဩဂုတ် ၁၃၊ ၂၀၁၇ (တနင်္ဂနွေနေ့)


ဝတ္ထုတို



## အပိုငွေ

■ သုခယံ
ဒုတိယနှစ်၊ ပညာရေးကောလိပ်။

လောကကြီးတစ်ခုလုံး အမှောင်ဖုံးလွှမ်းနေဆဲအချိန်၌ ကောင်းကင်တွင်လည်း ကြယ်လေးများ တောင်တစ်လုံး မြောက်တစ်လုံးနှင့် သုံးရက်လ ခုံးမျက်စလေးနှင့်အပြိုင် လောကကိုအလှဆင်နေသည်။ နံနက်ပြန်ရန် ကျွန်တော် ညကတည်းကပင် ပြင်ဆင်ထားသည်။ ဖေဖေက နံနက် စောစောထရမည့်အတွက် ကျွန်တော့်ကို စောစော အိပ်ရာဝင်ရန်မှာလေသည်။ ကျွန်တော်လည်း စောစော အိပ်သည့် အလေ့အကျင့်နည်းသည့်အတွက် အိမ်ရှေ့ရှိ မန်ကျည်းညိုပင်ရင်းမှ ကွပ်ပျစ်ပေါ်တွင် လဲလျောင်းကာ ကောင်းကင်မှကြယ်လေးများကို ရေတွက်နေသည်။ ခဏအကြာတွင် လက်ထဲမှ ဖတ်လက်စဝတ္ထုစာအုပ်လေးကို ရင်ဘတ်ပေါ်တင်လျက် အိပ်ပျော်သွားသည်။

နံနက် ၄ နာရီ(အုန်းမောင်းခေါက်ချိန်)တွင် အိမ်အတွင်းမှ မေမေ၏နှိုးသံကို ကျွန်တော်ကြားရ၏။ ကျွန်တော်လည်း အိပ်မှုန်စုံမွှားနှင့် အိပ်ရာထပြီး လေ့ကျင့်ခန်းလုပ်နေသည်။ ထို့နောက် ကျွန်တော် အိမ်နောက်ဖေးရှိ မာလကာပင်သုံးပင်ဆိုင်ကြားက ရေအုတ်ကန်မှ ရေဘားလေးကိုဖွင့်ပြီး ရေချိုးလိုက်သည်။ ရေမိုးချိုးပြီး မေမေအသင့်ပြင်ထားသည့် နံနက်စာကို ကျွန်တော် မြိန်ရှက်စွာစားလိုက်သည်။

နံနက်ငါးနာရီခွဲသည်နှင့် ကျွန်တော်၏ ကောလိပ်ကျောင်းတော်ပြန်ခရီးကို ဖေဖေလိုက်ပို့သည်။ နံနက်ခင်း ကျေးငှက်တို့၏ နှုတ်ဆက်သံနှင့်အတူ ရွာဝင်စေတီလေးအား ငေးမောလျက် ရွာလေးကို ကျွန်တော် ခေတ္တခွဲခွာခဲ့ရသည်။

ကျွန်တော် ဘူတာကိုရောက်သည်နှင့် သူငယ်ချင်းများက ကျွန်တော့်ပစ္စည်းများကို ကူသယ်ပေးကြသည်။ ကျွန်တော်လည်း ချက်ချင်းပင် မှတ်ပုံတင်(ကျောင်းသားကတ်)များကိုစုပြီး လက်မှတ်ဖြတ်ရန် လက်မှတ်ရုံသို့ ခြေလှမ်းခဲ့သည်။ ကျွန်တော် လက်မှတ်ရုံအနားသို့ ရောက်သောအခါ ယူနီဖောင်းနှင့် လူငယ်နှစ်ယောက်မှာ ကျွန်တော့်ဆီဦးတည်၍လာနေသည်။ တစ်ယောက်မှာ နဖူးပြောင်ပြောင်နှင့် ပါးစပ်မှာလည်း ကွမ်းတမြုံ့မြုံ့ဝါးနေသည်။ နောက်တစ်ယောက်မှာ ကိုယ်လုံးတောင့်တောင့်နှင့် လူပုံစံက စမတ်ကျသည်။ သူတို့နှစ်ယောက် ကျွန်တော်ဆီ တည့်တည့်လျှောက်လာနေသည်။ စကားပြောပြောဆိုဆိုနှင့် လမ်းလျှောက်လာကြရာ မကြာခင်ပင် သူတို့နှစ်ယောက် ကျွန်တော့်အနားသို့ ရောက်လာသည်။ နဖူးပြောင်ပြောင်နှင့်တစ်ယောက်က ကျွန်တော့်ကို စပြီး ပြောလေသည်။

"ညီလေး လက်မှတ်ဖြတ်မလို့လား"

"ဟုတ်ကဲ့ခင်ဗျာ"

ကျွန်တော်လည်း ရိုရိုသေသေဖြေလိုက်သည်။ သူတို့က ယူနီဖောင်းဝတ်ထားသောကြောင့် ကျွန်တော် တရိုတသေဆက်ဆံလိုက်သည်။ လူလည်း ရှိန်သွားသည်။

"ညီလေးတို့ ဘယ်နှယောက်လဲ"

"သုံးယောက်ပါ အစ်ကို"

ကျွန်တော်လည်း ရိုးရိုးလေးဖြေလိုက်သည်။ သူတို့အချင်းချင်းတိုင်ပင်ပြီး ကျွန်တော့်ကိုပြောသည်။

"ငါ့ညီ လက်မှတ်မဖြတ်နဲ့တော့"

ကျွန်တော်ချက်ချင်းပင် ကြောင်တောင်တောင်ဖြစ်သွားသည်။ လက်မှတ်ဖြတ်မှ လက်မှတ်ရမည်။ လက်မှတ်ရမှ ရထားစီးရမည်ဟုသိထား၍ ကျွန်တော် တစ်စုံတစ်ရာမျှ မပြောဘဲ ခဏငြိမ်နေခဲ့သည်။

"ငါ့ညီတို့ လက်မှတ်ဖြတ်စရာမလိုဘူး။ ဒီအတိုင်းပဲ စီးလိုက်ခဲ့"

ကျွန်တော်ဘေးသို့ တစ်ချက်မျက်လုံးဝေ့လိုက်ပြီး အံ့သြသွားခဲ့ရသည်။

"အစ်ကို ဖြစ်ပါ့မလား။ တော်ကြာလက်မှတ်စစ်တွေနဲ့ တိုးနေမှ ကျွန်တော်တို့ကွိုင်ပဲလေ"

အသားဖြူဖြူ စမတ်ကျကျနှင့်သူက ချက်ချင်းပင် ဝင်ပြောလိုက်သည်။

"ငါ့ညီ အစ်ကိုတို့ပဲ အတွဲထိန်းမှာ။ လက်မှတ်လည်း အစ်ကိုတို့ပဲစစ်မှာ"

"ဟုတ်တယ်။ ငါ့ညီဘာမှပူစရာမလိုဘူး"

ကျန်တစ်ယောက်က ထောက်ခံသည့်အသွင်ဖြင့် ဝင်ပြောလေသည်။ ကျွန်တော့်မျက်လုံးများက သူငယ်ချင်းများဆီသို့ ရောက်သွားသည်။ သူတို့လည်း ကျွန်တော်ကဲ့သို့ ကြောင်တောင်တောင်နှင့်ပင် ထိုပုဂ္ဂိုလ်နှစ်ယောက်ကို ကြည့်နေသည်။

"ညီငယ်တို့ ရထားပေါ်ဖြစ်သမျှ အစ်ကိုတို့ တာဝန်ယူတယ်။ လက်မှတ်က စိတ်ချ အစ်ကိုတို့စစ်မှာပါ"

ကျွန်တော်ချက်ချင်းဆိုသလိုပင် ရိပ်မိလိုက်လေသည်။ သူတို့အတွက် အပိုဝင်ငွေရှာနေသည်ဟု ကျွန်တော် တွေးလိုက်သည်။ ထိပ်ပြောင်ပြောင်နှင့်သူက နားလည်ရန် ကျွန်တော်တို့ကို ထပ်ပြောလိုက်သေးသည်။

"အစ်ကိုတို့ မဟုတ်တာလုပ်တာမဟုတ်ပါဘူး။ အစ်ကိုတို့မှာကွာ တစ်လမှလစာလေး တစ်သိန်းကျော်လောက်ပဲ ရတာ ဘယ်လောက်မလဲ၊ ညီတို့နားလည်အောင်ပြောရရင် အစ်ကိုတို့ အပိုဝင်ငွေ၊ ရထားပေါ်ထမင်းဖိုးပေါ့"

"ငါ့ညီရာ အစ်ကိုတို့ ဒီရထားခလေး ၁၈၀၀-၃၀၀၀ လောက်နဲ့ အလုပ်ပြုတ်ခံမလား"

(ရထားရိုးရိုးတွဲ=၁၈၀၀ ကျပ်၊ အထက်တန်းတွဲ = ၃၀၀၀ကျပ်) သူတို့စိတ်ရှည်လက်ရှည်နှင့် ရှင်းပြနေသည်ကို ကျွန်တော်တို့ စကားတစ်ခွန်းမျှပင်မပြောဘဲ နားထောင်နေသည်။

"ငါ့ညီတို့မသိလို့ တချို့အစ်ကိုတို့နဲ့သိတဲ့သူတွေဆို ဘယ်နေ့ဘယ်ရထားနဲ့ ဘယ်ကိုသွားမယ်လို့ ဖုန်းလှမ်းဆိုးလိုက်တာပဲ။ အစ်ကိုတို့က ဒီကနေ အဆင်သင့်လုပ်ထားပေးတယ်"

"ဟုတ်ကဲ့ပါ အစ်ကို"

အတွဲထိန်းနှစ်ဦးလည်း ကျွန်တော်တို့အနားမှ ထွက်ခွာသွားခဲ့သည်။ ကျွန်တော်တို့လည်း သူတို့ပြောသည်ကို လက်ခံသည့်အမူအရာဖြင့် ပြုံးပြလိုက်သည်။ အချိန်ခဏအတွင်းမှာပင် ကျွန်တော်တို့ကဲ့သို့ ခရီးသွားစုံတွဲနှစ်ယောက် ဘူတာလက်မှတ်ရုံနားသို့ ရောက်လာသည်ကို မြင်လိုက်သည်။ ကျွန်တော်တို့မြင်ကွင်းရှေ့တွင် စုံတွဲအနားသို့သွားပြီး ထိုနှစ်ယောက် စကားပြောနေသည်။ ကျွန်တော့်စိတ်တွင် ကျွန်တော်တို့ကဲ့သို့ပင်ဖြစ်မည်ဟု တစ်ထစ်ချတွေးမိသည်။

နံနက် ၇ နာရီထိုးသည်နှင့် ဥသြဆွဲသံနှင့်အတူ ရထားကြီးဆိုက်ရောက်လာသည်။ ခရီးသည်များလည်း သူ့ရထားတွဲနှင့်သူ အသီးသီးတက်သွားကြသည်။ ကျွန်တော်တို့သုံးယောက်လည်း ထိပ်ပြောင်ပြောင်နှင့် အတွဲထိန်းအစ်ကိုခေါ်သည့်နောက်သို့ လိုက်သွားသည်။ ကျွန်တော်တို့ ရထားတွဲပေါ်ရောက်သောအခါ အထက်တန်းတွဲဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ယခင်က ကျွန်တော်တို့သည် ရိုးရိုးတန်းမှစီးသည်ကများ၍ ယခုအချိန်တွင် အထက်တန်းတွဲတွင် ငြိမ့်ငြိမ့်လေးနှင့်ပင် စီးလိုက်ခဲ့သည်။ ကျွန်တော်၏စိတ်ထဲတွင် ထိုပုဂ္ဂိုလ်နှစ်ဦးကို ကျေးဇူးတင်နေမိသည်။

ရထားအတွဲထိန်းများ လက်မှတ်စစ်သောအခါ ကျွန်တော်တို့အနားသို့ သူတို့နှစ်ယောက်ရောက်လာသည်။ သူတို့က ကြည်ကြည်လင်လင်ဖြင့်

"ငါ့ညီတို့ အဆင်ပြေလား"

"ပြေပါတယ် အစ်ကို"

ကျွန်တော်တို့လည်း အလိုက်သိစွာဖြင့် တစ်ယောက် ငွေကျပ် ၃၀၀၀ စီ၊ စုစုပေါင်း ငွေကျပ် ၉၀၀၀ ပေးလိုက်သည်။ သူတို့ထွက်သွားသောအခါ ကျွန်တော်တို့သုံးယောက် ကိုယ်စီအတွေးများနှင့် ကျန်နေခဲ့သည်။ ကျွန်တော့် သူငယ်ချင်းနှစ်ယောက် မည်သို့တွေးနေကြမည်ကို ကျွန်တော် မသိပေ။ ကျွန်တော်၏စိတ်ထဲတွင် ဖြစ်ပျက်ခဲ့သည်များကို တစိမ့်စိမ့်ပြန်တွေးနေမိသည်။

"ဩော် သူတို့ အပိုဝင်ငွေရှာကြတာပါလား"

■■■

### ပန်းတိုင်ရောက်လိုသော

○ နံနက်မိုးသောက် အလင်းရောက်က
ထကြွလုံ့လ ဝီရိယဖြင့်
ပညာတရား ရှာဖွေထားကြ
ဒါမှလူငယ် အားတက်ဖွယ်ပင်။

○ ရှေ့မှာတားဆီး ပိတ်ကာပြီးလည်း
ဖြတ်ပြီးလည်းလျှောက် လမ်းကောက်နေစေ
မယိုင်စိတ်ထား ရဲစွမ်းအားဖြင့်
ကျော်လွှားနိုင်သူ အောင်မြင်သူဖြစ်။

○ လုံ့လကင်းကွာ သက်တစ်ရာသည်
ဗလာနတ္ထိ ကျိုးမဲ့၏ဟု
ဝီရိယထား တစ်ရက်အားမျှ
ရှင်ပြားအသက် အထွတ်မြတ်သည်။

○ ဘဝကံပေး တိုးတက်ရေးလည်း
ဝန်တိုစိတ်ထား မာန်မပွားနှင့်
ထားရှိမေတ္တာ အကြင်နာကို
ပေးကာမျှဝေ လှူပါလေဟု
ရှင်တော်ဗုဒ္ဓ ဟောဖော်ပြ၏။

○ စိတ်ထားနနယ် အမောင်ငယ်တို့
ယခုပင်လျှင် ကောင်းစိတ်ဝင်၍
အစဉ်ကြိုးစား ဉာဏအားဖြင့်
စွမ်းအားထုတ်လေ တို့တစ်တွေသည်
အောင်မည်မုချ မလွဲတည်း။

သျှင်နေနွယ်

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် "မျိုးဆက်သစ်ရင်ပြင်" အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။ ထိုသို့ရေးသားပေးပို့ရာတွင် စာမူများကို ခေတ်သစ်ရေးဟန်ဖြင့်ရေးသားနိုင်သော်လည်း ရေးသားသူ၏ ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံ၊ အကြောင်းအရာတို့ကို စကားပြေဖြင့်ဖြစ်စေ၊ စကားပြောဖြင့်ဖြစ်စေ (စကားပြေနှင့် စကားပြော မရောစေဘဲ) လိုရင်းတိုရှင်းရေးသားပေးပို့နိုင်ပါသည်။ လူငယ်လူရွယ်များ စိတ်ဝင်တစား ရေးသားပေးပို့ကြသည့်အတွက် ကြေးမုံကကျေးဇူးအထူးတင်ရှိပါသည်။

ပေးပို့သောစာမူများမှာ များပြားသဖြင့် အဆိုပါလေးချက်နှင့်ကိုက်ညီပြီး ဆီလျော်အောင်ရေးသားသောစာမူများကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေးပို့သော စာမူအားလုံးအတွက် အကြောင်းပြန်ကြားမပေးနိုင်သေးခြင်း၊ မဖော်ပြပေးနိုင်သေးခြင်းတို့ကို နားလည်ခွင့်လွှတ်စေချင်ပါသည်။

စာမူပေးပို့ရာတွင် အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကျောင်း၊ မိမိ၏ နှစ်သက်ရာဓာတ်ပုံတစ်ပုံ၊ စာမူကို ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြု ဖော်ပြပါရှိရမည်ဖြစ်သည်။

**အထူးပန်ကြားလိုသည်မှာ စာမူများကို**

**mirrormyosathit@gmail.com**

**သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။** ဖော်ပြပါရှိသည့် စာမူခများကို အမှတ် (၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

ဆောင်းပါး

လွှမ်းရိပ်ဝေ(TU-မုံရွာ)

# ရိုးသားခြင်းဖြင့် လောကကိုအလှဆင်

ကာတွန်းတစ်ကွက်၏ပုံရိပ်သည် ကျွန်တော့်မှတ်ဉာဏ်တွင် ထင်ထင်ရှားရှားစွဲမြဲနေ၏။ ထိုကာတွန်းကွက်တွင် ခြေလက်အင်္ဂါအစုံအလင်နှင့် အကောင်းပကတိလူတစ်ယောက်သည် ခွက်တစ်လုံးရှေ့ချတောင်းရမ်းနေသည်ကို ခြေတစ်ဖက်ပြတ်ကာ ချိုင်းထောက်နှင့် လမ်းလျှောက်နေရသောလူက ပိုက်ဆံလှူနေသောရုပ်ပုံပြကာတွန်းဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် လူတစ်ယောက်၏ဘဝအခြေအနေသည် ထိုလူကိုယ်တိုင်၏ စိတ်ဓာတ်ခံယူချက်ပေါ်တွင် မူတည်နေသည်။ မည်သည့်အခြေအနေတွင်ဖြစ်စေ မိမိ၏ဘဝသည် မိမိ၏ရိုးသားမှုနှင့် မှန်မှန်ကန်ကန် ကြိုးစားရုန်းကန်မှုပေါ်လိုက်၍ ပြောင်းလဲနေမည်သာဖြစ်သည်။

တစ်နေ့ ကျွန်တော်သင်တန်းတက်ရာ ရန်ကုန်မြို့၏ လူစည်ကားဆုံးနေရာတစ်ခုဖြစ်သော ကမာရွတ်မြို့နယ် လှည်းတန်းတွင် မြင်ကွင်းတစ်ခုကို ဖျတ်ခနဲမြင်လိုက်ရသည်။ လမ်းဘေးပလက်ဖောင်းအစပ်တွင် ကျွန်တော့်လိုလူငယ်တစ်ဦးက အသက်(၄၀)အရွယ် လူကြီးတစ်ဦးကို ပိုက်ဆံတစ်ထောင်တန်တစ်ရွက် ထုတ်ပေးနေ၏။ လမ်းခရီးသွားလာရင်း ပိုက်ဆံပြတ်သွားသဖြင့် လူကြီးက လူငယ်ကို အကူအညီတောင်းခံနေဟန်ရှိသည်။ လူငယ်က ပိုက်ဆံများများမပါ၍ တစ်ထောင်ပဲကူညီနိုင်ကြောင်း အားနားစွာ တောင်းပန်နေပုံလည်းရသည်။

ထူးခြားသည်မှာ လူငယ်ဆီမှပိုက်ဆံအကူညီတောင်းခံနေသောလူကြီးကို ကျွန်တော်ကောင်းကောင်း မြင်ဖူးနေသည်။ သေသေချာချာစဉ်းစားကြည့်မှ ထိုလူကြီးသည် ကျွန်တော့်ဆီမှလည်း လမ်းစရိတ်ပြတ်၍ဟုဆိုတာ မျက်နှာငယ်နှင့် လာအကူညီတောင်းဖူးသည်။ ကျွန်တော်လည်း ထိုလူကြီးကိုမသင်္ကာသည်နှင့် မသိမသာ နောက်ကလိုက်အကဲခတ်မိသည်။ ခုန ပိုက်ဆံတစ်ထောင်ကူညီပေးသွားသော လူငယ်နှင့် ခပ်ဝေးဝေးအရောက်တွင် ပလက်ဖောင်းဘေးကပ်ကာ လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်ထုတ်ကာ ပိုက်ဆံများကို ရေတွက်နေသည်။

တစ်ထောင်တန် ၁၀ ရွက်၊ ၁၅ ရွက်လောက်ပင်ရှိလိမ့်မည်။ ထိုလူသည် လူရှုပ်ရှုပ်ပတ်ဝန်းကျင်တွင် အချောင်လိုက်ပိုက်ဆံရှာနေသည်မှာ သေချာပြီ။ ထိုစဉ်ပိုက်ဆံများထုတ်ရေနေသော ထိုလူကြီးအနားသို့ သီလရှင်လေးတစ်ပါးသည် အလှူခံခွက်လေး ထိုးခံလိုက်လေသည်။ ထိုလူသည် မျက်နှာအိုအိုနှင့် သီလရှင်လေးကို မျက်လုံးအကြည့်နှင့် မာန်မဲလိုက်တော့ သီလရှင်လေးမှာ ခွက်ကိုပြန်ရုပ်သိမ်းလိုက်ရသည်။ ကျွန်တော်သည် လူ့ပတ်ဝန်းကျင်၏ အကျည်းတန် မြင်ကွင်းတစ်ခုကို လက်တွေ့သိမြင်လိုက်ရသည်။

ခုနလူငယ်ကူညီလိုက်သော ပိုက်ဆံတစ်ထောင်သည် သူ့ချွေးနဲ့စာဖြင့် အလုပ်လုပ်၍ရသောပိုက်ဆံလား။ ဒါမှမဟုတ် ထိုလူငယ်၏ မိဘများ၏ ချွေးနဲ့စာပိုက်ဆံလား။ မည်သို့ပင်ဆိုစေ ထိုပိုက်ဆံတစ်ထောင်သည် ရိုးသားသူ၏လက်မှ မရိုးသားသူ၏လက်ဝယ်သို့ ရောက်ရှိသွားပြီဖြစ်သည်။ လောကတွင် ထိုသို့သောရိုးသားသူများ၏ ပိုက်ဆံမည်မျှ မရိုးသားသူများ၏လက်ထဲ ရောက်ရှိနေမည်နည်း။ အကျပ်အတည်းကို စာရိတ္တချနင်းပြီး ချောင်လည်ရန် ကြိုးစားကြခြင်းဖြစ်သည်။ တခြားသူများ ပင်ပင်ပန်းပန်းတစ်နေကုန်ရုန်းကန်၍ နေ့စဉ်ဝင်ငွေရှာနေချိန်တွင် မိမိမှာဘာမှမလုပ်ဘဲ ဟန်ဆောင်မျက်နှာဖုံးတပ်ကာ အချောင်နှိုက်နေသောအဖြစ်သည် အနုနည်းဓားပြတိုက်နေခြင်းဖြစ်သည်။ တချို့က ဆင်းရဲ၍ စာရိတ္တ ပျက်ပြားသည်။ စာရိတ္တပျက်ပြား၍ ဆင်းရဲရသည် ငြင်းခုံကြရင်း မုန့်လုံးစက္ကူကပ်နေကြသည်။ အမှန်က စာရိတ္တရိုးသား၍ မှန်မှန်ကန်ကန်ကြိုးစားရုန်းကန်ခြင်းဖြင့်သာ ဆင်းရဲကျပ်တည်းခြင်းကို မှန်မှန်ကန်ကန်ရင်ဆိုင်ဖြတ်ကျော်နိုင်မည်ဖြစ်ပါသည်။

ဟိုတစ်လောက လူမှုကွန်ရက်အသုံးပြုသူတစ်ယောက်သည် သူ၏အတွေ့အကြုံတစ်ခုကို လူအများသိစေရန် လူမှုကွန်ရက်ပေါ်တွင် တင်ထားသည်ကို ဖတ်လိုက်ရသည်။ ထိုလူသည် ရန်ကုန်မြို့ထဲသို့သွားလာနေစဉ် သူနာပြုဝတ်စုံဝတ်ထားသော အမျိုးသမီးတစ်ဦးက လမ်းစရိတ်ပြတ်၍ဟုဆိုကာ အကူအညီတောင်းခံကြောင်း၊ ထိုလူမှပိုက်ဆံတစ်ထောင်ထုတ်ပေးရာ မိခင်ဖြစ်သူနေမကောင်းသောကြောင့် ကားငှားပြန်ရမည်ဖြစ်၍ ငါးထောင်လောက်မှအဆင်ပြေမည်ဖြစ်ကြောင်း ပြန်ပြောသည်ဆို၏။ ထိုလူကလည်း ပိုက်ဆံငါးထောင်ထုတ်ပေးကာ ထိုအမျိုးသမီး၏အနားမှ ထွက်လာခဲ့ကြောင်း၊ ခဏကြာတော့ ထိုအမျိုးသမီးကို မသင်္ကာသည်နှင့် နောက်ပြန်လှည့်လာရာ ထိုအမျိုးသမီးက တခြားလူတစ်ယောက်ကိုလည်း သူ့ဆီမှာကဲ့သို့ အကူအညီထပ်တောင်းနေသည်ကိုတွေ့ရ၍ထိုလူက "ခုနပိုက်ဆံနဲ့ မလောက်လို့လား"ဟု အနားသွားမေးရာ ထိုသူနာပြုဟန်ဆောင်ထားသော အမျိုးသမီးမှာ တစ်ချိုးတည်းထွက်ပြေးသွားသည်ဟု ဆိုသည်။

ထိုသို့လမ်းသွားရင်း ပိုက်ဆံပြတ်ချင်ယောင်ဆောင်ကာ အနုနည်းနှင့်ဓားပြတိုက်နေသောလူများတွင် သူတို့အပေါ်မှီခိုနေရသော မိသားစုရှိလျှင်လည်း ရှိပါလိမ့်မည်။ သူတို့ပေါ်မှီခိုနေရသော မိသားစုဝင်များအပေါ် တာဝန်ကျေချင်သောကြောင့် စာရိတ္တကိုချနင်း၍ လမ်းလွဲလိုက်နေကြခြင်း ဖြစ်ရင်လည်းဖြစ်ပါလိမ့်မည်။ သို့သော် မည်သည့်အတွက်ကြောင့် မိမိထမ်းရွက်ရမည့်တာဝန်ကို မိမိအရည်အချင်း၊ မိမိစွမ်းအားဖြင့် ကျေပွန်အောင် မကြိုးစားသနည်း။ စိတ်ဓာတ်ခံယူချက်သည် လွန်စွာအရေးကြီးပါသည်။ ရိုးသားမှုပေါ်အခြေခံကာ ကြိုးစားရုန်းကန်ခြင်းသည်သာလျှင် စစ်မှန်သော ဘဝလုံခြုံမှုကို ပေးနိုင်မည်ဖြစ်ပါသည်။

လူအများစုသည် အကျပ်အတည်းပေါင်းများစွာနှင့် ရင်ဆိုင်နေရသည်ကို လက်ခံပါသည်။ သို့သော် စာရိတ္တန္ဒမ်းပါးကြခြင်းကိုတော့ ပြတ်ပြတ်သားသား ဆန့်ကျင်ရပါမည်။ မည်မျှပင်ဆင်းရဲကျပ်တည်းပါစေ မိမိတတ်နိုင်သည့်အားကို သုံးကာ တစ်ဝမ်းတစ်ခါးစိုပြည်စေရန် ရိုးရိုးသားသား ကြိုးစားရုန်းကန်ကြရပါမည်။ လူပုံအလယ် ခွက်တစ်လုံးရှေ့ချ တောင်းစားနေမည့်အစား အမှိုက်ပုံကြားတွင် စွန့်ပစ်ပစ္စည်းများလိုက်ကောက်ကာ ရောင်းစားနေလိုက်သည်က ပိုတင့်တယ်မည်ထင်သည်။ ရိုးရိုးသားသားလုပ်လျှင် မည်သည့်ပညာမှမတတ်လျှင်ပင် အနည်းဆုံး ဆေးရုံတစ်ခုခုတွင်ဖြစ်စေ သန့်ရှင်းရေးဝန်ထမ်းတော့ လုပ်ခွင့်ရနိုင်သည်။ ချမ်းသာသောမိသားတစ်စုအိမ်တွင် အိမ်အကူအဖြစ်လုပ်နိုင်သည်။ ရိုးသားဖြောင့်မတ်သူအတွက် မမြင့်လျှင်ပင် တင့်တယ်သောနေရာတစ်ခုတော့ ရှိမြဲပင်ဖြစ်သည်။

ရန်ကုန်မြို့၏ စည်ကားသောဈေးတစ်ခုတွင် အမျိုးသမီးကြီးတစ်ဦးသည် အဖြူအစိမ်းဝတ်ထားသော မူလတန်းအရွယ် ကျောင်းသူလေးနှစ်ယောက်၏ ခါတ်ပုံကိုရှေ့ချကာ သမီးကျောင်းသူလေးနှစ်ယောက် ကျူရှင်စရိတ်၊ ကျောင်းစရိတ်မရှိ၍ ပိုက်ဆံလေးတွေပေးသနားကြပါဟု ပါးစပ်ကမနားတမ်းရွတ်တောင်းနေသည်ကိုလည်းတွေ့ဖူးသည်။ ထိုအမျိုးသမီး၏ ရှေ့ရှိ ဓာတ်ပုံထဲမှကျောင်းသူလေးများသည် ထိုအမျိုးသမီး၏ သမီးအစစ်အမှန်ဟုတ်သည်၊ မဟုတ်သည်ကိုမပြောလိုပေ။ အမှန်တကယ် ကျူရှင်စရိတ်၊ ကျောင်းစရိတ်လိုနေသည်မှာလည်း မှန်၊ မမှန် ကျွန်တော်တစ်ထစ်ချ မသတ်မှတ်ချင်ပေ။ တကယ်ကျောင်းစရိတ်၊ ကျူရှင်စရိတ် လိုအပ်သည်ထားပါစို့။ ယနေ့အခြေခံပညာရေးသည် အခမဲ့ပညာရေးစနစ်အဖြစ် အစိုးရကသတ်မှတ်ပေးထားသည်။

ထို့အပြင် ပညာရေးအတွက် ကူညီထောက်ပံ့ပေးသောအဖွဲ့အစည်းများလည်းရှိသည်။ အနည်းဆုံးတော့ မိမိတို့နေထိုင်ရာ ရပ်ကွက်လူကြီးများထံ အကျိုးအကြောင်းကို ရိုးသားစွာတင်ပြ၍ ဆွေးနွေးအဖြေရှာနိုင်သည်။ ကျူရှင်ကိစ္စကို ပြောရမည်ဆိုလျှင် ပြီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် မည်သည့်ကျူရှင်မှမတက်ဘဲ ကျောင်းပုံမှန်တက် စာပုံမှန်ကျက်သဖြင့် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူလေးတစ်ဦး၏ သာဓကတစ်ခုရှိခဲ့သည်။ ကျူရှင်မဖြစ်မနေလိုအပ်ပြီး မိမိသားသမီးအတွက် ငွေကြေးမတတ်နိုင်သည်ထားဦး စေတနာ၊ အနစ်နာ၊ ဝါသနာဟူသော နာသုံးနာအစစ်အမှန်ဖြင့် ဆရာအဖြစ်ရပ်တည်နေသော ဆရာများထံ အကူအညီတောင်းရပါမည်။ ထိုသို့သောနေရာများတွင် ရိုးသားမှုကို ရဲရဲဝံ့ဝံ့အသုံးချကြရပါမည်။ လူပုံအလယ်အကြောင်းပြ တောင်းရမ်းသည်ကို မရှက်မကြောက်ဘဲ အဆင်မပြေခြင်း၊ မရှိခြင်းကို ရိုးသားစွာဝန်ချ အကူအညီတောင်းရမှာကို ရှက်ကြောက်နေ၍တော့မဖြစ်ပေ။ စိတ်ဓာတ်ခံယူချက်ကို ရိုးသားမှုပေါ်အခြေတည်ပြီး ခိုင်ခိုင်မာမာတည်ဆောက်ရမည်ဖြစ်ပါသည်။

ထိုသို့ဆိုလျှင် မပြည့်စုံသော်လည်း တင့်တယ်သော လူသားများအဖြစ်မှန်ကန်စွာ ရပ်တည်နိုင်မည်ဖြစ်သည်။ ရိုးသားဖို့သည် ပထမ၊ ကြိုးစားဖို့သည် ဒုတိယဟု ဆိုရမည်။ ရိုးသားမှုပေါ် အခြေခံ၍ ဖြစ်လာသော အမှားသည်လည်း လွန်စွာ အကျည်းမတန်သကဲ့သို့ ရိုးသားမှုပေါ်အခြေခံ၍ ဖြစ်လာသောအမှန်သည်လည်း လွန်စွာတန်ဖိုးရှိလှသည်။ လူ့ပတ်ဝန်းကျင်အလွှာအသီးသီးတွင် ရိုးသားခြင်းနှင့် မရိုးသားခြင်းသဘော၏ ပြိုင်ဆိုင်မှုသည် အမြဲတမ်းရှိနေသည်။ သို့သော် လူတစ်ယောက်ချင်းစီတိုင်းက မိမိကိုယ်ကို ရိုးသားနိုင်သမျှရိုးသားစွာ လူ့လောကတွင် ကျင်လည်နေထိုင်မည်ဆိုလျှင် လူ့ပတ်ဝန်းကျင်သည် ပန်းရနံ့များလွှမ်းနေသော ဥယျာဉ်တစ်ခုသဖွယ် ဖြစ်လာနိုင်ပါသည်။ ။

## စာကြည့်တိုက်သို့လာစေချင်

ငယ်စဉ်ကပင်၊ ကျောင်းတက်စဉ်တွင်
စာသင်ကြားရာ၊ ကြိုးစားကာကွယ်
လေ့လာမှတ်သား၊ လုံ့လအားစိုက်
ကြားနာမှတ်သားသင်စေချင်။
ဗဟုသုတ၊ များစွာရအောင်
ဖတ်ကြစာတွေ၊ အသိဝေဖြာ
စာပေများစွာ၊ ဆည်းပူးရာဝယ်
စာကောင်းပေမွန် ဖတ်စေချင်။
အသိပညာ၊ အဖြာဖြာကို
လေ့လာဆည်းပူး၊ သိကြားထူးအောင်
မှတ်ကူးလိုက်နာ၊ သိဖို့ရာကွယ်
စာကြည့်တိုက်သို့ လာစေချင်။ ။

(မဒီလှိုင်)

## ထိန်းသိမ်းကြစေ ရိုးရာအမွေ

○ ကလေးဘဝ
အတွေးစတွေ မကွယ်ဆန်းခင်က
စံပယ်ပန်းလိုသူ့မူယာ
ပြုံးချိုမျက်နှာ။
○ အရွယ်ရောက်လျှင်
ဘယ်လောက်ပင် ဖြူစင်လန်းလည်း
ခေတ်ဆန်ချင်လာ။
○ အမြင်မတိမ်းလေနဲ့
အစဉ်ထိန်းစို့ ဓလေ့ရိုးရာ
မမေ့တိုးကာတည်စေသင့်။
○ အလိုရမက်တို့
ဖြိုဖျက်လို့ အစဉ်တွေးရှု
ယဉ်ကျေးမှု အမွေအနှစ်များကိုဖြင့်
သွေမပစ်အစဉ်ထိန်းကာပ
အမြင်မယိမ်းလေနှင့်။

(အောင်ကို)

## ဥယျာဉ်မှူး

✍ ပါးကွက်ကြားလေး လိမ်းလို့ပြင်
ရင်ဖုံးအင်္ကျီသူဝတ်ဆင်
မြင်ရသူတိုင်းမျှော်ကာငေး
အဖြူစိမ်းနှင့် သူယဉ်ကျေး။
✍ ဖိနပ်ကလေး ကတ္တီပါ
ကျောင်းလာတဲ့ခါ စီးလို့လာ။
✍ ဆွဲခြင်းလေးကို ကိုင်ကာစွဲ
ဆင်မယဉ်သာ လျှောက်စမြဲ။
✍ ခေတ်အဆက်ဆက်ပြောင်းလဲလာ
မရိုးနိုင်တဲ့ အလှပါ
ရင်ထဲမှာသာ ထင်ကျန်စွဲ
ကြယ်ပွင့်လေးတွေလမ်းပြမြဲ။
✍ အနာဂတ်ပန်း ပျိုးထောင်သူ
ဦးစွာမူလ စိုက်ပျိုးယူ
ဖြူစင်စွာနဲ့ အားထုတ်မြဲ
ဥယျာဉ်မှူးက သူတို့ပဲ။

ရဲမောင်(တပ်ကုန်း)

## စာကြည့်တိုက်

စာကြည့်တိုက်
လာကြည့်လိုက် ရသစုံတယ်
ဖတ်ရကုန် လူငယ်ကြိုက်မို့
ဖယ်လိုက်တံခါး။
သုတစုံ
ခုမှကြုံ သိဉာဏ်များတယ်
ရှိဉာဏ်အား ကလောင်မိခိုက်
ကြည့်တိုက်စွမ်းအား။ ။

ကန်ညီနောင်ရွှေပျိုး(ငွေလဲ့ကန်)
ဒုတိယနှစ်မြန်မာစာ(ပဲခူးတက္ကသိုလ်)

## ဝါခေါင်အလှ

✤ ကောက်ပင်နော့နော့၊ ကိုင်းဖော့ဖော့
သော့သော့ယိမ်းခန်း လန်းလှတယ်၊
ကြော့ကြော့စိမ်းလန်း ဆန်းလှတယ်။
✤ မှတ်သုံလေဖြစ်၊ ဝန်းကျင်သစ်
တေးဟာစ်ကြော်ဝံ ပျော်ကြမယ်၊
ဖွေးမြစ်အော်ထဲ လော်ကြမယ်။
✤ ဗေဒါအမျိုး၊ ရေလာတိုး
နီးကြားကာမျှော ပေါလှတယ်၊
တိုးပွားယာကြော ထောလှတယ်။
✤ အုန်းခြံအစပ်၊ မိုးရေပက်
စိတ်လက်ဆန်းလို့ လန်းလှတယ်၊
ထိတ်လှုပ်ပန်းတို့ မြန်းကြတယ်။ ။

ပိုင်(ဆေး-၁)

## အတ္တ

စိတ်အစဉ် အတ္တကဲပါလို့
ဘဝထဲ မလှပေ
ပြုပြင်ကြစေ။
စိတ်မှာလေ
အစွဲတွေ ကြီးစိုး။
ဆင်ခြင်ကာ မနေသမျှ
ဒုက္ခတွေတိုး။ ။

သက်မွန် (မော်ကျွန်း)

ဝတ္ထုတို

# ဧကရာဇ်ပန်းတို့ပွင့်လန်းရာမြေ

နောင်ရိုး(ကန့်ဘလူ)



သီတင်းကျွတ် ကျောင်းဖွင့်ရက်၏ နံနက်ခင်းသည် မိုးသက်မိုးငွေ့တို့ မကင်းစင်သေး။ ရက်ရှည်ကျောင်းပိတ်ရက် ပြန်စဖွင့်သည့်နေ့မို့ ခါတိုင်းထက်စောစီးစွာ ထွက်လာခဲ့ခြင်းကြောင့် ကျောင်းဝင်းတစ်ခုလုံး၌ မိမိမှလွဲ၍ မည်သူမျှမရောက်သေးပေ။ ကျောင်းပတ်ဝန်းကျင်အခြေအနေကို လှည့်လည်ကြည့်ရှုလိုက်သည်။ ရက်ရှည်ဝေးကွာခဲ့ပေမယ့် ကျောင်းကတော့ မည်သို့မျှပြောင်းလဲခြင်း မရှိ။

ရွာဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်တော့ မြေနီနီလမ်းတစ်လျှောက်မှာ အဖြူအစိမ်းလေးတွေနှင့် ကျောင်းသား ကျောင်းသူ အချို့ လမ်းလျှောက်လာတာကို မြင်ရသည်။ မြေနီနီလမ်းပေါ်က အဖြူအစိမ်းလေးတွေကို ပတ်ဝန်းကျင် လယ်ကွင်းစိမ်းစိမ်းလေးတွေက ဝန်းရံခြုံလွှမ်းလို့။ လှလိုက်သည့်မြင်ကွင်း။

ကြည့်ရသူမှာ ကြည်နူးချမ်းမြေ့ဖွယ်အတိ။ အလှတရားလေးကိုကြည့်ရင်း ကိုယ့်ပီတိနှင့်ကိုယ် ပြုံးနေခိုက် ခေါင်းပေါ်သို့ အရာတစ်ခုခု ကျလာ၍ အသာအယာပုတ်ခါချလိုက်သည်။

ပန်းလေးတစ်ပွင့်ပါလား။ ခေါင်းပေါ်ကို မော့ကြည့်လိုက်တော့ မိမိသတိမထားမိခဲ့သော ဖြူဖြူဖွေးဖွေးပန်းများက ဝေဝေဆာဆာနှင့် ရွှန်းတင့်လှပနေကြသည်။ အတိအကျဆိုရပါမူ ရိုးတံရှည်ရှည် ပွင့်ဖတ်လေးခုနှင့် အဖြူရောင် ဧကရာဇ်ပန်းများ။ သြော်. . . ဧကရာဇ်ပန်းတွေတောင် ပွင့်နေကြပြန်ပြီပဲ။

ခေါင်းပေါ်က ပုတ်ခါချလိုက်သော ပန်းလေးကို ကောက်ယူကြည့်မိလိုက်သည့် အချိန်ဝယ် စိတ်အလျဉ်အတွေးတို့သည် လွန်ခဲ့သောကာလအတိတ်ဆီသို့---။

"ဆရာကြီး . . . ဆရာကြီး"

ကျောင်းမတက်ခင်အချိန်လေးမှာ ပညာတန်ဆောင် မဂ္ဂဇင်းစာအုပ်ကိုဖတ်နေသော ကျွန်တော့်ဆီသို့ အတိုင်အတော အလွန်ထူလွန်းသော "သန့်ဇင်ထူး"တစ်ယောက် လူမရောက်ခင် အသံရောက်လာခဲ့၏။

"ဟ သန့်ဇင် ဘာဖြစ်တာလဲကွ အလန့်တကြားနဲ့" ဖတ်လက်စပညာတန်ဆောင်ကို အသာချရင်း သန့်ဇင်ကို ကျွန်တော်မေးလိုက်သည်။

"ဆရာကြီး. . ဟိုဆရာ. . ဟို"

တိုင်ချင်လွန်း၍ထင်သည် ကျွန်တော့်အမေးကို မဖြေနိုင်လောက်အောင် မောနေ၏။ "ဟိုဆရာ. . . ဟို. . . မင်းသွေးက အောင်လွင်ဦး ခေါင်းကိုအုတ်ခဲနဲ့ ပစ်လိုက်တာ ခေါင်းပေါက်ပြီး သွေးတွေ ထွက်နေတယ် ဆရာကြီး။"

"ဟေ"

ယခုမှပင် ကျွန်တော့်မှာအလန့်တကြားဖြစ်ရတော့သည်။ ကျွန်တော့်၏ အလန့်တကြားစိတ်လေးမဆုံးခင်မှာပင် ကျောင်းရှေ့ရှိ အောင်လွင်ဦးဆီမှ အော်ဟစ်ငိုလိုက်သံကို ကြားရ၏။

"အား. . နာတယ်။ အမေ. . အမေရေ နာတယ်ဗျ။"

အောင်လွင်ဦး တစ်ယောက်က အမေတကာ ငိုလေ ကျွန်တော့်မှာဖြင့် ဘာတွေများ ဖြစ်ကုန်ကြပြီလဲဟူသော အတွေးနှင့် အမေရော အဖေရော ဘုရားရော တရားရောတလိုက်မိတော့သည်။

"အားလုံးနောက်ဆုတ်ကြစမ်း"

အောင်လွင်ဦးကို ဝိုင်းအုံကြည့်နေကြသည့် ကျောင်းသား ကျောင်းသူများကို ကျွန်တော် အော်ဟစ်လိုက်၏။

"ပြစမ်း အောင်လွင်ဦး. . ဆရာကိုပြစမ်း"

အောင်လွင်ဦး ခေါင်းမှ ဒဏ်ရာကို ကျွန်တော်ကြည့်လိုက်သည်။ သို့သော် ဆံပင်များကြောင့် သေချာမမြင်ရ။

"ကဲ. . ထထ. . အောင်လွင်ဦးထ"။

ကျောင်းရှေ့ကွင်းပြင်မှ အောင်လွင်ဦးကို ရုံးခန်းအတွင်းသို့ခေါ်ခဲ့၏။ ထို့နောက် ခေါင်းမှဒဏ်ရာကို မြင်နိုင်ရန်အတွက် ဒဏ်ရာ၏အနီးဝန်းကျင်မှ ဆံပင်များကို ဖြတ်ပစ်လိုက်သည်။ ဒဏ်ရာက သိပ်မနက်ပါ။ သိပ်မကျယ်ပါ။ ခေါင်းရဲ့ ချိုစောင်းနေရာမို့ သွေးထွက်နည်းနည်း များခြင်းသာဖြစ်ပါ၏။ ထို့ကြောင့် ဒဏ်ရာကို ဆေးကြောသုတ်သင်ကာ အရန်သင့်ဆောင်ထားသည့် ဆေးများကို ထည့်ပေးပြီးသည့် နောက်ဝယ် ကျွန်တော့်မှာ တရားသူကြီး ဖြစ်သွားတော့၏။

"ကဲ. . ဘယ်လိုဖြစ်တာလဲဆိုတာ အောင်လွင်ဦးက စပြောစမ်း"

ဒဏ်ရာရသူကို ဦးစွာလျှောက်လဲချက် တင်ခိုင်းလိုက်သည်။ အမှန်တရားသည် မည်သူ့ဘက်မှာမှန်းမသိ။

"ကျွန်တော်လည်း သူ့ကိုဘာမှမလုပ်ဘဲနဲ့ သူက ကျွန်တော့်ခေါင်းကို အုတ်ခဲနဲ့တမင်သက်သက် ပစ်တာပါဆရာကြီး"။

မင်းသွေးဘက်ကို လက်ညှိုးထိုးရင်း တရားလိုဘက်က တိုင်ချက်ဖွင့်လိုက်သည်။ သူ့တိုင်ချက်ကြောင့် "ဟေ. . ဟုတ်လား"ဟူ၍သာ ကျွန်တော်ပြန်မေးရင်း အံ့သြလိုက်မိသည်။ ထို့နောက် တရားခံဘက်ကို ကျွန်တော် ချေပခွင့်ပြုလိုက်သည်။ သူပြောတာ ဟုတ်လား မင်းသွေး။

"ဟုတ်. . ဟုတ်ပါတယ်။ ဆရာကြီး"

"ဘယ်လိုကွ. . မင်းဘာပြောလိုက်တယ်"

ကျွန်တော့်ရဲ့ ဟန်နှင့်မာန်နှင့်ပြည့်ဝသော မေးခွန်း၏နောက်ဝယ်တွင်တော့ "ဒီလိုပါ ဆရာကြီး ကျွန်တော်အုတ်ခဲနဲ့ပစ်တယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူ့ကိုပစ်တာ မဟုတ်ပါဘူး ဆရာကြီး"

"သူ့ကိုပစ်တာမဟုတ်ဘူးဆိုတော့ မင်းက ဘယ်သူ့ကိုပစ်တာလဲကွ"

"ပန်းကိုပါ ဆရာကြီး"

ထိုစဉ် ဆရာမလေး ဒေါ်အိမ့်ကြည်သာနှင့် ဒေါ်မြမျက်ချယ်တို့ ရုံးခန်းအတွင်းသို့ ရောက်လာကြလေသည်။

"ဆရာကြီး မင်းသွေးနဲ့ အောင်လွင်ဦး ရန်ဖြစ်ကြလို့ဆို" ကျွန်မတို့ကို သန့်ဇင်ထူးက သတင်းဦးပေးလိုက်လို့။

"ဟုတ်တယ်ဆရာမတို့၊ ခု အဲဒီပြဿနာပဲ ဖြေရှင်းပေးနေတာ"

ဆရာမနှစ်ဦးကို အဖြေပြန်ပေးရင်း အမှုကို ချက်ချင်းပြန်စစ်လိုက်သည်။

"ဒါနဲ့ မင်းက ပန်းကိုဘာဖြစ်လို့ပစ်တာလဲ မင်းသွေး"။

ကျွန်တော်မေးလိုက်သော်လည်း မင်းသွေး မဖြေ။

"မင်းသွေး ဆရာကြီးမေးနေတယ်လေ ဘာလို့ပန်းကိုပစ်တာလဲ"

အချိန်အနည်းငယ် ကြာသည်အထိ မင်းသွေး မဖြေပါ။ သူ့မျက်ဝန်းများသည် ဆရာမလေး ဒေါ်မြမျက်ချယ်ကို အကူအညီတောင်းနေသယောင် ထင်လောက်အောင် တွေတွေလေးငေးကြည့်နေ၏။

"မင်းမဖြေဘူးဆိုရင် ဆရာမင်းကို အပြစ်ပေးတော့မယ်"

ကျွန်တော် ဒေါသထွက်ချင်ယောင်ဟန်ဆောင်၍ ထားဝယ်ကြိမ်လေးထောင်ထားရာ ရုံးခန်းထောင့်ဆီသို့ ထသွားလိုက်သည်။

"ကဲ. . သူများကို နာကျင်အောင် တမင်သက်သက်လုပ်ပြီး အပြစ်ကိုဝန်မခံတဲ့ကောင် ထွက်ခဲ့စမ်း။"

ခပ်ကြမ်းကြမ်းစကားလုံးနဲ့ မျက်နှာကို ခပ်တည်တည်ထားလိုက်သည့် အချိန်တွင်တော့ "ဆရာမကိုပေးဖို့ ပစ်ခြွေတာပါ ဆရာကြီး"။

မဝံ့မရဲလက်ညှိုးလေးက သူ့ရဲ့အတန်းပိုင်ဆရာမ ဒေါ်မြမျက်ချယ်ဆီကို ရည်ညွှန်းလျက်။ ငံ့လျက်အနေအထားနှင့် မျက်နှာသည် အပြစ်ကင်းစင်လှပေစွ။ တရားသူကြီး၏အမိန့်သည် အဓိက ဇာတ်သိမ်းခန်း။

ကျွန်တော် မည်ကဲ့သို့ အမိန့်ချရမည်နည်း။ ဝေခွဲရခက်နေစဉ်မှာ ဆရာမလေး ဒေါ်မြမျက်ချယ်ကလည်း ကျွန်တော့်ကို တောင်းပန်စကားဆိုပါသည်။

"ဒီလိုပါဆရာကြီးရယ် သီတင်းကျွတ် ဆရာကန်တော့ပွဲတုန်းက တချို့က ဘာပစ္စည်းမှမယူခဲ့နိုင်လို့ စိတ်မကောင်းဖြစ်နေကြတာလေ။ သူတို့တွေကို တခြားကျောင်းသားတွေက စနောက်တဲ့အသံကြားတာကြောင့် ဆရာ ဆရာမဆိုတာ တပည့်တွေဆီက ဘာမှမျှော်လင့်ခြင်းမရှိကြောင်းနဲ့ လက်အုပ်ချီပြီး ကန်တော့ရုံနဲ့တင် ကျေနပ်ပီတိဖြစ်မိကြောင်း ပြောပြမိတယ်ဆရာကြီး။ ပြီးတော့ ပန်းတစ်ပွင့်ပဲဖြစ်ဖြစ် ချိုချဉ်တစ်လုံးပဲဖြစ်ဖြစ် တပည့်က မြတ်နိုးလို့ပေးတာဆိုရင် ဆရာ ဆရာမတွေက ဘဝတစ်ခုလို တန်ဖိုးထားတတ်ကြောင်းနဲ့ ကျွန်မက ပန်းပန်ရတာကို သဘောကျကြောင်းလည်း ပြောလိုက်မိတယ်။ အဲဒါကြောင့် သူပန်းကို ပစ်ခြွေတာ ထင်တယ်။ ကျွန်မရဲ့ ဆုံးမလမ်းညွှန်မှု ညံ့သွားတာပါ။ ကျွန်မ အပြစ်ပါ ဆရာကြီးရယ်"

တပည့်က ဆရာ့အတွက် ပန်းခူးရင်းဖြစ်ပျက်ခဲ့တဲ့ကိစ္စမို့ ချစ်ခြင်းမေတ္တာတွေစီးဝင်နေသော ဒီဇာတ်လမ်းကို ဘယ်သူ့ကြောင့်ဟု ကျွန်တော်ခေါင်းစဉ်မတတ်လိုပါ။ ချစ်ခြင်းမေတ္တာတရား၏ ခပ်ပါးပါးလေးအရောင်ခြယ်ခြင်းမှာ အလင်းအမှောင်ကို မခွဲခြားချင်ပါ။ အရာအားလုံးသည် ဖြူစင်တောက်ပသော မေတ္တာကြောင့်ပင်။

ဘယ်သူမှ အပြစ်မရှိကြပါ။ ဒါဟာ မတော်တဆမှုဆိုတာကို ကျွန်တော်သိလိုက်ရပါပြီ။ သို့သော် တစ်ဖက်မှာဒဏ်ရာတွေနှင့်။ ခန္ဓာပေါ်ကဒဏ်ရာထက် ဆရာကြီးက ခေါင်းပေါက်အောင်လုပ်သူကိုတောင် အပြစ်မယူဘူးဟု တွေးဆချက်အလွဲနှင့် ဒဏ်ရာရသူဘက်မှာ စိတ်ဒဏ်ရာဖြစ်သွားမှာမျိုးကို ကျွန်တော် မလိုလားပါ။ ကျွန်တော်ဆုံးဖြတ်ချက်ချလိုက်ပါသည်။

"ကဲ. . အောင်လွင်ဦး မင်းကြားလား"

"မင်းသူငယ်ချင်း မင်းသွေးက မင်းကို ပစ်တာ မဟုတ်ဘူးတဲ့။ မင်းတို့ဆရာမကို ပန်းပေးဖို့ပစ်ရင်းကနေ မင်းခေါင်းပေါ်မတော်တဆကျသွားတာတဲ့"

"မင်းတို့ဆရာမကို မင်းရောမချစ်ဘူးလား အောင်လွင်ဦး"

စိတ်ဒဏ်ရာကို နူးညံ့စွာကုစားပေးလိုက်သည်။

"ချစ်ပါတယ် ဆရာကြီး"

ဒဏ်ရာနဲ့ကြားကနေ အောင်လွင်ဦး၏ အားရပါးရအဖြေစကားမှာ ဒေါ်မြမျက်ချယ် မျက်ရည်တွေကျသွားရသည်။ ပီတိမျက်ရည်။ ဝမ်းသာကြည်နူးသော ပန်းချီကားတစ်ချပ်၏ ပုံရိပ်။ ကျွန်တော် ဆက်မေးလိုက်သည်။

"ဒါဆို မင်းသူငယ်ချင်းကို ဆရာက ရိုက်ပြီး ဒဏ်ပေးရဦးမှာလား။"

အောင်လွင်ဦး၏အကြည့်သည် ဒေါ်မြမျက်ချယ်ဆီသို့ ရောက်ရှိလျက် "မရိုက်ပါနဲ့တော့ဆရာကြီးရယ်။ သူကဆရာမကို ပန်းပေးဖို့ ပစ်တာပဲ။ ကျွန်တော့်ကို ပစ်တာမှ မဟုတ်တာ"

ငါးတန်းကျောင်းသားလေး တစ်ယောက်၏ ခွင့်လွှတ်ခြင်းသည် ကမ္ဘာမြေအတွက် မည်မျှလှပသနည်း။ သို့သော် တရားသူကြီး၏ အမိန့်က ပို၍ အရောင်တောက်စေခဲ့ပါသည်။

"ဒါပေမဲ့ ဆရာမင်းသွေးကို အပြစ်ပေးရမယ်။ မပေးလို့တော့ မရဘူး။ဘာလို့လဲဆိုတော့ မင်းကြောင့် အောင်လွင်ဦးဒဏ်ရာရသွားတယ်"

"အဲဒီအတွက် ဒဏ်ရာတွေကို ပျောက်အောင် ကုပေးလိုက်"

"ကျွန်တော်မှ မကုတတ်တာ"

"ဘယ်သူတွေကရော ကုတတ်လို့လဲ"

"ဆရာဝန်တွေမှ ကုတတ်မှာပါဆရာကြီး"

"ဒါဆိုမင်းလည်း ဆရာဝန်ဖြစ်အောင် လုပ်ပေါ့ကွ"

ထိုနေ့က မင်းသွေး ကျွန်တော့်ကို အဖြေပြန်မပေးခဲ့ပါ။ သို့သော် ယခုတော့ ဧကရာဇ်ပန်းလေးများက ကျွန်တော့်ကိုအဖြေပေးသွားရှာပါသည်။

"ကျွန်တော် ဒီဧကရာဇ်ပန်းတွေကို အကြောင်းပြုပြီး ဆရာကြီးရဲ့ကောင်းမှုနဲ့အတူ ဆရာ ဆရာမတွေရဲ့ကျေးဇူးကြောင့် ကျွန်တော် ဆရာဝန်ဖြစ်တယ်လို့ပြောရမယ် ဆရာကြီး။ အဲဒီနေ့ကသာ ဆရာကြီး ကျွန်တော့်ကိုရိုက်ရုံပဲ ရိုက်ပြီး ဒဏ်ပေးလိုက်ရင် ကျွန်တော် ခုဆို ဘာဖြစ်နေမလဲမသိဘူး" တပည့်ဖြစ်သူ ဒေါက်တာမင်းသွေးရဲ့ စကားကိုကြားချိန်မှာ ကျွန်တော်က ကြည်လင်စွာပြုံးနိုင်ခဲ့သလို ဧကရာဇ်ပန်းတို့ကလည်း ဖြူဖွေးစွာလှပခဲ့ကြပါသည်။

မည်မျှကြာအောင် အတွေးနယ်ချဲ့မိလိုက်သည်မသိ။

"ဆရာကြီး. . ဆရာကြီး"

နောက်မှ အော်ဟစ်ခေါ်နေသော စေပိုင်မင်း၏ ခေါ်သံကြားမှ ကျွန်တော် အတွေးစပျက်သွားခဲ့သည်။

"သြော် အေး. . စေပိုင်မင်း ပြောလေ"

"ဟို. . ကျွန်တော် ပန်းပစ်ခြွေလို့ရမလား ဆရာကြီး"

လက်ထဲမှာ အုတ်ခဲသေးသေးလေး ကိုင်ထားသော စေပိုင်မင်းကို ကျွန်တော်မည်သို့ အဖြေပြန်ပေးလိုက်ရမည်နည်း။ ခွင့်ပြုလိုက်ရမည်လား။ တားဆီးလိုက်ရမည်လား။ မည်သို့ပင်ဆိုစေ ဤကျောင်းတော်မြေမှာတော့ ဧကရာဇ်ပန်းတေ ပွင့်လန်း၍ နေဦးမည်သာ။ ။

-----------------------

## ပစ်တိုင်းထောင်

ပစ်တိုင်းထောင်လေး ချစ်စရာ
ပြုံးပြုံးလေးမို့ပါ။
ကြည်လင်မျက်နှာ ရွှင်ရွှင်ပြ
ပါးကွက်လေးနဲ့လှ။
ပစ်ချလဲ့ချ မမှုကွယ်
စိတ်ဓာတ်ခိုင်မာတယ်။
နိုင်မခံဟယ် ရှုံးမပေး
အာဂသတ္တိလေး။
လဲမကျနဲ့ တို့လူငယ်
လဲတော့ပြန်ထကွယ်။
ပစ်တိုင်းထောင်(နယ်) တုယူကြ
တို့တွေပြန်ကာထ။
စိတ်ထားလေးလည်း လှပါစေ
သူ့လိုပြုံးကာနေ။
ရန်သူမိတ်ဆွေ ဘယ်မခွဲ
သည်းခံလို့ယှဉ်တွဲ။
အများအကျိုး ဒို့ကူညီ
စည်းလုံးခြင်းဝေစည်။
အောင်မြင်မှုဆီ ချီတက်စို့
အားလုံးသာယာဖို့။

**အလင်းသစ်(ရွှေဆည်မြေ)**

ဆောင်းပါး

# လမ်းမထက်က ကျောက်ရိုင်းတုံးလေးများ

## ပုညခေတ်(မန္တလေး)

ကျွန်တော်သည် မန္တလေးမြို့ပြင်ကနေ မြို့တွင်းသို့ လုပ်ငန်းကိစ္စဖြင့် နေ့စဉ်သွားပြန်နေရသူ ဖြစ်သည်။ ကျွန်တော်သည် အလုပ်ကိုဆိုင်ကယ်ဖြင့်သွားရာ ရွှေကျင်တိုးဂိတ်ကို ဖြတ်၍သွားရသည်။ ဆိုင်ကယ်နှင့်ဖြစ်သည့်အတွက် ကားများပမာလမ်းကြေးမကောက်၍ တော်သေးသည်။ သို့မဟုတ်ပါဘဲ လမ်းကြေးပေးရမည်ဆိုလျှင် ပေးရသော ငွေများနှင့်ပင်လုပ်အားခ တော်တော်များများ ကုန်သွားလိမ့်မည်။ ရွှေကျင်တိုးဂိတ်သည် မန္တလေးမြို့ဝင်ဂိတ်ဖြစ်သည့်အလျောက် မြို့ပြင်တွင်နေထိုင်ကျသော မန္တလေးမြို့ကြီးကို မှီခိုရှင်သန်ရသော ကျွန်တော်တို့လို လူအများဝင်ထွက်သွားလာနေသော နေရာတစ်ခုလည်း ဖြစ်သည်။ အလုပ်သွား အလုပ်ပြန်အချိန်များတွင် ထိုနေရာများသည် အလွန်စည်ကားပြီး ပွဲတော်ကြီးသဖွယ် ပြည့်ကျပ်နေတတ်သည်။ တိုးဂိတ်ဖြစ်သည့်အလျောက် လမ်းများကို ကားကြီး၊ ကားသေး၊ ဆိုင်ကယ်၊ စက်ဘီးလမ်းများဟူ၍ သီးခြားသတ်မှတ်ပေးထားသော်လည်း ထိုအချိန်တွင် သူ့ထက်ငါ အလုအယက်ကြဲသည့် လမ်းဘက်မှ တိုးထွက်သွားလာရသည်။ လုပ်ငန်းပြန်ချိန်များတွင်လည်း ထိုနည်းနှင်နှင်ပင်။

တစ်နေ့တွင် လုပ်ငန်းကိစ္စစော၍ ပြီးစီးသောကြောင့် အိမ်ကို စောစီးစွာပြန်လာခဲ့ပါသည်။ သို့ရာတွင် ရွှေကျင်တိုးဂိတ်နားအရောက်တွင်မူ ဆိုင်ကယ်ဘီးပေါက်သဖြင့် အနီးအနားတွင်ရှိသော ဆိုင်ကယ်ပြင်ဆိုင်တွင် ဘီးဖာနေလိုက်သည်။ ဘီးဖာနေစဉ် ဘေးဘီဝဲယာကို ကြည့်မိအခါ အခြားတစ်ဖက်တွင် ဒီဇယ်၊ ဓာတ်ဆီ၊ အင်ဂျင်ဝိုင်ဆိုင်များနှင့် တိုးဂိတ်မြင်ကွင်းကိုပါ ရှင်းရှင်းလင်းလင်းလှမ်း၍ မြင်နေရသည်။ ထိုမြင်ကွင်းများကြားတွင် အစကသတိမပြုလိုက်သော်လည်း ပရိတ်တရားရွတ်ဖတ်သံများ ကြားရသောအခါ နာရေးကားတန်းရှည်ကြီး တိုးဂိတ်မှဖြတ်လာသည်ကို အာရုံစိုက်ကာ ကြည့်နေမိသည်။ ကြည့်ရှုရင်းဖြင့်ငါလည်းတစ်နေ့ဒီလိုသေရမှာပါလားဆိုပြီး သတိသံဝေဂရမိသည်။

ထိုစဉ် နာရေးပို့သော ကားများနောက်တွင် ပြေး၍ လိုက်လာသော ကလေး လေးယောက်လောက်ကို မြင်မိသောအခါ အလွန်အံ့ဩနေမိသည်။ ကားပေါ်မှ နာရေးပို့လိုက်ပါလာသူအချို့ကလည်း ရေသန့်ဘူး၊ ဆပ်ပြာမှုန့်၊ စနိုးတာဝါနှင့် အကြွေပိုက်ဆံလေးတွေ ပေးကမ်းနေသေးသည်။ ထိုမြင်ကွင်းကို အစမှအဆုံး ငေးကြည့်နေမိသော ကျွန်တော်သည် မြန်မာလူမျိုးတို့၏ ပေးကမ်းစွန့်ကြဲမှု သဒ္ဓါတရားကို လေးစားဂုဏ်ယူဖွယ် တွေ့မြင်လိုက်ရပါသည်။ တစ်ဖက်တွင်လည်း ဆင်းရဲနွမ်းပါးသောကလေးများဘဝကို ကြင်နာသနားမိလေသည်။ ထိုကလေးများဘဝသည် အဘယ်နည်း။ အဘယ်ကြောင့် တောင်းရမ်းနေကြပါသနည်း။ သို့သော်လည်း ကလေးများက ဤသို့တောင်းရမ်းရသည်ကို ပျော်ရွှင်နေပုံရသည်။

ဆီချေးများ ဟိုတစ်ကွက် ဒီတစ်ကွက်နှင့် ခြေသလုံးထိနေသော အကျီကို ဝတ်ဆင်ထားသောကောင်လေးနှင့် အနက်ရောင်အကျီ၊ ဘောင်းဘီတို ဝတ်ဆင်ထားသော ဖုန်မှုန့်များ တစ်ကိုယ်လုံးပေကျံနေသော ကလေးတစ်သိုက်ကို ကြည့်နေမိသည်။ ကလေးများသည် ဖုန်မှုန့်များကြောင့် ညှဉ်းသိုးသိုး မှုန်ကုပ်ကုပ် ဖြစ်နေသော်လည်း အလွန်နှစ်လိုဖွယ် အပြစ်ကင်းစင်သူများဖြစ်ကြောင်းကို သူတို့၏ မျက်နှာမှ ရိုးသားဖြူစင်မှုများကို အတိုင်းသားမြင်နေရသည်။ ထိုကလေးတွေဟာ ဘာကြောင့်ဤကဲ့သို့ ပြုမူနေသည်ကို အလွန်ပဲသိလိုစိတ်ပြင်းပြနေမိသည်။

ထို့ကြောင့် ဆိုင်ကယ်ပြင်နေသောအစ်ကိုကြီးကို ကလေးတွေအကြောင်း မေးမြန်းကြည့်ရာ ထိုကလေးများသည် ကားများနောက်မှလိုက်၍ နေ့တိုင်းလိုလို တောင်းရမ်းနေခြင်းဖြစ်ကြောင်းကို သိရလေသည်။ ထို့နောက်တွင် ရရှိသောပိုက်ဆံနှင့် ပစ္စည်းများကို မိဘများကိုပေး၍ အချို့ကို မုန့်ဝယ်စားကြသည်ဟုဆိုသည်။ ကျွန်တော့်ရှေ့တွင် ဝယ်စားနေသည်ကိုပင် မြင်တွေ့လိုက်သည့်အခါ အစ်ကိုကြီးပြောစကား မှန်ကန်ကြောင်းကို ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် မုန့်ဝယ်နေသောကလေးငယ်တွေကို ကြည့်ကာ ကြင်နာသနားမိသဖြင့် ကလေးများဝယ်နေသော မုန့်ဆိုင်သို့သွားကာ သူတို့လေးတွေကို နောက်ထပ် ငွေကျပ် ၂၀၀ ဖိုးစီ ဝယ်ပေးလိုက်သည်။ ထိုအခါ ကလေးများမှာ ကျွန်တော့်ကို ထူးဆန်းစွာကြည့်နေသည်။ နောက်မှ "ကျေးဇူးပဲ အစ်ကိုကြီး" ဟုဆိုကာ မုန့်များကိုကိုင်၍ အရိပ်ကောင်းသော သစ်ရိပ်ဆီသို့ပြေးသွားကာ မုန့်များကို ထိုင်ကာ အားရပါးရစားနေကြသည်။

ထို့နောက် သူတို့လေးတွေမှာ မိဘတွေမရှိကြတော့ဘူးလား မေးမြန်းရာ အစ်ကိုကြီးက လက်ညှိုးညွှန်ပြရင်း "ဟော ဟိုမှာသူတို့မိဘတွေလေ"ဟု ပြောသဖြင့် ကြည့်လိုက်သောအခါ အသက်(၃၀)ဝန်းကျင်ရှိ အမျိုးသမီးနှစ်ယောက် ဆေးလိပ်လိပ်နေကြသည်ကို မြင်လိုက်သည်။ တစ်ဆက်တည်း "ဟော ဟိုးနောက်က သူတို့အိမ်ပဲ" ဟု ပြောလေသည်။ ဟုတ်ပါလိမ့်မည် ခနိမိုး၊ ထရံကျိုးတိုး ကျဲတဲသာကာထားသော မြေစိုက်တဲသာသာဖြစ်သော အိမ်ဟု အမည်ခံထားသော အိမ်ကလေးတစ်လုံးဖြစ်နေသည်ကို တွေ့ရလေသည်။ ထိုအခါ ကလေးတို့၏ရှေ့ရေးကိုပို၍ ရင်လေးနေမိသည်။ ကလေးတို့၏မိဘများ အနေဖြင့်လည်း ဤသို့တောင်းရမ်းနေသည်ကို ကျေနပ်နှစ်မြို့မည်မဟုတ်ဟု ထင်မြင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ဆေးလိပ်လိပ်နေရင်း ကလေးတွေရှိရာကို အဝေးကနေ လှမ်း၍ခဏခဏကြည့်နေသောကြောင့် ဖြစ်သည်။ သို့ပါသော်လည်း တစ်စုံတစ်ခုသော စီးပွားရေးအခြေအနေကြောင့် ဤသို့ပြုမူနေသည်ကို မတားဆီးခြင်းဖြစ်လိမ့်မည်ဟု ယူဆမိပါသည်။

ကျွန်တော်သည် အိမ်ပြန်ရောက်သည့်အချိန်ထိ ကလေးငယ်များ၏ ရှေ့ရေးကို စဉ်းစားနေမိသည်။ ယခုအချိန်သည် ကျောင်းဖွင့်ချိန်ဖြစ်နေပေသည်။ သို့ရာတွင် ကလေးများသည် လမ်းမပေါ်တွင်ပဲ ရှိနေသေးသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ကလေးများကျောင်းမတက်သူများ ဖြစ်လိမ့်မည်။ ဘာကြောင့် ကျောင်းမတက်တာလဲ မေးရန်လိုတော့မည် မဟုတ်ပေ။ မိဘများမှာ မပြည့်စုံသူများမို့ ကျောင်းနေရန်အခက်အခဲများစွာ ရှိနေနိုင်ပါသည်။ ထို့ပြင် သူတို့နေထိုင်ရသောဘဝနှင့် သူတို့ရှင်သန်ရာဘဝတွင် ရောင့်ရဲတင်းတိမ်စွာ ပျော်မွေ့နေသောကြောင့်လည်း ဖြစ်နိုင်သည်။ ကျွန်တော်တို့ အားလုံး ဒီကလေးတွေကို ဘယ်လိုပြုပြင်ဖေးမကူညီမလဲ စဉ်းစားဖို့တော့လိုနေပြီ။ အဘယ်ကြောင့်ဆိုသော် ကလေးတွေဆိုတာအနာဂတ်ရဲ့ မျိုးဆက်သစ် လူငယ်တွေမဟုတ်ပါလား။

ယခုလို စာမသင်ရပါဘဲ ချို့ချို့တဲ့တဲ့နှင့် ပင်ပန်းဆင်းရဲစွာ ဖြတ်သန်းနေမယ်ဆိုရင် ကျွန်တော်တို့ အားလုံး၏ အနာဂတ်ဟာ ချို့တဲ့နေမှာ အသေအချာပဲဖြစ်ပါသည်။ ငယ်စဉ်အချိန်မှာ စနစ်တကျပြုစုပျိုးထောင်ပေးပါမှ နောင်အချိန် ကြီးရင့်လာသောအခါ တိုင်းပြည်နှင့်အနာဂတ်အတွက် မှီခိုအားထားရာ အရိပ်ဖြစ်လာပါလိမ့်မည်။ သို့ကြောင့် အနာဂတ်တွေလှပရေးအတွက် လမ်းမပေါ်က ကလေးတွေကို ဂရုတစိုက်စောင့်ကြည့်ကာ လက်ရှိထက် လူနေမှုအဆင့်အတန်း မြင့်မားသောနေရာတွင် ကောင်းမွန်စွာသင်ယူနိုင်အောင် ဝိုင်းဝန်းဖေးမဖို့ လိုအပ်ပါသည်။ ကလေးများသည် တိုင်းပြည်၏ အနာဂတ်ဖြစ်သလို တိုင်းပြည်၏ မျိုးဆက်သစ်လည်း ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းပြည်၏မျိုးဆက်သစ်ကလေးများဘဝ လှပပါမှ နောင်အခါ ကျွန်တော်တို့တိုင်းပြည်၏ အနာဂတ်သာယာလှပလာလိမ့်မည်။ တိုင်းပြည်၏အနာဂတ်တွေ လှပလာစေဖို့ လမ်းမပေါ်က ကလေးတွေကို ဝိုင်းဝန်းကူညီ ဖေးမကြပါစို့ဟု နှိုးဆော်လိုက်ရပါသည်။ ။

ဆောင်းပါး

# လူငယ်နှင့် စာဖတ်ခြင်း

## လင်းခေတ်ဇော်

ယနေ့ခေတ် လူငယ်တွေ စာမဖတ်ကြဘူး။ လက်ကိုင်ဖုန်းတွေနဲ့ပဲ အချိန်ကုန်နေကြတယ်။ လူငယ်တွေ စာဖတ်ဖို့လိုတယ်ဆိုတဲ့ အပြောအဆို အရေးအသားတွေ မကြာခဏ မြင်နေ၊ ကြားနေရပါတယ်။ အဲဒီလို ပြောဆိုရေးသားနေသူအများစုက လူကြီးတွေပဲဖြစ်ကြပါတယ်။ နောက်ပြီးတော့ ဒီစကားကို လူငယ်တွေစာဖတ်စေချင်တဲ့ စေတနာထက် နှိမ့်ချချင်တာက ပိုများတယ်လို့ ကျွန်တော်ထင်မိပါတယ်။ (လူငယ်တွေကို တကယ်စာဖတ်စေချင်၊ သိစေတတ်စေချင်သူတွေလည်း ရှိမှာပါ။)

ဒီနေ့ခေတ်မှာ လက်ကိုင်ဖုန်းတွေက လူငယ်တွေနဲ့ အနီးစပ်ဆုံးမှာရှိနေပါတယ်။ ဖုန်းတွေနဲ့အတူ facebook, youtube, viber အစရှိတဲ့ လူမှုကွန်ရက်တွေ၊ Coc လို အွန်လိုင်းဂိမ်းတွေဟာ လူငယ်တွေရဲ့အချိန်တော်တော်များများကို ညှို့ယူသိမ်းပိုက်ထားပါတယ်။

ဒါတင်မက အရက်၊ ဘီယာ၊ ဆေးပြား အစရှိတဲ့ မူးယစ်ဆေးဝါးတွေကလည်း လူငယ်တွေနဲ့လက်တစ်ကမ်းမှာ လွယ်လင့်တကူ ရရှိနေနိုင်ပါတယ်။ စီးကရက်တံဆိပ်မျိုးစုံကိုလည်း လူငယ်တွေစိတ်ဝင်စားအောင် စကတ်တို၊ ရင်ဟိုက် နှုတ်ခမ်းနီလေးများက လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်ထဲမှ လူငယ်တွေလက်ထဲအရောက် ဝန်ဆောင်မှုတွေ ရှိနေပါတယ်။

ဆိုတော့ ဒီနေ့လူငယ်တွေဟာ သူတို့ရဲ့ ကိုယ်ကျင့်တရားနဲ့ အနာဂတ်ကို အချိန်မရွေးရိုက်ချိုးဖျက်ဆီးခံရနိုင်တဲ့ ထောင်ချောက်တွေထဲမှာ လျှောက်လှမ်းနေကြရတာပဲဖြစ်ပါတယ်။ အဲဒီထောင်ချောက်တွေက လွတ်မြောက်ကျော်လွှားနိုင်ဖို့ဆိုလျှင် ကိုယ်ပိုင်တွေးခေါ် ချင့်ချိန်နိုင်တဲ့ အသိဉာဏ်ပညာ ရှိရပါမယ်။ ဒါကြောင့် ကျွန်တော်တို့ လူငယ်တွေ စာများများဖတ်ဖို့လိုအပ်တာကတော့ အသေအချာပဲ ဖြစ်ပါတယ်။

လူငယ်တွေစာဖတ်ဖို့ ပါးစပ်ကတိုက်တွန်းနေရုံနဲ့ မပြီးပါဘူး။ လူငယ်တွေ စာတကယ်ဖတ်ဖို့အခြေအနေ သုံးခုလိုအပ်ပါတယ်။ အဲဒါကတော့ (၁) စာဖတ်ဖို့နေရာရှိရပါမယ်။ (၂) ဖတ်စရာစာအုပ်တွေရှိရမယ်။ (၃) လူငယ်တွေ စာဖတ်ချင်စိတ် ရှိရပါမယ်။

စာဖတ်ဖို့နေရာဆိုတာ စာကြည့်တိုက်တို့၊ စာဖတ်အသင်းတို့လို နေရာမျိုးကို ဆိုလိုပါတယ်။

စာကြည့်တိုက်အဆောက်အအုံတွေ ရှိလာရုံနဲ့မပြီးသေးပါဘူး။ စာကြည့်တိုက်တစ်တိုက်မှာ သုတ၊ ရသ၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ နိုင်ငံရေး၊ အတ္ထုပ္ပတ္တိ၊ ရာဇဝင်သမိုင်း စုံလင်စွာရှိရပါမယ်။ ကျွန်တော်တွေ့ဖူးတဲ့ စာကြည့်တိုက်တော်တော်များများမှာ သတင်းစာဂျာနယ်အဟောင်း၊ မဂ္ဂဇင်းအဟောင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်းစာအုပ်တွေနဲ့ အောင်မြင်ရေးတက်ကျမ်းတချို့ပဲ တွေ့ရလေ့ရှိပါတယ်။ ကျွန်တော့်အထင်ကိုပြောရလျှင် စာဖတ်စလူငယ်တစ်ယောက်အတွက် ရသနဲ့သုတစာပေက အသင့်တော်ဆုံးလို့ ထင်ပါတယ်။ ရသစာပေကနေ ခံစားချက်အတွေးသစ်တွေ ရရှိစေနိုင်ပြီး သုတစာပေက ဗဟုသုတအမြင်သစ်တွေ ရရှိလာနိုင်ပါတယ်။ အတ္ထုပ္ပတ္တိစာပေနဲ့ ပတ်သက်လို့ ပြောချင်တာ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အတ္ထုပ္ပတ္တိစာပေ အားနည်းပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်ကိုယ်တော်မှိုင်း၊ ဦးသန့် အစရှိတဲ့ပုဂ္ဂိုလ်တွေရဲ့ နိုင်ငံတော်အဆင့်အတ္ထုပ္ပတ္တိတွေ စာကြည့်တိုက်တိုင်း ရှိသင့်ပါတယ်။ လက်ရှိမှာတော့ ဖတ်ကောင်းရုံအချက်အလက်လေးတွေကို ကောက်နုတ်ပြီးရေးထားတဲ့ တစ်အုပ်ငါးရာတန် အတ္ထုပ္ပတ္တိတွေနဲ့ပဲ ကျေနပ်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံက နားလည်တတ်ကျွမ်းတဲ့ စာပေသမိုင်းပညာရှင်တွေ စုပေါင်းပြီး နိုင်ငံ့ခေါင်းဆောင်၊ ပုဂ္ဂိုလ်တွေရဲ့ အတ္ထုပ္ပတ္တိတွေကို နိုင်ငံတော်အဆင့် ပြုစုရေးသားစေချင်ပါတယ်။

အဲဒီလို အဘက်ဘက်ကပြည့်စုံတဲ့ စာကြည့်တိုက်တွေ ရှိလာပြီဆိုလျှင် နောက်တစ်ဆင့်ကို ဆက်သွားရပါမယ်။ အဲဒါကတော့ လူငယ်တွေစာဖတ်ချင်စိတ်ရှိလာဖို့ပဲ ဖြစ်ပါတယ်။ လူငယ်တွေ စာဖတ်ချင်စိတ်ရှိလာအောင် ကျွန်တော်တို့ ဘယ်လိုစည်းရုံးရမလဲ။ ဒီနေ့လူငယ်တစ်ယောက်ကို စာအုပ်တစ်အုပ်နဲ့ ဖုန်းတစ်လုံးယှဉ်ပြီး ရွေးချယ်ခိုင်းလျှင် ဖုန်းကိုရွေးချယ်သွားဖို့က ရာခိုင်နှုန်း ပိုများနေပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုလျှင် စာဖတ်ခြင်းရဲ့အကျိုးကျေးဇူးကို သေချာမသိကြလို့ပါပဲ။ ဒါကြောင့် ပထမဦးဆုံး စာဖတ်ခြင်းရဲ့အကျိုးကို လူငယ်တွေသိရှိလာအောင် ပြောဆိုစည်းရုံးရပါမယ်။ နောက်တစ်ခုက လူငယ်တွေကို ဘယ်လိုစာအုပ်မျိုးတွေဖတ်ပါလို့ ညွှန်ပြတာထက် သူဖတ်ချင်တာကို လွတ်လွတ်လပ်လပ်ဖတ်စေပြီး သူ့အသိဉာဏ်နဲ့ရွေးချယ်သွားတာမျိုးပဲ ဖြစ်သင့်ပါတယ်။ ဥပမာ စာစဖတ်မယ့် လူငယ်တစ်ဦးကို မိတ္တဗလဋီကာလို၊ လေရူးသုန်သုန်လို စာအုပ်မျိုးတွေဖတ်ခိုင်းရင် သူဖတ်နိုင်မှာ မဟုတ်ပါဘူး။ မဖတ်နိုင်တဲ့အပြင် နောင်ကိုစာဖတ်ချင်စိတ် မရှိတော့တဲ့အထိ စာကိုကြောက်သွားနိုင်ပါတယ်။ ဒါကြောင့် ပေါ့ပေါ့ပါးပါးနဲ့ နားလည်လွယ်နိုင်မယ့် စာအုပ်မျိုးတွေနဲ့ စတင်ထိတွေ့ ပေးသင့်ပါတယ်။

နောက်ပြီးတော့ လူငယ်တွေကို စာအုပ်တွေထဲကရတဲ့ အသိပညာတွေကို ထုတ်ပြဆွေးနွေးခွင့်ပေးပါ။ အဲဒီလို စာအုပ်ထဲက အသိပညာတွေကို သူတို့ခံစားနားလည်ထားသလို ထုတ်ဖော်ဆွေးနွေးခွင့် ပြုခြင်းအားဖြင့်လည်း သူတို့ရဲ့ စာဖတ်ချင်စိတ်ကိုမြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ စာအုပ်တွေဖတ်လာတာနဲ့အမျှ အသိပညာဗဟုသုတ ကြွယ်ဝလာပြီး မိမိကိုယ်ပိုင်ဦးနှောက်နဲ့ စဉ်းစားချင့်ချိန်တတ်လာပါလိမ့်မယ်။ နယ်လ်ဆင်မင်ဒဲလား၊ မာတင်လူသာကင်း၊ ဒေါက်တာရီဇော် အစရှိသူတို့ရဲ့ အတ္ထုပ္ပတ္တိတွေ ဖတ်ရှုပြီး အားကျအတုယူချင်စိတ်တွေ ပေါ်လာနိုင်ပါတယ်။ လူငယ်တိုင်းဟာ နိုင်ငံ့ခေါင်းဆောင်တွေ ဖြစ်မလာနိုင်ပေမယ့် နိုင်ငံ့ခေါင်းဆောင်ဟာ လူငယ်တွေထဲကပဲ ဖြစ်လာမှာပါ။

လူငယ်ဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့အနာဂတ်ပါ။ ကျွန်တော်တို့ နိုင်ငံရဲ့အနာဂတ်ကို အသိပညာပြည့်ဝတဲ့ လူငယ်တွေနဲ့ တည်ဆောက်ကြမယ်ဆိုလျှင် ကမ္ဘာ့အလယ်မှာ နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်လိမ့်မယ်ဆိုတာ အသေအချာပါပဲ။ ဒါကြောင့် လူငယ်တွေစာဖတ်ကြပါလို့ တိုက်တွန်း နှိုးဆော်လိုက်သလို လူကြီးတွေကလည်း လူငယ်တွေ စာဖတ်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးကြပါလို့ တောင်းဆိုချင်ပါတယ်။

# လောကစက်ဝန်း

○ စွန့်ဝံ့သူစံ ခံသူကအရှုံး
စည်းစိမ်ရွှေငွေနဲ့
သီလတွေလဲလှယ်သုံးတယ်
ပြုံးနိုင်တန်းပြုံး။

○ ရောင်ပြန်ဟပ်က
မှန်လိုပဲကျင့်သုံး
ကိုယ့်စိတ်ပြေစေဖို့
လက်စားချေမှုမဆုံးတယ်
မှန်းသူကမှန်း။

○ လူ့ဝဋဏာလာ
မာန်မဉ္ဇာရောတစ်ကြော
လောဘလိုက်ပါ။

○ ကိုယ့်ထိတော့အလွန်နာ
ကိုယ်သာတော့ရှင်ပြုံး
နာတဲ့သူတစ်ခါမဲ့လို့
သာတဲ့သူခါတစ်လှည့်နဲ့
ရွဲ့လိုမဆုံး။

မောင်စိုးဝေ(မြို့သာ)

